# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့။ Monday, 16 March 2020 ၉၉၅၆


**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာ ပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

# COVID–19 အလွန် ခရီးသွားလုပ်ငန်း တိုးတက်ရေး အစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁၅**

COVID–19 အလွန် ခရီးသွားလုပ်ငန်းတိုးတက်ရေးအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က COVID–19 ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic)အဖြစ် မတ် ၁၁ ရက်တွင် ကြေညာခဲ့၍ ခရီးသွားလုပ်ငန်း ကျဆင်းခဲ့ရပါကြောင်း၊ နိုင်ငံတကာလေကြောင်းလိုင်းအချို့ ယာယီရပ်ဆိုင်းခြင်းနှင့် နယ်စပ်ဝင်/ထွက်ပေါက်များ ယာယီပိတ်ထားပြီး ပြန်လည်တည်ငြိမ်မည့်ကာလကို စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## COVID-19 ကာကွယ်ရေးအစီအမံများ

# ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီး၌ ဆောင်ရွက်

**ရန်ကုန် မတ် ၁၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီး၌ ရန်ကုန်အနောက်ပိုင်းခရိုင် ဈေးများဌာန၊ ဈေးသာယာရေးအဖွဲ့နှင့် စံပြလူမှုကူညီရေးပရဟိတလူငယ်အသင်း(ရန်ကုန်)နှင့် ဈေးသူဈေးသားများပူးပေါင်းကာ မတ် ၁၅ ရက် နံနက်ပိုင်းက COVID–19 ကာကွယ်ရေးအစီအမံများကို စတင်ဆောင်ရွက်ကြသည်။

"ဒီဈေးကြီးဟာ တစ်နိုင်ငံလုံးကို ငါးပုစွန်တွေ အဓိကဖြန့်ဖြူးပေးနေတဲ့ဈေးကြီးဖြစ်ပါတယ်။ ဒါကြောင့်လည်း လက်ရှိ ကမ္ဘာမှာဖြစ်ပွားနေတဲ့ ကပ်ရောဂါဖြစ်တဲ့ COVID–19 ဆိုတဲ့ ရောဂါမဖြစ်ပွားရလေအောင် ဒီကနေ့ ကာကွယ်ရေးအစီအမံတွေကို စတင်ဆောင်ရွက်ခြင်းဖြစ်ပါတယ်"ဟု စာမျက်နှာ ၃ ကော်လံ ၅ သို့ ○




ကြေးမုံ ယနေ့ဖတ်စရာ

COVID-19 ရောဂါနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက် (၄-၁-၂၀၂၀ ရက်နေ့မှ ၁၅-၃-၂၀၂၀ ရက်နေ့ထိ) စာမျက်နှာ – ၇

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် ညှိနှိုင်းအစည်းအဝေး ကျင်းပ စာမျက်နှာ – ၈

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း စာမျက်နှာ – ၉

တာလေမြို့၌ မီးခိုးမြူငွေ့လျော့နည်းကျဆင်းရေး ရေမှုန်ရေမွှားများ ပက်ဖျန်း စာမျက်နှာ – ၁၉


## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မတ် ၁၅

| | | |
|---|---|---|
| ချောက် | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ဘောလခဲ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ညောင်ဦး | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မကွေး | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မြင်းခြံ | ၄၁ | ဒီဂရီစင်တီဂရိတ် |
| တပ်ကုန်း | ၄၁ | ဒီဂရီစင်တီဂရိတ် |
| အမ်း | ၄၁ | ဒီဂရီစင်တီဂရိတ် |

# COVID-19 ဂယက်ကြောင့် ပြည်သူများ ဆန်စပါးအတွက် အခက်အခဲရှိလာပါက မန္တလေးတိုင်းဒေသကြီး ဆန်ကုန်သည်များအသင်းက သာမန်ပေါက်ဈေးဖြင့် ဝယ်ယူနိုင်ရန် စီစဉ်ပေးမည်

**မန္တလေး မတ် ၁၅**

ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် လတ်တလောဖြစ်ပွားနေသည့် COVID–19 ဂယက်ကြောင့် ပြည်သူများ စိုးရိမ်ပူပန်စွာ ဆန်များ လိုက်လံဝယ်ယူစုဆောင်းမှုများရှိနေသဖြင့် ဆန်စပါးအတွက် အခက်အခဲများ ဖြစ်ပေါ်လာပါက မန္တလေးတိုင်းဒေသကြီး ဆန်စပါးကုန်သည်များအသင်းမှ သာမန်ပေါက်ဈေးဖြင့် လိုသလောက်ရောင်းချပေးရန် စီစဉ်ထားရှိကြောင်း အဆိုပါအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးစိုင်းကျော်က ပြောသည်။

လက်ရှိတွင် ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသည့် ဆန်စပါးပမာဏသည် စားသုံးမှုထက် ပိုမိုထွက်ရှိနေသဖြင့် ဆန်ပြတ်လပ်မှုမရှိနိုင်ခြင်းကြောင့် ပြည်သူများ အနေဖြင့် စိုးရိမ်ပူပန်ရန်မလိုကြောင်း သိရသည်။

"ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာလိုက်တဲ့ COVID–19 ဂယက်ကြောင့် ပြည်သူတွေက စိုးရိမ်ကြောင့်ကြပြီး ဆန်အပါအဝင် အခြားလူသုံးကုန်ပစ္စည်းတွေကို ဒီရက်ပိုင်းမှာ လိုက်ပြီးဝယ်ယူစုဆောင်းနေတာတွေ ရှိလာတယ်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖




# ကြေးမုံ

## အသိတရားဖြင့် သတိပြုလိုက်နာပါဝင်

ကမ္ဘာတွင်ဖြစ်ပေါ်နေသော COVID-19 ကပ်ရောဂါဆိုးကြောင့် နိုင်ငံအများအပြား ရောဂါကူးစက်ခံနေရပြီး အရေးပေါ်အခြေအနေသတ်မှတ်ကာ ခုခံကာကွယ်တားဆီးနေကြသည်။ နိုင်ငံပေါင်း ၁၃၆ နိုင်ငံ ကူးစက်ခံရပြီး နိုင်ငံပေါင်း ၅၈ ခန့် မကူးစက်သေးခြင်းမှာ ထိုရောဂါနှင့်ပတ်သက်၍ ကောင်းမွန်သောအနေအထားတစ်ရပ် ရှိနေသေးသောကြောင့်ဟု ဆိုနိုင်သည်။

ရောဂါမကူးစက်သေးခြင်းမှာ ရောဂါကူးစက်ခံရသူဖြစ်စေ၊ တစ်စုံတစ်ရာဖြစ်စေ နိုင်ငံအတွင်းသို့ ရောက်မလာသေးခြင်း သို့မဟုတ် ရောက်ရှိနိုင်ရန် အနေအထားမရှိသေးခြင်း။ အကယ်၍ ရောက်ရှိလျှင်လည်း ဟန့်တားနိုင်စွမ်း သို့မဟုတ် ခံနိုင်စွမ်းရှိမှု၊ မရှိမှု အနေအထားတစ်ခုခုကြောင့် ဖြစ်ကောင်းဖြစ်နိုင်မည်ဟု ထင်မြင်ယူဆရသည်။ မည်သို့ပင်ဖြစ်စေ တရုတ်နိုင်ငံတွင် ရောဂါစတင်ဖြစ်ပွားသည့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှ ကမ္ဘာတစ်ဝန်းသို့ ပျံ့နှံ့သည့် ၂၀၂၀ ပြည့်နှစ် မတ်လ ယခုအချိန်အထိ သုံးလနီးပါးကြာသည့်တိုင်အောင် ကျွန်ုပ်တို့နိုင်ငံသို့ ရောဂါကူးစက်ခြင်းမရှိသေးသည်မှာ ကံကောင်းခြင်းဟု ဆိုချင်ဆိုရမည် ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က မတ်လ ၁၁ ရက်နေ့ ညပိုင်းတွင် ထိုရောဂါကို ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအဖြစ် ကြေညာခဲ့ပြီးနောက် မတ်လ ၁၂ ရက်နေ့တွင် နိုင်ငံတော်အစိုးရက အရေးပေါ်အစည်းအဝေးပြုလုပ်ပြီး မတ်လ ၁၃ ရက်နေ့တွင် COVID-19 ကပ်ရောဂါနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရပိုင်းက ဆောင်ရွက်စရာရှိသည့်ကိစ္စအားလုံးကို အလေးထားဆောင်ရွက်နေကြောင်း၊ ပြည်သူများ သတိပြုရမည့်အချက်များ စသည်တို့ကို နိုင်ငံတော်သမ္မတရုံးက ပြည်သူများသို့ ပန်ကြားချက်ထုတ်ပြန်ခဲ့သည်။ ပြည်သူများ သတိပြုရမည့်အချက်များ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း အသိပေးထုတ်ပြန်ခဲ့ပြီး ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာရိုက်ခတ်မှုများကို တွန်းလှန်ဖယ်ရှား၊ လျော့ပါးရေးတို့အတွက် လှုပ်ရှားဆောင်ရွက်နေသည်။

ပြည်သူလူထုအနေဖြင့် နိုင်ငံတော်အစိုးရက တိုက်တွန်းထားသောအချက်များ၊ ဆောင်ရွက်ရန်အချက်များနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အသိပေးထုတ်ပြန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တစ်ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် တပ်လှန့်နှိုးဆော်အသိပေးလိုက်ချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ရောဂါဖြစ်ပွားခြင်း မရှိသေးသော်လည်း အများပြည်သူအကျိုးစီးပွားကို ကြိုတင်ကာကွယ်သောအားဖြင့် ဆောင်ရွက်ဖွယ်ရာရှိသည်တို့ကို လက်ဦးမှုရယူ၍ စတင်ဆောင်ရွက်နေခြင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်နေချိန်တွင် ပြည်သူများအနေဖြင့် အစိုးရိမ်လွန်ကဲပြီး ကုန်ပစ္စည်းများ ဝယ်ယူစုဆောင်းမှုများ မပြုလုပ်သင့်ပေ။ ထိုသို့ ဖြစ်ပွားမှုအပေါ် အခွင့်ကောင်းယူပြီး ကောလာဟလသတင်းများ ထုတ်လွှင့်ခြင်း၊ စီးပွားရေးမတည်ငြိမ်အောင် ပြုလုပ်ခြင်းများရှိလာပါက ပြည်သူများပင် ထိခိုက်နစ်နာမှုဖြစ်စေနိုင်ပါသည်။ ယခုအရေးကိစ္စသည် ကမ္ဘာလုံးဆိုင်ရာကိစ္စရပ်ဖြစ်နေ၍ ယင်းအပေါ်အသုံးချပြီး အကျိုးအမြတ်ထုတ်ခြင်း မပြုလုပ်ကြရန် လိုအပ်ပါသည်။

နိုင်ငံပေါင်းတစ်ရာကျော် ကူးစက်ပျံ့နှံ့နေသော်လည်း မြန်မာပြည်သူပြည်သားများအနေဖြင့် သုံးလခန့်အချိန်အထိ ဣန္ဒြေမပျက်၊ အလုပ်အကိုင်မပျက်နေနိုင်သည်မှာ မြန်မာနိုင်ငံ၏ ရေမြေသဘာဝ၊ မြန်မာပြည်သူပြည်သားများ၏ နေထိုင်စားသောက်မှု လူမှုဘဝထုံးတမ်းစဉ်လာဖြစ်မှုများအရ အခြေအနေကောင်းတစ်ခုဟု ဆိုချင်ဆိုနိုင်ပါသည်။

မည်သို့ပင်ဖြစ်စေ မဖြစ်ခင်က ကြိုတင်ပြင်ဆင်ကာကွယ်ထားခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်၍ လူအချင်းချင်းထိတွေ့မှုများ၊ လူစုလူဝေးဆိုင်ရာများကို လတ်တလောတွင် ရှောင်ရှားထားခြင်းအားဖြင့် ကပ်ရောဂါဘေးမှဝေးအောင် အသိတရားဖြင့် ပါဝင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ၂၀၂၀ ပြည့်နှစ်၊ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

## စာရေးဆရာကြီး ဇေယျ၏ နှစ်(၁၂၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုရုပ်တုဖွင့်ပွဲ ကျင်းပ



**ဇီးကုန်း မတ် ၁၅**

နိုင်ငံကျော်စာရေးဆရာကြီး ဇေယျ(ဦးယော)၏ နှစ်(၁၂၀) ပြည့်အထိမ်းအမှတ် ဂုဏ်ပြုရုပ်တု ဖွင့်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ရန်ကုန်-ပြည်ကားလမ်းရှိ မြန်မာ့မျက်ပွင့်စာကြည့်တိုက်တွင် ယနေ့နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

ဂုဏ်ပြုရုပ်တုဖွင့်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေး၊ ဒေါက်တာဖေသက်ဇော်၊ ဆရာကြီးဦးမြဝင်း(မြဝင်း-ဒဿန) နှင့် ဒေါ်မြမြအေး (ဆရာကြီးဇေယျ၏ သမီး)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဆရာကြီးဇေယျ၏ရုပ်တုကို အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ကြသည်။

ထို့နောက် လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးနှင့် မြဝင်း(ဒဿန)တို့က အမှာစကားများ ပြောကြားခဲ့ပြီး ရုပ်တုဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီလှူဒါန်းခဲ့သောအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင့်ဆွေ(ဇီးကုန်း)**

## ရန်ကုန်မြစ်တွင်းသွား စက်တပ်သမ္ဗန်များ မြူနှင်းပိတ်ချိန် မထွက်ခွာစေရေး ဒလမြို့နယ်ရှိ ကူးတို့ဆိပ် ၁၁ ဆိပ်အား စစ်ဆေး



**ရန်ကုန် မတ် ၁၅**

ရန်ကုန်မြစ်တွင်း၌ မြူနှင်းပိတ်မှုကြောင့် မြစ်တွင်းသွား စက်တပ်သမ္ဗန်များ၌ သတ်မှတ်ထားသော စည်းကမ်းများ လိုက်နာမှုရှိစေရေး ဒလမြို့နယ်အတွင်းရှိ ကူးတို့ဆိပ်(၁၁)ဆိပ်အား မြို့နယ်စက်တပ်ရေယာဉ် ကြီးကြပ်မှုကော်မတီက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ထပ်ဆင့်အသိပေး ပြောကြားခဲ့သည်။

မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက မြစ်အတွင်း နှင်းများထူထပ်စွာကျရောက်ပြီး မြင်ကွင်းမရှင်းလင်းပါက ထွက်ခွာခြင်းမပြုရန်၊ မဖြစ်မနေ ထွက်ခွာမည်ဆိုပါက သတ်မှတ်လူဦးရေထက်လျော့နည်း တင်ဆောင်၍ ထွက်ခွာစေရန်၊ စီးနင်းလိုက်ပါမည့် ခရီးသည်များအားလုံး အသက်ကယ် အင်္ကျီများဝတ်ဆင်၍ စီးနင်းလိုက်ပါစေရန်၊ တံတားတည်ဆောက်ရေး စီမံကိန်းဧရိယာအတွင်းသို့ စက်တပ်သမ္ဗန်များ ဝင်ရောက်ပြေးဆွဲခြင်း မပြုလုပ်ရန် မြို့နယ်စက်တပ်ရေယာဉ်ကြီးကြပ်ရေးအဖွဲ့နှင့် ကူးတို့သမဝါယမအသင်း လီမိတက်အသင်းတို့ကို အထူးအလေးထားကြပ်မတ် ဆောင်ရွက်သွားရန် ညွှန်ကြားထားကြောင်း သိရသည်။

မြို့နယ်စက်တပ်ရေယာဉ်ကြီးကြပ်မှုကော်မတီ၏ မတ် ၄ ရက် အစည်းအဝေး၌ ဆီးနှင်းများ ထူထပ်စွာကျရောက်၍ မြင်ကွင်းမရှင်းပါက ဒလမြို့နယ်အတွင်းရှိ စက်တပ်သမ္ဗန်ဆိပ်အားလုံးရှိ ရေယာဉ်များ ထွက်ခွာခြင်းမပြုကြရန်နှင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေစဉ် ဆီးနှင်းများကျရောက်တတ်သောကြောင့် ရန်ကုန်မြို့သို့ တက္ကသိုလ်ဝင်စာမေးပွဲ သွားရောက်ဖြေဆိုကြမည့်ကျောင်းသားကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများအနေဖြင့် မိမိတို့အစီအစဉ်ဖြင့် ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရန် ဆုံးဖြတ်ခဲ့ကြောင်း၊ ရေယာဉ်မောင်းနှင်သူများ စည်းကမ်းမလိုက်နာပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စက်တပ်သမ္ဗန်ကူးတို့ဆိပ်အားလုံးရှိ ရေယာဉ်ဥက္ကဋ္ဌများအနေဖြင့် မိမိတို့ကူးတို့ဆိပ်အား အလေးထားကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မြို့နယ်စက်တပ်ရေယာဉ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းက ပြောကြားသည်။

ဒလမြို့နယ်ဘက်ကမ်းရှိ သမ္မတကမ်းခြေ၊ ဈေးဆိပ်၊ ဒလသင်္ဘောဆိပ်၊ ဗိုလ်ရန်ပြေ၊ ကမာကသွယ်၊ စက်မြေ၊ ကမာကဆစ်၊ မှော်စက်၊ ဆာပါချောင်၊ ကျောင်းစုနှင့် ကျောင်းစု(ခွဲ) လက်ခပ်မှ စက်တပ်ကူးတို့ဆိပ်တို့မှ ရန်ကုန်မြို့ဘက်ကမ်းရှိ ဗိုလ်တထောင်၊ ပန်းဆိုးတန်း၊ စဉ့်အိုးတန်း၊ မော်တင်လမ်းသစ်၊ မော်တင် (ကိုင်းတန်းအမှတ်-၂)၊ ဆိပ်ကြီးခနောင်တို ကူးတို့ဆိပ်တို့သို့ စက်တပ်သမ္ဗန်များဖြင့် အစိုးရဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ပုဂ္ဂလိကဝန်ထမ်းများနှင့် အထွေထွေလုပ်သားပြည်သူများကို နေ့စဉ် ပို့ဆောင်ပေးလျက်ရှိသည်။

ဒလမြို့နယ်၌ ပုဂ္ဂလိကပိုင် ကူးတို့သမ္ဗန်ဂိတ်ခြောက်ဂိတ်ရှိရာ ကမာအောင်ကြီးကြပ်ရေးဂိတ်၌ အစင်းရေ ၁၈၀၊ ရေကန်ကြီးကြပ်ရေးဂိတ်၌ ၂၂ စင်း၊ တံလှျပ်ကြီးကြပ်ရေးဂိတ်၌ ၄၆ စင်း၊ ဆာပါချောင် စက်တပ်ရေယာဉ်ကြီးကြပ်ရေးဂိတ်၌ ၄၁ စင်း၊ ကျောင်းစုစက်တပ်ရေယာဉ်ကြီးကြပ်ရေးဂိတ်၌ ၂၂ စင်း၊ ကျောင်းစု(ခွဲ) လက်ခပ်မှ စက်တပ်ကူးတို့ဆိပ်၌ အစင်း ၂၀၊ သမဝါယမအသင်းပိုင် ကူးတို့သမ္ဗန်ဆိပ်ငါးဆိပ်ဖြစ်သည့် သမ္မတကမ်းခြေကူးတို့ဆိပ်၌ ၃၄ စင်း၊ ကမာကသွယ်ကူးတို့ဆိပ်၌ အစင်း၃၀၊ စက်မြေကူးတို့ဆိပ်၌ ၃၃ စင်း၊ ကမာကဆစ်ကူးတို့ဆိပ်၌ ၄၁ စင်း၊ မှော်စက်ကူးတို့ဆိပ်၌ ၃၅ စင်း စုစုပေါင်း ၅၀၄ စင်းရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

မှန်းဆ၍မရသေးပါကြောင်း၊ ထို့ကြောင့် စီးပွားရေးသက်ရောက်မှုများကို ကုစားနိုင်ရေးနှင့် COVID-19 အလွန်ကာလများအတွက် ဆောင်ရွက်ရမည့် အစီအစဉ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် ဒုတိယဝန်ကြီး ဦးတင်လတ်က COVID-19 ကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရသည့် ခရီးသွားလုပ်ငန်းများ၏ အခြေအနေနှင့် နိုင်ငံတော်မှ ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပန်းသဥ္စာမျိုးက ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီမှ ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားကြရာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများက အကြံပြုဆွေးနွေးကြသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် COVID-19 အလွန် ခရီးသွားလုပ်ငန်းတိုးတက်ရေး အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

○ ကြည့်မြင်တိုင်မှ

ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြမောင်က ပြောသည်။

အဆိုပါ အစီအမံအရ ဈေးကြီးအတွင်း ဝင်ရောက်လာသော ဈေးသည်၊ ဈေးဝယ်နှင့် ဈေးအတွင်း ဝင်ရောက်သူအားလုံးအား လက်ဆေးစေခြင်း၊ အပူချိန်တိုင်းကိရိယာများဖြင့် စမ်းသပ်ခြင်းတို့ကို ဝင်ပေါက် ၁၀ နေရာ၌ ပြုလုပ်သွားမည်ဖြစ်ပြီး အပူချိန် ၁၀၀ ကျော်သူများကို သက်ဆိုင်ရာ ကျန်းမာရေးဌာနသို့ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ စစ်ဆေးမှုများပြုလုပ်မည့်အပြင် ဈေးကြီးအတွင်း အထူးသန့်ရှင်းရေး အစီအစဉ်အဖြစ် အမှိုက်သရိုက်များရှင်းလင်းခြင်း၊ ရေဆေးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းတို့ကိုလည်း တစ်ပတ်နှစ်ကြိမ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဈေးကြီးသည် နေ့စဉ်ဝင်ထွက်သွားလာသော ဈေးရောင်းဈေးဝယ် စုစုပေါင်း ၅၀၀၀၀ ကျော်ရှိပြီး ၎င်းတို့အားလုံးကို ဝင်ပေါက် ၁၀ ခု၌ လက်ဆေးခြင်းနှင့် အပူချိန်တိုင်းခြင်းတို့ကို ယနေ့မှစတင်ပြီး ဧပြီလအထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်မောင်စိုး

# မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင် အသေးစား ရေနံချက်လုပ်ငန်း စမ်းသပ်လည်ပတ်မှု ကြည့်ရှု



**တောင်သာ မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန(စွမ်းအင်)ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးစိုးသူရထွန်း၊ မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မတ် ၁၄ ရက် နံနက်ပိုင်းက မြင်းခြံခရိုင် တောင်သာမြို့နယ် ကျောဇီကျေးရွာအနီး MCCM Co.,Ltd. ၏ အသေးစား ရေနံချက်လုပ်ငန်းစမ်းသပ်လည်ပတ်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ခေတ္တဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့အား စက်ရုံရှင်းလင်းဆောင်တွင် စက်ရုံတာဝန်ခံက စက်ရုံတည်ဆောက်မှုနှင့် စမ်းသပ်လည်ပတ်မှုတို့ကို ရှင်းလင်းတင်ပြပြီး မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းမှ ဒုတိယစက်ရုံမှူး ဒေါ်ဖြူဖြူအောင်က အသေးစားရေနံချက်လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု၊ အသေးစား ရေနံချက်စက်ရုံကို မြန်မာ့ရေနံဓာတုလုပ်ငန်းမှ နည်းပညာထောက်ပံ့ပေးမှုများကို ရှင်းလင်းတင်ပြပြီး ခေတ္တဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် Digital Control System ဖြင့် စက်ရုံအားထိန်းချုပ်မောင်းနှင်လည်ပတ်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မောင်ပြည်သူ(မန္တလေး)



# ဒုတိယဝန်ကြီး ဦးတင်လတ် ဒလမြို့နယ်၌ နိုင်ငံခြားသားခရီးသွားများကို ဝန်ဆောင်မှုပေးနေသော အနှေးယာဉ်လုပ်သားများနှင့် တွေ့ဆုံ

**ရန်ကုန် မတ် ၁၅**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အင်းလျားလိတ်ဟိုတယ်၌ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များအသင်းနှင့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လတ်တလောကြုံတွေ့နေရသည့် COVID-19 ရောဂါကြောင့် ခရီးသွားလုပ်ငန်းတုံ့ဆိုင်းနေသောကာလတွင် ခရီးသွားလုပ်ငန်းနယ်ပယ်ရှိ အလုပ်သမားများ (အခြေခံပို့ဆောင်ရေးအလုပ်သမားများ)ကို လိုအပ်သည့် လုပ်ငန်းကျွမ်းကျင်မှုသင်တန်းများပို့ချနိုင်ရေး၊ COVID-19 ရောဂါကြုံတွေ့နေရသည့်ကာလနှင့် ကာလအလွန်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဒလမြို့နယ် အမက(၇)၌ ဒလမြို့နယ်အတွင်း နိုင်ငံခြားသားဧည့်သည်များကို ဝန်ဆောင်မှုပေးနေသော အနှေးယာဉ်လုပ်သားများအား တွေ့ဆုံပြီး လုပ်သားများတွေ့ကြုံနေရသည့် အခက်အခဲများ၊ ဝန်ကြီးဌာနမှ ကူညီပေးနိုင်မည့် ကိစ္စရပ်များ၊ နိုင်ငံခြားသားဧည့်သည်များကို ဝန်ဆောင်မှုပေးရာတွင် စနစ်တကျ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် သင်တန်းဖွင့်လှစ်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

သတင်းစဉ်

❖ COVID-19 မှ

ဒီလို ဝယ်ယူခြင်းအားဖြင့် ဆန်စပါးဈေးကွက်မှာ မလိုအပ်တဲ့ ဈေးနှုန်းတွေဖြစ်ပေါ်လာမှာကို စိုးရိမ်ပါတယ်။ ပြည်တွင်းမှာ စားသုံးဖို့အတွက် ဆန်က အလုံအလောက်ရှိပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ် စစ်တမ်းတွေအရ ပြည်တွင်းမှာ ဆန်တန်ချိန် ၁၃ သန်းလောက် စားသုံးတယ်လို့ သိရတယ်။ ထွက်ရှိတာက အဲဒီပမာဏထက် အများကြီးပိုပါတယ်။ ဒါကြောင့် ပြည်တွင်းမှာ ဆန်ပြတ်လပ်မှုမရှိနိုင်ဘူးလို့ အခိုင်အမာ ပြောရဲတာပါ။ လတ်တလောမှာ စိုးရိမ်ပူပန်ပြီး အပူတပြင်း ဝယ်စရာမလိုပါဘူး။ အကယ်၍ ဆန်စပါးအတွက် အခက်အခဲကြုံမယ်ဆိုရင် ကျွန်တော်တို့အသင်းက စုပေါင်းပြီး သာမန်ပေါက်ဈေးအတိုင်း အိတ်အရေအတွက်ကို အကန့်အသတ်မရှိ လိုသလောက်ရောင်းချပေးဖို့ အစီအစဉ်ရှိပါတယ်။ အိတ်အရေအတွက်ကို အကန့်အသတ်မထားဘဲ ရောင်းချပေးတာက ကျွန်တော်တို့မှာ ဆန်အလုံအလောက်ရှိတယ်ဆိုတာကို သိစေချင်လို့ပါ”ဟု ၎င်းက ပြောသည်။

၂၀၁၅ ခုနှစ်အတွင်းက တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် စိုက်ပျိုးဧရိယာများ ပျက်စီးခဲ့သည့်အချိန်၌ပင် ဆန်နှင့်ပတ်သက်၍ အဆင်ပြေစေမှုရှိစေရန် လုပ်ဆောင်နိုင်ခဲ့သဖြင့် ယခုအခြေအနေတွင်လည်း ဆန်အတွက် စိုးရိမ်ပူပန်မှုမထားဘဲ မိမိ၏ကျန်းမာရေးအတွက်သာ ဂရုပြုစောင့်ရှောက်ကြစေလိုကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**စိုးရိမ်ပူပန်ရန်မလို**

ထို့ပြင် ယခုရက်ပိုင်းအတွင်း၌ စိုးရိမ်ပူပန်မှုဖြင့် ဆန်များဝယ်ယူမှုရှိသော်လည်း ဆန်ဈေးနှုန်းကို ဈေးမြှင့်ရောင်းချခြင်းမရှိကြောင်း၊ မိမိတို့ပွဲရုံ၌လည်း ရောင်းချရန် ဆန်အများအပြား သိုလှောင်ထားကြောင်းနှင့် ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသည့် စားသောက်ကုန်ဖြစ်သည့်အတွက် ဆန်ပြတ်လပ်မှုရှိမည်ကို စိုးရိမ်ပူပန်ရန် မလိုကြောင်း မန္တလေးမြို့ ဆန်လက်လီလက်ကား ရောင်းချသည့် စံပြနွယ်ပွဲရုံမှ မယမင်းသွယ်က ပြောသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ပြခန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မတ် ၁၅**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန၌ မြန်မာ့ပို့ကုန်ပြခန်းများနှင့် 1st Myanmar Startup Show ပြခန်းများကို ကြည့်ရှုစစ်ဆေးသည်။

မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန (MITC)ကို ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးရုံးတွင် ဖွင့်လှစ်ခဲ့ရာမှ ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သို့ ကုန်သွယ်မှုလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ခေတ်နှင့်အညီ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုစနစ် (Public Private Partnership – PPP) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် အဆင့်မြှင့်တင် ပြောင်းရွှေ့ဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနတွင် မြန်မာ့ထုတ်ကုန်ပြခန်းများ၊ ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ အထောက်အကူပြု နိုင်ငံတကာအဖွဲ့အစည်းများမှ ရုံးခန်းများ ဖွင့်လှစ်ထားသည့်အပြင် စီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် လွယ်ကူမှုရှိရန် ကူညီပံ့ပိုးရေးဌာန၊ ပို့ကုန်လုပ်ငန်းရှင်များ ကူညီဆောင်ရွက်ပေးရေးဌာန၊ ပြည်ပနိုင်ငံများ၏ ဈေးကွက်သတင်းရှာဖွေဆောင်ရွက်ပေးရေးဌာန၊ Young Exporter Club များဖြင့် ဖွဲ့စည်းထားသည်။

ထို့ပြင် မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနသည် ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် ပြည်တွင်းမှ လုပ်ငန်းရှင်များနှင့် နိုင်ငံတကာမှ လုပ်ငန်းရှင်များကို ချိတ်ဆက်ပေးနိုင်ရေး စသည့်ကဏ္ဍများကို အဓိကဆောင်ရွက်နေသည့်အတွက် မြန်မာနိုင်ငံ ပို့ကုန်မြှင့်တင်ရေးကဏ္ဍတွင် အရေးပါသော ဗဟိုဌာနကြီးတစ်ခုအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မုဒုံမြို့၌ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းဆင်းပွဲ ကျင်းပ

**မုဒုံ မတ် ၁၅**
နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန မွန်ပြည်နယ် မုဒုံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ် (၁)နှင့် မွန်ရိုးရာလက်ရက်ကန်းသင်တန်း အမှတ်စဉ် (၁၈) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

**ဆုချီးမြှင့်**

မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွဋ်ဦးက သင်တန်းဆင်း အမှာစကားပြောကြားကာ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းမှ သင်တန်းထူးချွန် ပထမဆုရရှိသူအား အပ်ချုပ်စက်တစ်လုံး ဆုချီးမြှင့်ခဲ့ပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းအုပ်က သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ခဲ့သည်။

**ရက်သတ္တ ၁၈ ပတ် ကြာမြင့်**

အဆိုပါသင်တန်းတွင် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းသူ ၄၇ ဦးနှင့် မွန်ရိုးရာလက်ရက်ကန်းသင်တန်းသူသုံးဦး တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၈ ပတ် ကြာမြင့်ခဲ့ကြောင်းသိရသည်။

**အလုပ်အကိုင်ဖန်တီးပေး**

အလားတူ ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာနလက်အောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၃၇ ကျောင်းတွင် သင်တန်းဆင်းပွဲများ ပြုလုပ်ခဲ့ကြပြီး စုစုပေါင်း သင်တန်းဆင်းအင်အား ၁၉၁၀ ရှိကြောင်း သိရသည်။ သင်တန်းများ စတင်ဖွင့်လှစ်ချိန်မှ ယခုအချိန်အထိ သင်တန်းဆင်းအရေအတွက် ၈၉၈၉၆ ဦးရှိပြီး အဆိုပါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ၄၀၄၉၆ ဦးရှိသဖြင့် ၄၅ ရာခိုင်နှုန်း အလုပ်အကိုင်ဖန်တီးပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် မြန်မာ - ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၅**
ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ မြန်မာ–ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် စီမံကိန်း ရှင်းလင်းဆောင်၌ တံတားဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက တံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ပင်မတံတား ဘိုးပိုင်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် Temporary Bridge နှင့် Working Platform များ ဆောင်ရွက်ထားရှိမှု၊ GS Engineering & Construction Corporation မှ Project Director Mr.Yun Ho Cho က ရန်ကုန်နှင့် ဒလဘက်ခြမ်းတို့တွင် လုပ်ငန်းဆောင်ရွက်မှု၊ ပင်မတံတား လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်နေမှု၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် မြန်မာ– ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရေလယ်ပင်မတံတားကြီး၏ ဘိုးပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို အလေးထားဆောင်ရွက်ရန်နှင့် ဘိုးပိုင်လုပ်ငန်းများကို သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပင်မတံတား ဘိုးပိုင်တူးဖော်ရန်အတွက် ရန်ကုန်ဘက်ခြမ်း လုပ်ငန်းဆောင်ရွက်နေမှု၊ ရန်ကုန်မြစ်အတွင်းရှိ သင်္ဘောကြီး/ငယ်များ အန္တရာယ်ကင်းရှင်းရေးအတွက် သတိပေး၊ အသိပေးအချက်ပြ အမှတ်အသားများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မြန်မာ–ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတားသည် ရန်ကုန်မြစ်ကို ဖြတ်ကျော်ကာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနှင့် ဒလမြို့ရှိ ဗိုလ်မင်းရောင်လမ်းမကြီးတို့ကို ဆက်သွယ်ထားကာ စုစုပေါင်း တံတားအရှည် ၁၈၆၇ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၂၆ ဒသမ ၅ မီတာ (လေးလမ်းသွား)၊ တံတားအမျိုးအစားမှာ အောက်ထည် – ဘိုးပိုင် အုတ်မြစ်၊ ကိုယ်ထည်သံကူကွန်ကရစ်နှင့် အပေါ်ထည် သံမဏိကြိုးဆိုင်းတံတားဖြစ်ပြီး တံတား၏ ခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်သည်။

တံတားကြီးပြီးစီးပါက ရန်ကုန်မြို့နှင့် ဒလမြို့တို့ကို အချိန်တိုအတွင်း သွားလာနိုင်မည့်အပြင် ဧရာဝတီတိုင်းဒေသကြီးသို့ ဒလ–တွံတေး – ကော့မှူး –ကွမ်းခြံကုန်း – ဒေးဒရဲ – ဖျာပုံ – ဘိုကလေးလမ်းမှ အလွယ်တကူ ဆက်သွယ် သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲနှင့် ယာဉ်မောင်းလိုင်စင်များ ဆောင်ရွက်ပေး

**လှိုင်းဘွဲ့ မတ် ၁၅**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးပေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အားကစားနှင့် ကာယပညာဦးစီးဌာနခန်းမ၌ နယ်လှည့်ကွင်းဆင်းဆောင်ရွက်ပေးသည်။

ဟောပြောပွဲတွင် ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုဦးစီးမှူး ဦးကျော်လွင်ဦးနှင့် ဝန်ထမ်းများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ပေးခြင်းနှင့်ပတ်သက်၍ အသိပညာပေးပြောကြားခဲ့ပြီး မြန်မာ့အာမခံလုပ်ငန်းမှ ဒုကြီးကြပ်ရေးမှူး ဒေါ်နန်းသန္တာန်အေးက အာမခံလုပ်ငန်းဆိုင်ရာ သိရှိရမည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ အဆိုပါ ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးဆောင်ရွက်ပေးရာတွင် “က” အဆင့် ယာဉ်မောင်းလိုင်စင် ၆၆ ခု၊ သက်တမ်းတိုး ယာဉ်မောင်းလိုင်စင် ၂၅ ခုနှင့် ကားသက်တမ်းတိုးလေးစီး၊ ဆိုင်ကယ်သက်တမ်းတိုး ၂၅ စီးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လှိုင်းဘွဲ့(ပြန်/ဆက်)**

**◆ စစ်ကိုင်းတိုင်းဒေသကြီးမှ**
နိုင်ငံတကာ ပျားရည်အရည်အသွေးပြိုင်ပွဲတွင် ပထမဆုရရှိထားကြောင်း ကလေးမြို့နယ် ပျားမွေးမြူရေးဦးစီးဌာနမှ သိရသည်။

**ပျားရည်တန်ချိန် ၃၀၀၀ ကျော်**

တိုင်းဒေသကြီးအတွင်း၌ ကလေးဒေသဘက်မှထွက်သည့် နေကြာပျားရည်နှင့် ကနီနယ်၊ ဘုတလင်နယ်၊ ယင်းမာပင်နယ်ဘက်မှထွက်သည့် ဆီးပျားရည်ဟူ၍ ပျားရည်နှစ်မျိုး အများဆုံးထွက်ရှိကြောင်း၊ မြန်မာနိုင်ငံမှ နိုင်ငံတကာသို့ တင်ပို့ရောင်းချနေသည့် ပျားရည် ၇၀ ရာခိုင်နှုန်းမှာ စစ်ကိုင်းတိုင်းဒေသကြီးမှ ထွက်ရှိပြီး နှစ်စဉ်ပျားရည် တန်ချိန် ၃၀၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။

ကလေးဒေသ နေကြာပျားရည်ထုတ်လုပ်မှုမှာ ဇန်နဝါရီလမှ ဧပြီလအထိ ပျားသေတ္တာသိန်းချီ၍ ကလေးဒေသသို့ရောက်ရှိကြပြီး မိုးတွင်းကာလမှ ဆောင်းဝင်ကာလအထိ ဆီးခြံများသို့ ပြောင်းရွှေ့မွေးမြူကြကြောင်း၊ ဆီးခြံစိုက်ပျိုးမှုများပြားသည့် ကနီနယ်၊ ဘုတလင်နယ်၊ ယင်းမာပင်နယ်တို့တွင် ပျားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများပြားပြီး နှစ်စဉ်ပျားပုံး သိန်းချီချထားမွေးမြူမှုရှိကြောင်း သိရသည်။

**ဆီးပျားရည်**

ဆီးခြံများတွင် ဆီးပျားရည်ထုတ်လုပ်မှုအနေဖြင့် မြန်မာနိုင်ငံ၏ ပျားမွေးမြူရေးသမား ၈၀ ရာခိုင်နှုန်းသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ဆီးခြံများတွင် ပျားသေတ္တာပုံးများ သိန်းချီချထားမွေးမြူမှုရှိကြောင်း၊ ဆီးပျားရည်သည် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ အများဆုံးဝယ်ယူလျက်ရှိကြောင်း၊ ကလေးဒေသမှထွက်သည့် နေကြာပျားရည်သည် ဂျပန်၊ စင်ကာပူနှင့် အမေရိကန်၊ ဥရောပနိုင်ငံတို့က ဝယ်ယူလျက်ရှိသည်။

**နေကြာပျားရည်**

ယခုရက်ပိုင်း ကလေးဒေသထွက် နေကြာပျားရည်တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ခန့် ဈေးရှိပြီး ပျားသေတ္တာ ၆၀၀ လျှင် ပျားရည်ပီပါ ၆၀ ခန့်ထွက်ရှိကြောင်း၊ ကလေးဒေသ နေကြာစိုက်ခင်းများတွင် ပျားသေတ္တာများ လာရောက်ချထားမှုကြောင့် နေကြာအဆန်ပိုအောင်မှုရှိပြီး ယခင်နှစ်များက နေကြာ ၃၂ တင်းလျှင် နေကြာဆီ တစ်ပီပါ ထွက်ရှိခဲ့သော်လည်း ယခုနှစ်တွင် နေကြာ ၂၉ တင်းလျှင် နေကြာဆီ တစ်ပီပါထွက်ရှိကြောင်း ကလေးဒေသခံ နေကြာစိုက်တောင်သူများထံမှ သိရသည်။

**ချင်းတွင်းသား**

# ခနုတို့ဌာနေ ရှာငံမြေမှ အသစ်တွေ့ရှိသည့်ပရိုင်းမိတ်အရိုးစုများ

**သစ်ပင်ချစ် (Env Eng)**

ရှာငံလို့ပြောလိုက်လျှင် လူတိုင်းမျက်လုံးထဲတွင် ချစ်စရာစကားဝဲဝဲလေးပြောသည့် ခနုတိုင်းရင်းသားများ၊ ရေပြာအိုင်ရှိသည့် နေရာ၊ မိန်းမရဲတောင်ရှိသည့်နေရာ၊ ပြဒါးလင်းဂူရှိသည့်နေရာဟု မြင်ယောင်လာကြပါသည်။

ရှာငံမြို့လေးမှာ တောင်အထပ်ထပ်ကို ကျော်ဖြတ်လာပြီးသည့်အခါ ပထမဆုံးရောက်ရှိသော မြေပြန့်တောင်ပေါ်ဒေသတစ်ခုဆိုလျှင်လည်းမမှားပေ။

ရှာငံမြို့ရှိ ရွာငယ်များသည် ရှမ်းပြည်နယ်ရှိ အခြားဒေသနာမည်များနှင့်မတူဘဲ တစ်မူကွဲပြားနေသည်ကို သတိပြုမိသည်။ ရှာငံမြို့ကို ပထမဆုံးရောက်ရှိသည့် ရွာငယ်လေးမှာ ဆင်နက်ချောင် ဖြစ်သည်။ အယုဒ္ဓယကိုသိမ်းပိုက်ဖို့ သွားသည့်လမ်းကြောင်းတွင်







စာရေးသူနှင့် ဆရာတော်များ။

ဂူမျက်နှာကြက်ရှိ ပရိုင်းမိတ်အရိုးစုများ(ပေါင်ရိုး၊ အံသွား၊ လက်ဖျံရိုးစသည့်)။

တောအထပ်ထပ် တောင်အထပ်ထပ်ကို ကျော်ဖြတ်လာသည့် ဆင်၊ မြင်းများကို နားနေစေရန်အတွက်ထားသည့်နေရာတစ်ခုဖြစ်သည့်အတွက် ဆင်နက်များထားရှိသည့်ချောင်ဖြစ်၍ ဆင်နက်ချောင်ဟုခေါ်ဆိုသလားဟု ထင်မြင်မိသည်။ ထို့အတူ ဆင်နက်ချောင်ကို ကျော်လာပြီး ရေဦးဆိုသည့် ရွာကိုသွားသည့်လမ်းနှင့် ရှာငံအတွင်းပိုင်းကို သွားသည့် လမ်းခွဲနှစ်ခုရှိသည်။





ကျောက်ခေါင်းတောရကျောင်းအနီးမှတွေ့ရှိရသည့် သမိုင်းဝင်ရှေးဟောင်းပစ္စည်းများ။

ရေဦးရွာလေးသည် ရှာငံမြို့၏ အရှေ့ဘက်အပိုင်းတွင်ရှိပြီး ရေဦး၏မြောက်ဘက်ကို ဆက်သွားမည်ဆိုပါက အင်းကြီးရွာ၊ ဒလပင်၊ ကျောက်ပိစပ်၊ လင်းဝေး၊ တဘင်ပျော် ရွာငယ်များရှိသည်။ ရွာအမည်များနှင့်ပတ်သက်၍ ဒေသခံများ၏ ပြောစကားအရ ရှေးအရင်က အလွန်လှပသည့် ထန်းပင်ကြီးရှိ၍ ထန်းလှပင်ရွာဟု ခေါ်ဆိုရာမှ ခေတ်ကာလပြောင်းလဲလာသည့်အခါ ဒလပင်ရွာဟု ခေါ်ဆိုလာခြင်းဟုဆိုသည်။ ထို့အတူ စစ်သည်တော်များ ပင်ပန်းနွမ်းနယ်မှုများကို ပြေပျောက်စေရန် ဖျော်ဖြေတင်ဆက်ရသည့် သဘင်ပညာရှင်များ နေထိုင်သည့်ရွာကို သဘင်ပျော်ဟုဆိုရာမှ တပင်ပျော်ဟု ပြောင်းလဲခေါ်ဆိုလာခြင်းဟုလည်း ဆိုပါသည်။ ထိုကျေးရွာတွင် လှပသည့် ရေတံခွန်များနှင့် ထုံးကျောက်ဂူများရှိသည်။ အထူးသဖြင့် လင်းဝေးကျေးရွာတွင် လင်းဝေးဂူရှိ လှပသည့်ပန်းဆွဲများသည် အလွန်လှပတင့်တယ်သလို တောင်များဝန်းရံထားသည့်အတွက် လှပသည့်ရင်သပ်ရှုမောဖွယ်ရှုခင်းများကိုလည်း မြင်တွေ့နိုင်သည်။

ရေဦး၏ မြောက်ဘက်ပိုင်းတွင် ကဆက်၊ ကပြင်၊ အုတ်တွင်း၊ ကျောက်ငှက်၊ ထမင်းပေါင်း၊ ဆင်ဆာပြားရွာများရှိသည်။ ကပြင်ရွာတွင် မင်းအဆက်ဆက်တည်ထားကိုးကွယ်ခဲ့သည့် မင်းစုံလေးမျက်နှာ ဘုရားစေတီတစ်ဆူရှိသည်။ ရှေးဟောင်းလက်ရာများဖြစ်သည့် ခြသေ့်ရုပ်တု၊ ဘီလူးပန်းကိုက်၊ ဘုရားဆင်းတုတော်များကို တွေ့မြင်နိုင်သည်။ ရှေးမင်းများသည် မကောင်းသည့်ကံများကို ပြုပြင်လိုသည့်အတွက် တည်ထားကိုးကွယ်ဟန်ရှိသည်။ စေတီတည်ရန် လိုအပ်သည့်အုတ်များကို ဖုတ်ပေးရသည့်ရွာကို အုတ်တွင်းဟုခေါ်ဆိုကာ ကောင်းမွန်သည့်ကံများ ထပ်ထပ်ခါခါ ဆက်ဆက်ဖြစ်ပေါ်စေရန် ကံဆက်ဟုခေါ်ဆိုရာမှ ယခု ကဇက်ဟု ပြောင်းလဲခေါ်ဆိုခြင်းဖြစ်နိုင်ပါသည်။ ထို့အတူ စစ်သည်တော်များအတွက် ထမင်းဟင်းများ ချက်ပြုတ်ပေးသည့်နေရာကို ထမင်းပေါင်းရွာဟု ခေါ်ဆိုလာခြင်းဖြစ်နိုင်သည်။ ထိုကျေးရွာများသည် ရှာငံမြို့၏ အရှေ့ဘက်အပိုင်းတွင်တည်ရှိပြီး ဇော်ဂျီမြစ်အတွင်းသို့ တသွင်သွင်စီးဆင်းနေသည့် ကရဏီချောင်းတစ်ခုလည်းရှိကာ ပအိုဝ်း၊ ပလောင်တိုင်းရင်းသားများလည်း နေထိုင်ကြသည်။ ၎င်းကျေးရွာများတွင် သက်ရှည်အဘိုးအဘွား များစွာရှိသည်။ အသက် ၉၉ နှစ်အရွယ်ရှိ အဘိုးအိုသည် ကိုယ်တိုင် တောင်ယာလုပ်၊ ခြင်းရက်လုပ်နိုင်သည်အထိ ကျန်းမာနေကြောင်း မြင်တွေ့ခဲ့ရသည်။

ဆင်နက်ချောင်ရွာမှ ရှာငံလမ်းမကြီးအတိုင်း လိုက်သွားပြီး မြောက်ဘက်စူးစူးကိုသွားပါက ရေပြာအိုင်၊ မိန်းမရဲတောင်တို့ ရှိသည်။ ရေပြာအိုင်သွားရာလမ်းတွင် ရှေးတပ်သားများ တပ်စွဲထားသည့်အတွက် ခေါ်ဆိုသည့် တပ်ကုန်းကျေးရွာ၊ ထိုရွာအနီး ရေဖြူထွက်ရှိသည့် ရေထွက်တစ်ခုသည်လည်း ရှာငံ၏ လည်ပတ်စရာတစ်ခု ဖြစ်ပေသည်။

ရှာငံလမ်းမကြီး၏ အနောက်ဘက်ပိုင်းတွင် အလွန်သာယာလှပသည့် မြေပြန့်ဒေသတစ်ခုတွင် အိမ်ခြံဝင်းအတွင်း စနစ်တကျ စိုက်ပျိုးထားသည့် ကော်ဖီပင်များကို မြင်တွေ့နိုင်သလို လယ်ယာများအတွင်းမှ မြင်တွေ့ရသည့် တောင်တန်းကြီးများသည် အလွန်သာယာလှသည်။ မြန်မာနိုင်ငံ၏ ဆွစ်ဇာလန်ဟု ခေါ်နိုင်လောက်အောင်အထိ သာယာပေသည်။ နွားဘန်းကြီးရွာ၊ မြို့ကုန်းရွာ၊ ဈေးတန်းရွာ၊ မျှားကလေးရွာ၊ အင်တောရွာ၊ လယ်ကိုင်းရွာ စသည့်ကျေးရွာများရှိသည်။ ထိုရွာတန်းတစ်လျှောက်တွင် လှပသည့် တောတန်း၊ တောင်တန်းများနှင့် အလွန်သာယာဖွယ် နေရာတစ်ခု ဖြစ်သည်။

မျှားကလေးရွာနှင့် အင်တောရွာကြားလမ်းမှတစ်ဆင့် သမိုင်းအတွက် အလွန်အရေးပါသည့် ကျောက်ခေတ်လူသားများ၏ နံရံဆေးရေးပန်းချီများရှိသည့် ပြဒါးလင်းဂူကို သွားနိုင်သည်။ ပြဒါးလင်းဂူတွင် နံရံဆေးရေးပန်းချီသက်သေအထောက်အထားများကို တွေ့မြင်နိုင်သည်။ ထုံးကျောက်ဂူအတွင်းရှိ လှပသည့် ကျောက်ခက်ပန်းဆွဲများသည် လူသားများထွင်းထုထားသည့်အလား ထင်ရလောက်သည်။ သို့သော် ပြဒါးလင်းဂူတွင် နံရံဆေးရေးပန်းချီများကို တွေ့ရှိနိုင်သော်လည်း မကြာသေးမီက လယ်ကိုင်းကျေးရွာ ကျောက်ခေါင်းကျောင်းဂူမျက်နှာကြက်တွင် တွေ့ရှိသည့် အရိုးကျောက်ဖြစ်ရုပ်ကြွင်းများ(ပရိုင်းမိတ်) သည် သမိုင်းသက်သေကို ပို၍လေးနက်စေပါသည်။

လယ်ကိုင်းရွာသည် မျှားကလေးရွာအကျော်တွင် တည်ရှိကာ ပတ်ဝန်းကျင်ရှိတောင်တန်းများသည် ရှေးကျောက်ခေတ်လူသားများ နေထိုင်နိုင်လောက်သည့် ဂူများရှိသည်။ ၂၀၁၉ ခုနှစ်တွင် လယ်ကိုင်းကျေးရွာ ကျောက်ခေါင်းကျောင်း တောရကျောင်းဆရာတော်က ဂူမျက်နှာကြက်ပေါ်တွင် တွေ့ရှိသည့် ပေါင်ရိုး၊ လက်ဖျံရိုး၊ အံသွားများ၊ အရိုးစုများကို ဂူမျက်နှာကြက်တွင်တွေ့ရှိကာ သက်ဆိုင်ရာတာဝန်ရှိသူများကို အသိပေးအကြောင်းကြားခဲ့သည်။ ပုံမှန်အားဖြင့် အရိုးစုကျောက်ဖြစ်ရုပ်ကြွင်းများသည် မြေအောက်ကြမ်းပြင်တွင်သာ တွေ့ရလေ့ရှိသော်လည်း ယခုတွေ့ရှိရသည့် ပေါင်ရိုး၊ လက်ဖျံရိုး၊ အံသွားများ၊ အရိုးစုများသည် ဂူမျက်နှာပြင်တွင်တွေ့ရှိရသည့်အတွက် ထုံးကျောက်များရေတိုက်စားပြီး ဂူဖြစ်လာပုံရပါသည်။ ထို့ကြောင့် ဂူမျက်နှာကြက်တွင် အရိုးစုများ ကျန်ရှိနေခြင်း ဖြစ်နိုင်သည်။

ပုံမှန်အားဖြင့် အရိုးစုကျောက်ဖြစ်ရုပ်ကြွင်းများသည် မြေအောက်ကြမ်းပြင်တွင်သာ တွေ့ရလေ့ရှိသော်လည်း ယခုတွေ့ရှိရသည့် ပေါင်ရိုး၊ လက်ဖျံရိုး၊ အံသွားများ၊ အရိုးစုများသည် ဂူမျက်နှာပြင်တွင်တွေ့ရှိရသည့်အတွက် ထုံးကျောက်များရေတိုက်စားပြီး ဂူဖြစ်လာပုံရပါသည်။ ထို့ကြောင့် ဂူမျက်နှာကြက်တွင် အရိုးစုများ ကျန်ရှိနေခြင်းဖြစ်

ထို့အတူ ယင်းဂူအနီးရှိရှေးဟောင်းဗုဒ္ဓဆင်းတုတော်များရှိသလို ကျောက်ခေတ်လူသားများ နေထိုင်နိုင်လောက်သည့် ဂူများလည်းရှိသည်။ ဂူအနီးနားတွင် ပြိုကျပျက်စီးနေသည့် အုတ်ပုံအတွင်းမှတွေ့ရှိသည့် ရှေးဟောင်းသမိုင်းဝင် အိုးခြမ်းပဲ့၊ ယွန်းအစ်ပေါ်တွင် ရေးထိုးသမိုင်းဝင်အက္ခရာများပါရှိသည့် အစိတ်အပိုင်းများ၊ ဗုဒ္ဓဆင်းတုတော်လေးများကို တောရကျောင်းဆရာတော်များဖြစ်သည့် ဆရာတော်ဦးဥတ္တမနှင့် ဦးဓမ္မဒူတတို့က ထိန်းသိမ်းစောင့်ရှောက်ထားသည်။ ပညာရှင်များ၏ ခန့်မှန်းချက်အရ နှစ်သန်းပေါင်း နှစ်သောင်းကျော်လောက်ရှိသည်ဟု သိရသည်။

ဆရာတော်များအနေဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်နေရသလို ၎င်းရှေးဟောင်းသမိုင်းဝင်အမွေအနှစ်များကိုလည်း ထိန်းသိမ်းစောင့်ရှောက်နေရသည့်အတွက် လစ်ဟင်းမှုများရှိနေသည်ဟု မိန့်ကြားသည်။ သို့ဖြစ်ပါ၍ တာဝန်ရှိသူများက အချိန်မီ ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်ရန်အတွက် တတ်အားသမျှ ကူညီဆောင်ရွက်ပေးနိုင်ပါရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

# COVID-19 ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် လှူဒါန်းပွဲ ကျင်းပ




**နေပြည်တော် မတ် ၁၅**

COVID-19 ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဆေးရုံသုံးစက်ပစ္စည်းများ၊ အလှူငွေများနှင့် ကျန်းမာရေးအသိပညာပေးပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တစ်တပ်တစ်အား ပါဝင်လှူဒါန်း**

အခမ်းအနားတွင် အလှူရှင်များကိုယ်စား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကျန်းမာရေးကွန်ရက် နိုင်ငံတကာဆက်ဆံရေးဌာန အတွင်းရေးမှူး ဦးစောဝင်း၊ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးဇော်မိုးခိုင်နှင့် မြန်မာ့သြဘာလုပ်ငန်းစုအမှုဆောင်အရာရှိချုပ် ဦးသတိုးဟိန်းတို့က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ မိမိတို့ မြန်မာနိုင်ငံသားများအနေဖြင့် နိုင်ငံနှင့် ပြည်သူများအကျိုးအတွက် အမျိုးသားရေးတာဝန်အဖြစ် တစ်တပ်တစ်အား ပါဝင်လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း နိုင်ငံနှင့် ပြည်သူအကျိုးအတွက် တတ်နိုင်သည့်အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ပြီး အခြားသူများကလည်း လိုအပ်သည့်နေရာများတွင် လှူဒါန်းနိုင်ရန် ထပ်မံနှိုးဆော်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က COVID-19 ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ယနေ့လှူဒါန်းပစ္စည်း၊ အလှူငွေများအား အလေအလွင့်မရှိ အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျေးဇူးတင်စကားပြောကြားရာတွင် ယခုကဲ့သို့ အမှန်တကယ် လိုအပ်နေချိန်တွင် အမှန်တကယ်လိုအပ်သည်များကို ယခုကဲ့သို့ လှူဒါန်းခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့လှူဒါန်းသည့် စက်ပစ္စည်းကိရိယာများသည် လူနာများစွာအတွက် အကြိမ်ကြိမ် အသုံးပြုသွားနိုင်မည်ဖြစ်ကာ လူ့ အသက်ပေါင်းများစွာကို ကယ်တင်ကုသမှုပေးနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသို့ ဝင်ရောက်ကူးစက်နိုင်ချေရှိသည့် COVID-19 ရောဂါလူနာများအပါအဝင် ကူးစက်ရောဂါလူနာ အမျိုးမျိုးကို ကိုင်တွယ်ကုသမှုပေးနေရသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ရောဂါကာကွယ်ရေးသုံးပစ္စည်းကိရိယာများ လှူဒါန်းခြင်းသည် ကျန်းမာရေးဝန်ထမ်းများအတွက် များစွာအထောက်အကူပြုပါကြောင်း၊ ဆရာဝန်၊ သူနာပြုနှင့် ကုသမှုအထောက်အကူပြုပညာရှင်များအနေဖြင့် စက်ပစ္စည်းကိရိယာစုံလင်စွာနှင့် ကုသမှုပေးနိုင်ခြင်းဖြင့် လူနာများအား ပိုမိုအရည်အသွေးပြည့်ဝစွာ ကုသမှုပေးအပ်နိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ လူနာများတွေ့ရှိပါက ကုသမှုပေးရန် ဆေးရုံပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ ပြည်သူများ၏ ပူးပေါင်းပါဝင်လှူဒါန်းမှုများသည် များစွာ အထောက်အကူဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ပြည်သူများအားလုံး၏ကိုယ်စား အလှူရှင်များကို ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် မည်သည့် လှူဒါန်းမှုပမာဏ နည်းများကိုမဆို၊ မည်သည့်နေရာမှမဆို အလွယ်တကူ ထည့်ဝင်လှူဒါန်းနိုင်ရန်အတွက် အလှူငွေလက်ခံရန် ဘဏ်စာရင်းနံပါတ် (bank account) တစ်ခုထားရှိရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဂုဏ်ပြုလွှာများ ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကျန်းမာရေးကွန်ရက် နိုင်ငံတကာဆက်ဆံရေးဌာန အတွင်းရေးမှူး ဦးစောဝင်းတို့က လှူဒါန်းမှုကို လက်ခံကြပြီး အလှူရှင်များထံ ဂုဏ်ပြုလွှာများ ပေးအပ်ကြသည်။

အဆိုပါ လှူဒါန်းပွဲ၌ အလှူရှင် ၅၆ ဦးထံမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အလှူငွေ စုစုပေါင်းငွေကျပ်သိန်း ၁၉၇၀ ကျော်နှင့် စုစုပေါင်းငွေကျပ်သိန်း ၃၉၈၀ ကျော်တန်ဖိုးရှိ အနီအောက်ရောင်ခြည်သုံး ကိုယ်အပူချိန်တိုင်းကိရိယာ နှစ်စုံ၊ အသက်ရှူအကူစက် ငါးစုံ၊ Digital X-rays တစ်လုံး၊ Bronchoscope တစ်စုံ၊ ဆေးနှင့် ဆေးပစ္စည်းများနှင့် အားဖြည့်ဆန်များ လက်ခံရရှိခဲ့ပြီး၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဆေးရုံများနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် လှူဒါန်းငွေ စုစုပေါင်းငွေကျပ်သိန်း ၁၇၀ နှင့် ငွေကျပ်သိန်း ၁၈၈၀ ကျော် တန်ဖိုးရှိ အသက်ရှူအကူစက် ၁၀ စုံ၊ လူနာစောင့်ကြည့်စက် ငါးလုံး၊ ပညာပေးစာစောင် စုစုပေါင်းအရွက်ရေ ၉၀၀၀၀၊ လက်ကိုင်အသံချဲ့စက် ၃၅ လုံး၊ RRT Jacket အထည် ၅၀၊ ခွဲစိတ်ခန်းသုံး မျက်နှာဖုံးအခုရေ ၁၀၀၀၀ နှင့် ဆေးနှင့်ဆေးပစ္စည်းများ လက်ခံရရှိသည်။

ယနေ့လှူဒါန်းပွဲတွင် အလှူရှင်များက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ ဆေးရုံများနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် လှူဒါန်းသော အလှူပစ္စည်းနှင့် ငွေသားစုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၈၀၂၀၆၉၀၀၀ ဖြစ်သည်။ **သတင်းစဉ်**

# ကျန်းမာရေးဝန်ထမ်းများအတွက် ကူးစက်ရောဂါကာကွယ်ရေးဝတ်စုံနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်း




**ရေတာရှည် မတ် ၁၅**

တရုတ်နိုင်ငံ ဝူဟန်မြို့မှ နိုင်ငံများစွာသို့ ကူးစက်ပြန့်ပွားလာသော COVID-19 ကူးစက်ရောဂါကာကွယ်ရေးအတွက် ကူးစက်ရောဂါကာကွယ်ရေးဝတ်စုံနှင့် လက်သန့်စင်ဆေးရည်၊ နှာခေါင်းစည်းများပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ရေတာရှည်မြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်က ကျန်းမာရေးဝန်ထမ်းများအတွက် လိုအပ်လျက်ရှိသော ကူးစက်ရောဂါကာကွယ်ရေးဝတ်စုံများနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ဂုဏ်ပြုလွှာပေးအပ်**

ထို့နောက် မြို့နယ်ကုသရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနန္ဒာညီဆွေက ကျေးဇူးတင်စကားပြောကြားပြီး အလှူရှင်များအား ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

**ကိုလွင်(ဆွာ)**



# မြို့သစ်မြို့နယ်၌ ကိုရိုနာဗိုင်းရပ်စ်အကြောင်း အသိပညာပေးခြင်းလှုပ်ရှားမှုနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မြို့သစ် မတ် ၁၅**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် ကိုရိုနာဗိုင်းရပ်စ်အကြောင်း အသိပညာပေးခြင်းလှုပ်ရှားဆောင်ရွက်မှုများကို ယမန်နေ့ နံနက်ပိုင်းက မြို့မဈေးကြီးအတွင်း၌ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

**အသိပညာပေး**

အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုရိုနာဗိုင်းရပ်ရောဂါ ကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ သံသယဖြစ်ဖွယ် လက္ခဏာများ ကာကွယ်နိုင်သည့်နည်းလမ်းများအကြောင်းနှင့် ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်ရန် နည်းလမ်းကို အသိပညာပေးခြင်းများ ဆောင်ရွက်ရာတွင် မြို့သစ်မြို့မဈေးအတွင်း ဈေးရောင်းချသူများ၊ ဈေးဝယ်လာသူ မိဘပြည်သူအပေါင်းတို့အား စိုးရိမ်ထိတ်လန့်မှု မဖြစ်ပွားစေရန်တို့ကို ပညာပေးဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အသိပညာပေးခြင်းဆောင်ရွက်ရာတွင် မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19)အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**



# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် (၄-၁-၂၀၂၀ ရက်နေ့မှ ၁၅-၃-၂၀၂၀ ရက်နေ့ထိ)

(၁၅-၃-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ

**၁။ ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ**

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၄-၃-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် (၁၅:၃၀) နာရီအချိန် ထုတ်ပြန်ချက်)

- ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံစုစုပေါင်း - (၁၃၆) နိုင်ငံ
- ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - (၁၄၂,၅၃၉) ဦး
- ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - (၅,၃၉၃) ဦး
- ကမ္ဘာပေါ်တွင် သေဆုံးမှုရာခိုင်နှုန်း - (၃.၈) %
- **ကမ္ဘာပေါ်တွင်(တရုတ်နိုင်ငံပြင်ပ) ဖြစ်ပွား/ သေဆုံးမှုများသော နိုင်ငံများမှာ–**

| စဉ် | နိုင်ငံ | စဖြစ်သည်မှ ယခုအချိန်ထိ | |
|---|---|---|---|
| | | ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ စုစုပေါင်း | သေဆုံးသူ စုစုပေါင်း |
| ၁ | အီတလီ | ၁၇,၆၆၀ | ၁,၂၆၈ |
| ၂ | အီရန် | ၁၁,၃၆၄ | ၅၁၄ |
| ၃ | ကိုရီးယားသမ္မတနိုင်ငံ | ၈,၀၈၆ | ၇၂ |
| ၄ | စပိန် | ၄,၂၃၁ | ၁၂၀ |
| ၅ | ပြင်သစ် | ၃,၆၆၁ | ၇၉ |
| | (၅) နိုင်ငံ စုစုပေါင်း | ၄၄,၉၈၁ | ၂,၀၅၃ |

- ကမ္ဘာ့ဒေသအသီးသီးတွင် ရောဂါကူးစက်ဖြစ်ပွားသောနိုင်ငံများ ဆက်တိုက်များပြားလာခဲ့ကြောင်းနှင့် နိုင်ငံပြင်ပမှ ရောဂါကူးစက်မှု (Imported case) များသာမက နိုင်ငံတွင်း၌ပါ ရောဂါကူးစက်မှု (Local transmission) များ ရှိလာပါကြောင်း တွေ့ရှိရပါသည်။
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံပြင်ပ နိုင်ငံတွင်းကူးစက်မှု (Local Transmission) ဖြစ်ပွားနေသော နိုင်ငံစာရင်း အရေအတွက်သည် ပြောင်းလဲမှုများရှိနေသော်လည်း နောက်ဆုံး (၁၄-၃-၂၀၂၀) ထုတ်ပြန်ချက်အရ နိုင်ငံတွင်းကူးစက်မှု (Local Transmission) ဖြစ်ပွားနေသော နိုင်ငံများမှာ အောက်ဖော်ပြပါအတိုင်း (၇၇) နိုင်ငံရှိပါသည် –

| စဉ် | ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ထားသော ဒေသကြီးများ | နိုင်ငံ |
|---|---|---|
| ၁။ | အနောက်ပစိဖိတ်ဒေသ (၁၀ နိုင်ငံ) | - ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်၊ စင်ကာပူ၊ ဩစတြေးလျ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ နယူးဇီလန် |
| ၂။ | ဥရောပဒေသ (၃၅ နိုင်ငံ) | - အီတလီ၊ စပိန်၊ ပြင်သစ်၊ ဂျာမနီ၊ ဆွစ်ဇာလန်၊ နယ်သာလန်၊ အင်္ဂလန်၊ ဒိန်းမတ်၊ ဆွီဒင်၊ နော်ဝေး၊ ဘယ်လ်ဂျီယံ၊ ဩစတြီးယား၊ ချက်သမ္မတနိုင်ငံ၊ ဆလိုဗေးနီးယား၊ ပေါ်တူဂီ၊ ဖင်လန်၊ အစ္စရေး၊ ဂရိ၊ အက်စတိုးနီးယား၊ ဆန်မာရီနို၊ အိုင်ယာလန်၊ ရိုမေးနီးယား၊ ပိုလန်၊ အိုက်စလန်၊ လူဇင်ဘတ်၊ အယ်လ်ဘေးနီးယား၊ ဆားဘီးယား၊ ဆလိုဗေးကီးယား၊ ခရိုအေးရှား၊ ဘယ်လာရုစ်၊ ဟန်ဂေရီ၊ ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား၊ မြောက်မက်ဆီဒိုးနီးယား၊ ဘူဂေးရီးယား၊ ယူကရိန်း |
| ၃။ | အရှေ့တောင်အာရှဒေသ (၆ နိုင်ငံ) | - အိန္ဒိယ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မော်လ်ဒိုက်၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ် |
| ၄။ | အရှေ့အလယ်ပိုင်းဒေသ (၁၁ နိုင်ငံ) | - အီရန်၊ ကာတာ၊ ကူဝိတ်၊ အီဂျစ်၊ အီရတ်၊ ယူအေအီး၊ လက်ဘနွန်၊ ဘာရိန်း၊ ဆော်ဒီအာရေဗျ၊ တူနီးရှား၊ မော်ရိုကို |
| ၅။ | အမေရိကဒေသ (၁၀ နိုင်ငံ) | - အမေရိကန်၊ ကနေဒါ၊ ဘရာဇီး၊ ချီလီ၊ အာဂျင်တီးနား၊ ပီရူး၊ ပနားမား၊ ကော်စတာရီကာ၊ အီကွေဒေါ၊ ပါရာဂွေး |
| ၆။ | အာဖရိကဒေသ (၄ နိုင်ငံ) | - အယ်လ်ဂျီးရီးယား၊ တောင်အာဖရိက၊ ဆီနီဂေါ၊ ကမ်မရွန်း |
| ၇။ | နယ်မြေဒေသ (၁ နိုင်ငံ) | - ပါလက်စတိုင်းနယ်မြေ |

- အီတလီနိုင်ငံ၊ အီရန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံပြင်ပ အခြားနိုင်ငံများတွင် ရောဂါဖြစ်ပွားမှုအားလုံး၏ (၆၀ %) ခန့်နှင့် သေဆုံးမှုအားလုံး၏ (၈၄ %) ခန့်ရှိပါသည်။
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၁-၃-၂၀၂၀) ထုတ်ပြန်ချက်အရ လွန်ခဲ့သော (၂) ပတ်အတွင်း၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း ကျဆင်းလာသော်လည်း အခြား ကမ္ဘာ့နိုင်ငံများတွင် ရောဂါကူးစက်သူဦးရေ (၁၃)ဆများပြားလာခဲ့ပြီး ရောဂါကူးစက်ဖြစ်ပွားသည့်နိုင်ငံအရေအတွက်မှာလည်း (၃) ဆ များပြားလာခဲ့ကြောင်း သိရှိရပါသည်။
- လက်ရှိအချိန်၌ ကမ္ဘာပေါ်တွင် COVID–19 ရောဂါအတည်ပြုလူနာ မတွေ့ရှိရသေးသော ကမ္ဘာ့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ စုစုပေါင်း (၅၈) နိုင်ငံရှိပြီး ထိုနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်ပါသည်။

**၂။ မြန်မာနိုင်ငံ၏ COVID–19 ရောဂါဖြစ်ပွားမှုအခြေအနေ (၁၅-၃-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀) နာရီအချိန်ထိ)**

| | ဓာတ်ခွဲစစ်ဆေးမှု အခြေအနေ | | | လူနာဦးရေ စုစုပေါင်း |
|---|---|---|---|---|
| | ပိုးတွေ့ | ပိုးမတွေ့ | ဓာတ်ခွဲ နမူနာ ပေးပို့ရန် စီစဉ်ဆဲ | |
| စောင့်ကြည့်လူနာ | - | ၁၂၁ | ၇ | ၁၂၈ |
| သံသယလူနာ | - | ၂ | - | ၂ |
| **စုစုပေါင်း** | - | ၁၂၃ | ၇ | ၁၃၀ |

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိဆေးရုံများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၁၅-၃-၂၀၂၀) ရက်နေ့အထိ စောင့်ကြည့်လူနာ/ သံသယလူနာ တွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်း ဒေသကြီးတွင် (၅၁) ဦး၊ ရှမ်းပြည်နယ်တွင် (၂၁) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၂၅) ဦးနှင့် အခြား တိုင်းဒေသကြီး/ ပြည်နယ်များတွင် (၃၃) ဦး စုစုပေါင်း (၁၃၀) ဦးတို့ဖြစ်ပါသည်။

၄။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID–19 ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအား ဆောင်ရွက်ရာတွင်–

(က) COVID–19 ရောဂါဖြစ်ပွား/ သေဆုံးမှုများသော နိုင်ငံများဖြစ်သည့် (တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ အီတလီနိုင်ငံ၊ အီရန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ စပိန်နိုင်ငံ၊ ပြင်သစ်နိုင်ငံနှင့် ဂျာမနီနိုင်ငံ) တို့မှမြန်မာနိုင်ငံအတွင်းသို့ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှတစ်ဆင့် ဝင်ရောက်လာမည့်ခရီးသွားများအား ယာယီအသွားအလာကန့်သတ်ခြင်း (Quarantine) လုပ်ငန်းများအား (၂၀၂၀) ခုနှစ်၊ မတ်လ (၁၅) ရက်နေ့မှစတင်၍ ပိုမိုတင်းကျပ် ထိရောက်စွာဆောင်ရွက်သွားမည်ဖြစ်ခြင်း၊

(ခ) သံသယလူနာနှင့် စောင့်ကြည့်လူနာများအား စောစီးစွာရှာဖွေဖော်ထုတ်ခြင်း၊ သီးခြားထားရှိ ကုသခြင်းနှင့် ထိရောက်ကောင်းမွန်သည့် ကုသမှုများပေးလျက်ရှိခြင်း၊

(ဂ) ဆင့်ပွားကူးစက်ပျံ့နှံ့မှုများအား ကာကွယ်နိုင်ရေးအတွက် လူနာနှင့်အနီးကပ် ထိတွေ့သူများ (အတူနေမိသားစုများနှင့်ကျန်းမာရေးဝန်ထမ်းများစသည်) တို့အား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆေးရုံ၊ ဆေးခန်းများတွင် ရောဂါပိုးကူးစက်မှု ကာကွယ် ထိန်းချုပ်ခြင်းလုပ်ငန်းများအား အစဉ်တစိုက် ဆက်လက်အားဖြည့်ဆောင်ရွက်ခြင်း၊

(ဃ) ကျန်းမာရေးဝန်ထမ်းများအား မှန်ကန်ထိရောက်သည့် ရောဂါကာကွယ်ရေးလုပ်ငန်းများအား တိကျစွာဆောင်ရွက်နိုင်ရန် လုပ်ငန်းလမ်းညွှန်ချက်များအား ရေးသားဖြန့်ဝေခြင်းနှင့် ပြည်သူလူထုမှ လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များအား ဖြန့်ဝေခြင်း၊

(င) ကမ္ဘာ့နိုင်ငံများအပါအဝင် မြန်မာနိုင်ငံ၌ လတ်တလောဖြစ်ပွားနေသော အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား နိုင်ငံပိုင်သတင်းစာမျက်နှာများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov. mm) နှင့် လူမှုကွန်ရက်စာမျက်နှာများ (https://www.facebook.com/ MinistryOf HealthAndSportsMyanmar နှင့် https://www.facebook.com/MyanmarCDC) တို့တွင် ဖော်ပြခြင်းနှင့် တစ်ပြိုင်တည်းမှာပင် ပြည်သူလူထုအကြား ပျံ့နှံ့လေ့ရှိသည့် သတင်းအမှားများအား သတင်းအမှန်များဖြင့်အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်း၊

(စ) ကျန်းမာရေးအသိပညာပေးလုပ်ငန်းများအား မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူမှုရေး အသင်းအဖွဲ့များ (Civil Society Organizations)နှင့် ပြည်သူလူထုအခြေပြုအသင်းအဖွဲ့များ (Community Based Organizations) တို့မှပူးပေါင်း၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူစည်ကားသည့် နေရာများဖြစ်သည့် ကားဂိတ်များ၊ ဈေးများစသည့် နေရာများတွင် COVID–19 ကျန်းမာရေးအသိပညာပေးလုပ်ငန်းများအား Hand Held Loud Speaker များဖြင့် ပိုမိုဆောင်ရွက်စေခြင်း၊

(ဆ) COVID – 19 ရောဂါကြောင့် ပြည်သူလူထု၏ လူမှုစီးပွားထိခိုက်မှုများ နည်းပါးစေရန် သက်ဆိုင်ရာ နီးနွယ်ဌာနများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

၅။ ရန်ကုန်တိုင်းဒေသကြီးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ COVID–19 ရောဂါကာကွယ်ထိန်းချုပ်ကုသရေးအတွက် လိုအပ်သော စက်ပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကို (၁၅-၃-၂၀၂၀) ရက်နေ့၊ နံနက် (၁၁:၀၀) နာရီတွင်ပြုလုပ်ရာ အလှူရှင်များမှ လှူဒါန်းသည့် အလှူပစ္စည်းများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းနှင့် ဝန်ကြီးဌာနမှဂုဏ်ပြု မှတ်တမ်းလွှာပေးအပ်ခြင်း ပြုလုပ်ခဲ့ပါသည်။

၆။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီး ဦးဆောင်၍ COVID–19 ရောဂါထိန်းချုပ်ရေး ကော်မတီဝင်များနှင့် အခြားနီးနွယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ (၁၅-၃-၂၀၂၀) ရက်နေ့ ၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တိုင်းဒေသကြီးအဆင့် COVID–19 ရောဂါကာကွယ်ထိန်းချုပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၀) ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

၇။ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း မြင့်တက်လျက်ရှိသည့် နိုင်ငံများမှ ခရီးသည်များသည် လေကြောင်းခရီးဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ အခြားနိုင်ငံများတွင် ရပ်နားဖြတ်သန်းပြီးသော်လည်းကောင်း၊ မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်သည့် အခြေအနေများစွာရှိနေပါသည်။

- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဖြစ်သော အဖျားရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း၊ နိုင်ငံတကာမှ ခရီးသည်များအား COVID–19 ရောဂါကင်းရှင်းကြောင်း လက်မှတ်နှင့် ကျန်းမာကြောင်းဆေးထောက်ခံချက် (Medical Certificate) ပါရှိမှသာ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ လေယာဉ်ပေါ်တွင် Health Declaration Card များ ဖြည့်စွက်ခြင်းအား အထူးကြပ်မတ်ခြင်းများအား ဆောင်ရွက်လျက်ရှိပါသည်။
- ရောဂါလက္ခဏာမပြသေးသော်လည်း ရောဂါရှိသူ (Asymptomatic carrier) တစ်ဦးထံမှ အခြားသူများထံသို့ ရောဂါကူးစက်ပြန့်ပွားရာတွင် အလုံပိတ်အခန်း (သို့မဟုတ်) လေယာဉ်၊ သင်္ဘော၊ အဝေးပြေးဘတ်စ်ကားကဲ့သို့သော နေရာများတွင် ရောဂါကူးစက်မှုများပြားနိုင်ကြောင်းတွေ့ရှိရ၍ ပြည်သူလူထုများအနေဖြင့် သတိပြုရန် လိုအပ်ပါသည်။

**စာမျက်နှာ ၈ သို့❖**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့်ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် မတ် ၁၅

Coronavirus Disease 2019 (COVID-19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် ညှိနှိုင်းအစည်းအဝေး (၃၄/၂၀၂၀) ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဧည့်ခန်းမ၌ ကျင်းပသည်။

**ရောဂါဖြစ်ပွားသူ တစ်ဦးမျှ မတွေ့ရှိရသေး**

အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မိမိတို့နိုင်ငံ၌ ယခုလက်ရှိအချိန်အထိ ဓာတ်ခွဲအတည်ပြု COVID-19 ရောဂါဖြစ်ပွားသူ တစ်ဦးမျှ မတွေ့ရှိရသေးသော်လည်း ကမ္ဘာ့နိုင်ငံအသီးသီးတွင် COVID-19 ရောဂါကူးစက်ဖြစ်ပွားမှု၊ ပျံ့နှံ့မှုပုံစံနှင့် အခြေအနေကို ကပ်ရောဂါဗေဒရှုထောင့်မှ အနီးကပ်လေ့လာဆန်းစစ်သုံးသပ်လျက်ရှိပါကြောင်း၊ ထိုသို့လေ့လာသုံးသပ်ရာမှ ရရှိသောတွေ့ရှိချက်များအပေါ် မူတည်၍ မိမိတို့နိုင်ငံ၏ ရောဂါကူးစက်ခြင်း ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို ပြုပြင်ပြောင်းလဲ၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့အနေဖြင့် ပြည်သူများ ရောဂါကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုမရှိစေရေးတို့အတွက် ဆုံးဖြတ်ချက်များကို ပြတ်သားစွာချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနမှ အကြံပြုထားသည့်အတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနများ နှင့် ပြည်သူလူထုမှ လိုက်နာဆောင်ရွက်လျက်ရှိသည့်အတွက် လူစုလူဝေးများနှင့် ပွဲလမ်းသဘင်များ များစွာလျော့ပါးသွားပြီဖြစ်သဖြင့် ရောဂါကူးစက်ပြန့်ပွားနိုင်ခြေ နည်းပါးလာမည်ဖြစ်ကြောင်း။

ထို့အပြင် ကူးစက်ရောဂါ ဖြစ်ပွားမှုမြင့်မားလျက်ရှိသော နိုင်ငံများမှ ခရီးသည်များ ပြည်တွင်းသို့ ဝင်ရောက်မှုနည်းပါးခြင်းဖြင့် မိမိတို့နိုင်ငံ၌ ရောဂါဝင်ရောက်ဖြစ်ပွားမှု နည်းပါးနိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ ယခုအချိန်တွင် ရောဂါဖြစ်ပွားမှုများပြားသော နိုင်ငံခုနစ်နိုင်ငံမှ ဝင်ရောက်လာသော ခရီးသွားဧည့်သည်များကို စိစစ်၍ ၁၄ ရက်တာကာလ အသွားအလာကန့်သတ် (quarantine)ရန် ယနေ့မှ စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အခြားနိုင်ငံများ၌ ရောဂါဖြစ်ပွားမှုနှင့် ပျံ့နှံ့မှုပုံစံများအရလိုအပ်ပါက နိုင်ငံအရေးအတွက် ထပ်မံတိုးမြှင့်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတရုံးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ ပြည်သူများ ထံပန်ကြားချက်များကို ပြည်သူများအနေဖြင့် အလေးထားလိုက်နာဆောင်ရွက် ကြစေလိုပါကြောင်း။

ကပ်ရောဂါအသွင်ဖြင့် ဖြစ်ပွားသော ရောဂါများကို နှိမ်နင်းရာတွင် ပြည်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ထိရောက်မှုရှိသဖြင့် ပြည်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် တိတိကျကျ လိုက်နာဆောင်ရွက်ရန် တိုက်တွန်းပန်ကြားလိုပါကြောင်း၊ မိမိအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆေးရုံများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့် ဓာတ်ခွဲခန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးနှီးနွှယ်ဝန်ထမ်းများ၊ ဓာတ်ခွဲဝန်ထမ်းများ၏ လုပ်ဆောင်ချက်စွမ်းရည်များနှင့် စိတ်စေတနာများကိုလည်း ယုံကြည်ပါကြောင်း။

ဝန်ထမ်းများသည် ဤရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌လည်းကောင်း၊ ဆေးရုံများ၌ ကုသမှုပေးသည့်ကိစ္စများ ဆောင်ရွက်ရာ၌လည်းကောင်း၊ အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများကို ဆေးရုံနှင့် ကျန်းမာရေးအဆောက်အဦများ၌ထားရှိပြီး ကျန်းမာရေးဝန်ဆောင်မှုပေးရာ၌လည်းကောင်း မိမိ၏ ကိုယ်ပိုင်အရေးကဲ့သို့ သဘောထားကာ ဆောင်ရွက်လျက်ရှိသဖြင့် မိမိအနေဖြင့် ချီးကျူးဂုဏ်ယူပါကြောင်း၊ ထို့အပြင် ဝန်ကြီးဌာနအား ငွေအင်အား၊ ပစ္စည်းအင်အားများအပါအဝင် ဝိုင်းဝန်းပံ့ပိုးမှုများ ပေးလျက်ရှိသော မြန်မာနိုင်ငံသူ၊ နိုင်ငံသားများနှင့် ပြည်ပနိုင်ငံများမှ အဖွဲ့အစည်းများအား ပြည်သူများအားလုံး၏ကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်း။

**ဖြည့်ဆည်းပြင်ဆင်လျက်ရှိ**

အလုံပိတ်အခန်းနေရာများတွင် ရောဂါကူးစက်နိုင်ခြေမြင့်မားသဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ YBS Aircon-bus များတွင် COVID-19 ကဲ့သို့သော အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်နိုင်သည့် ရောဂါများကူးစက်မှုလျော့ချရေးကို အဖြေရှာရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လှည်းကူးမြို့နယ်ရှိ ပြည်သူ့ကျန်းမာရေး သင်တန်းကျောင်းနှင့် သိမ်ဖြူကွင်းရှိ အားကစားအဆောက်အဦများတွင် အသွားအလာကန့်သတ်(quarantine)ရန်အတွက် အသုံးပြုမည်ဖြစ်သဖြင့် အဆိုပါလုပ်ငန်းများတွင် လိုအပ်မည့် လူအင်အား၊ ပစ္စည်းအင်အားများကို ဖြည့်ဆည်းပြင်ဆင်လျက်ရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အဝေးပြေးဂိတ်များနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်၊ မြို့ကြီးများရှိ အဝေးပြေးကားဂိတ်များတွင် ခရီးသွားပြည်သူများအား COVID-19 ရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးအသိပညာပေးခြင်းကို လက်ကိုင်အသံချဲ့စက်ငယ်များအသုံးပြုကာ ယခုထက်ပိုမိုကြေညာနှိုးဆော်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူများတွင် COVID-19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာဗဟုသုတများရရှိမှုနှင့် လက်တွေ့အသုံးချနိုင်မှုအခြေအနေများကို အသုံးချသုတေသနပုံစံဖြင့် ဆန်းစစ်မှုများကို ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)မှ ဆောင်ရွက်ထားပါကြောင်း၊ တွေ့ရှိချက်များကိုမူတည်၍ မိမိတို့သည် လိုအပ်သလို ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများကို မွမ်းမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါသုတေသနမှ ဆန်းစစ်မှုမေးခွန်းများကို တိုင်းဒေသကြီး/ ပြည်နယ်များသို့ဖြန့်ဝေ၍ အထူးသဖြင့် နယ်စပ်ဝင်၊ ထွက်ပေါက်များတွင် သွားလာနေသူများအား ဆန်းစစ်ရန်လိုအပ်ကြောင်း။

**ဆက်လက်ပံ့ပိုးမည်**

လက်ကိုစနစ်တကျ ဆပ်ပြာနှင့် ရေကိုအသုံးပြုဆေးကြောခြင်းသည် ရိုးရှင်းသည်ဟု ထင်ရသော်လည်း COVID-19 အပါအဝင် ကူးစက်ရောဂါအများအပြားကို ထိရောက်စွာကာကွယ်နိုင်သဖြင့် ဝန်ကြီးဌာန၏ တစ်ပြည်လုံးရှိ ဆေးရုံများတွင် လူနာနှင့် လူနာစောင့်များ လက်ဆေးကြောရန် ဘေစင်နှင့် ရေရရှိမှုကို အမြန်ဆုံးဆောင်ရွက်ရန် မိမိညွှန်ကြားထားပါကြောင်း၊ ဆောင်ရွက်ခြင်း ရှိ၊ မရှိကို မိမိတို့သုံးသပ်ပြီး တစ်ပြည်လုံးရှိ ဆေးရုံများ၌ ဆောင်ရွက်နိုင်ရန် မိမိတို့ဝန်ကြီးဌာနမှ ဆက်လက်ပံ့ပိုးမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVID-19 ရောဂါနှင့်ပတ်သက်သည့် နောက်ဆုံးအချက်အလက် (Daily Update Situation)နှင့် ထုတ်ပြန်ကြေညာချက်များ၊ ဝန်ကြီးဌာနမှ ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်း ဆောင်ရွက်နေမှု၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း၊ အခြားနိုင်ငံများမှ ထူးခြားဖြစ်စဉ်များနှင့် သတင်းများ၊ စောင့်ကြည့်လူနာများ၏ အခြေအနေ၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)မှ ဆောင်ရွက်ထားသည့် ပြည်သူများအကြား COVID-19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာဗဟုသုတများ ရရှိမှုနှင့် လက်တွေ့အသုံးချနိုင်မှုအခြေအနေများကို အသုံးချသုတေသနမှ တွေ့ရှိချက်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ လူနာလွှဲပြောင်းပို့ဆောင်မှုတွင် ပါဝင်ဆောင်ရွက်မည့် အစီအစဉ်၊ ကျန်းမာရေးအသိပညာပေး နှိုးဆော်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ COVID-19 ရောဂါဓာတ်ခွဲစစ်ဆေးမှုဆိုင်ရာသင်တန်းများ ပြုလုပ်နေမှု၊ ဆေးနှင့် ဆေးပစ္စည်းများ ဝယ်ယူမှု၊ လှူဒါန်းလက်ခံရရှိမှု စသည်တို့ကို ဆွေးနွေးကြသည်။

သတင်းစဉ်

❖ စာမျက်နှာ ၇ မှ

၈။ မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားသူအများအပြား ရုတ်တရက်တစ်ပြိုင်နက် တွေ့ရှိလာနိုင်ပြီး ပြည်သူများအတွင်း၌ ကူးစက်ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် -

(က) ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများနှင့် ပွဲလမ်းသဘင်ရှိရာနေရာများကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြပါရန်၊

(ခ) အခြေအနေအကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ကြပါရန်၊

(ဂ) ရောဂါဖြစ်ပွားနေသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှ ထွက်ရှိလာသော အမှုန်အမွှားများမှတစ်ဆင့် ရောဂါကူးစက်နိုင်သဖြင့် လက်ကိုမကြာခဏ ဆပ်ပြာဖြင့် ဆေးကြောပေးရန်အတွက် ပွဲလမ်းသဘင်များတွင် ဆပ်ပြာနှင့် ရေ (သို့မဟုတ်) လက်သန့်စင်ဆေးရည် (Hand Sanitizer) များ စီစဉ်ထားရှိရန်၊

(ဃ) ပွဲလမ်းသဘင်များမကျင်းပမီ COVID-19 ရောဂါနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအား (၅) မိနစ်ခန့် အချိန်ယူပြောကြားရန်၊

(င) အကယ်၍ ထိုသို့မလွှဲမရှောင်သာကျင်းပရပါက တက်ရောက်သည့်လူအရေအတွက် နည်းနိုင်သမျှနည်းပါးစေရန်နှင့် ဖျားနာသူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများ မလာရောက်စေရေး အစီအမံများ တင်းကျပ်စွာပြုလုပ်ရန်၊

(စ) COVID-19 ရောဂါသည် အထူးသဖြင့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါ၊ ကင်ဆာရောဂါအခံရှိသူများ၌ ပိုမိုပြင်းထန်စွာဖြစ်ပွားနိုင်ပါ၍ ၎င်းတို့အား လူစုလူဝေးမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ရန်နှင့် ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များအား စနစ်တကျလိုက်နာရန် လိုအပ်ပါသည်။

၉။ ကမ္ဘာ့ကပ်ရောဂါ (Pandemic) အနေဖြင့် ဖြစ်ပွားလျက်ရှိသော COVID-19 ရောဂါအား တုံ့ပြန်ဆောင်ရွက်ရာတွင် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ကျန်းမာရေးဝန်ထမ်းများနှင့်အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် လွန်စွာအရေးပါလှပါသဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေးနှိုးဆော်ချက်များကိုလည်း တိကျစွာ စနစ်တကျလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# မြဝတီမြို့၌ ကိုရိုနာဗိုင်းရပ်စ်စစ်ဆေးခြင်း အရှိန်အဟုန်မြှင့်တင်လျက်ရှိ

မြဝတီ မတ် ၁၅

COVID-19 ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံဘက်သို့ ပြန်လာကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ဝင်၊ ထွက် သွားလာသူများအား ထိုင်း - မြန်မာ နှစ်နိုင်ငံ အဝင်၊ အထွက် နယ်စပ်ဂိတ်များမှ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုမရှိစေရန် ရောဂါများ စစ်ဆေးခြင်း၊ အဖျားတိုင်းတာခြင်း၊ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် ကျန်းမာရေး စစ်ဆေးခြင်းလုပ်ငန်းများကို နေ့စဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါဆောင်ရွက်မှုကို မြဝတီခရိုင် ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ အကောက်ခွန်၊ ရဲ၊ လဝက၊ ကြက်ခြေနီတပ်ဖွဲ့များ စသည့် ဌာနဆိုင်ရာများက အလှည့်ကျ နေ့စဉ်ဆောင်ရွက်နေမှုများကို မတ် ၁၄ ရက်တွင် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ တံတားလဝက တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းရွှေ၊ အမှတ် (၂) အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ညွှန့်၊ မြို့မိ မြို့ဖများဖြစ်သော ဒေါက်တာကိုကိုအောင်၊ ဆရာဝင်းချို၊ Z-Ruscu မှ ဦးကိုကိုဇော်တို့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မန်းသန်းရွှေမြင့်(ပြန်/ဆက်)

မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ငွေရတု၊ ရွှေရတု၊ စိန်ရတုမှသည် ရာပြည့်ပေါင်းများစွာတိုင် .....

## မြင့်မောင်စိုး

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလအတွင်း ပေါ်ပေါက်ခဲ့သော မြန်မာ့ရုပ်ရှင်သမိုင်းသည် ၂၀၂၀ ပြည့်နှစ်ဆိုလျှင် နှစ်တစ်ရာပြည့်မြောက်တော့မည်။ ရုပ်ရှင်သည် ပြည်သူကိုမျက်စိဖွင့်၊ နားဖွင့်ပေးခဲ့သည်။ ရုပ်ရှင်လောကသားများ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ပြည်သူလူထုကို ဗဟုသုတအကြားအမြင်များ ပွားစေခဲ့သည်။ အသိဉာဏ်စဉ်များ ရှင်သန်စေခဲ့သည်။

အခက်အခဲ အကျပ်အတည်းများကြားမှပင် မြန်မာ့ရုပ်ရှင်သည် ငွေရတုမှသည် ရွှေရတု၊ ရွှေရတုမှသည် စိန်ရတု၊ စိန်ရတုမှသည် ရာပြည့် ရုပ်ရှင်ပန်းများ လန်းဆန်းစေခဲ့သည်။ ပြည်သူများအကြား ရုပ်ရှင်ပန်းများမွှေးပျံ့စေခဲ့သည်။ မကြာမီကာလအတွင်း မြန်မာ့ရုပ်ရှင်ရာပြည့် အခမ်းအနားများ ဆက်တိုက်ဆက်တိုက် ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ရုပ်ရှင်သမိုင်းနှင့်ပတ်သက်၍ ကျယ်ကျယ်

### မြန်မာ့ရုပ်ရှင်သမိုင်း

မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်သို့ ရောက်ရှိသည်ဆိုလျှင်ပင် ရုပ်ရှင်သမိုင်းပြတိုက်နှင့်ပတ်သက်၍ ရာပြည့်အမီ ပြင်ဆင်နေမှုများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက သိလိုသည်များကို ရှင်းပြသည်။

"ကျွန်တော်တို့ရုပ်ရှင်သမိုင်းပြတိုက်က ရတုအလိုက်ဆိုရင် လေးခုရှိပါတယ်။ ၂၅ နှစ်ကို ရတုတစ်ခုပါ။ ၁၉၂၀ ပြည့်နှစ်ကနေ ၁၉၄၅ ခုနှစ်အထိက ငွေရတု၊ ၁၉၄၆ ခုနှစ်ကနေ ၁၉၇၀ ပြည့်နှစ်အထိက ရွှေရတု၊ ၁၉၇၀ ပြည့်နှစ်ကနေ ၁၉၉၅ ခုနှစ်အထိက စိန်ရတု၊ ၁၉၉၅ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်အထိက ရာပြည့်ဖြစ်ပါတယ်"ဟု ဦးအေးကြူလေးက မြန်မာ့ရုပ်ရှင် သမိုင်းရတုအလိုက် ပြင်ဆင်ထားမှုကို ပြောပြခဲ့ခြင်းဖြစ်သည်။ ငွေရတုပြခန်းအဝင်ဝတွင် ဂျပန်နွယ်ရင်သွေးဇာတ်ကားဆိုင်းဘုတ်ပင် ဖြစ်သည်။ ထိုရုပ်ရှင်ကား ကို ၁၉၃၄ ခုနှစ်တွင် မင်းသားဦးညီပုက ဂျပန်မင်းသမီးနှင့် တွဲဖက်ကာ ရိုက်ကူးပြသခဲ့သည့် အသံထွက်ရုပ်ရှင်ကား ဖြစ်သည်။ မြန်မာ- ဂျပန်ဆက်ဆံရေး သမိုင်းဝင် ရုပ်ရှင်ကားပင်ဖြစ်သည်။ မြန်မာ့ရုပ်ရှင် "စီနီမာဒီပဲရစ်"အမည်ရှိ ရုပ်ရှင်ရုံတွင် ၁၉၂၀ ပြည့်နှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင်ပြသခဲ့ရာ ရုံပြည့်ရုံလျှံ အားပေးကြည့်ရှုခဲ့ကြကြောင်း၊ အချို့ ထိုင်ခုံနေရာမရသဖြင့် အရန်ခုံများထိုးပြီး ကြည့်ရှုခဲ့ရကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။ ရုပ်ရှင်ဇာတ်ညွှန်းရေးဆရာ ဆရာကြီးပီမိုးနင်းသည် လူငယ်မြှင့်တင်ရေး၊ လူငယ်ပညာပေး ဓိသုကာကြီး ပီပီ အရက်ကြောင့် လူငယ်များပျက်စီးရပုံ၊ ဒုက္ခရောက်ရပုံ တို့ကို ဤ မေတ္တာနှင့်သူရာမည်သော ဝတ္ထုဇာတ်ညွှန်းကို ပုံဖော်ရိုက်ကူးပြသလိုက်ခြင်းပင်ဖြစ်သည်။

ဤဇာတ်ကား ရိုက်ကူးပြသနိုင်ခဲ့ခြင်းကြောင့် ဓာတ်ပုံဆရာ လန်ဒန်အတ်ဦးအုန်းမောင်ကို ပြည်မြို့ ဂျီစီဘီအေအသင်းက ရွှေတံဆိပ်နှင့်ဂုဏ်ပြုသကဲ့သို့ ရန်ကုန်မြို့ရှိ သုစရိတယုဝ ခေါ် အရက်ရှောင်ကြဉ်ရေးအသင်းကလည်း ဦးအုန်းမောင်ကို ရွှေတံဆိပ်နှင့်ဂုဏ်ပြုခဲ့ကြောင်း သမိုင်းမှတ် တမ်းများအရသိရသည်။

ဤရွှေ့ဤမျှ လူကြိုက်များခဲ့သော "မေတ္တာနှင့် သူရာ" ဇာတ်ကားသည် မြန်မာ့ရုပ်ရှင်သမိုင်းတွင် ပထမဆုံးသော ဇာတ်ကားအဖြစ် မှတ်တမ်းတင်ခဲ့ကြသည်။ တို့တက်ရောက်၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ရုပ်ရှင်ငွေရတုပွဲနှင့်အတူ စက်မှုလက်မှုပြပွဲကိုပါ ပူးတွဲပြသသည့်ပွဲလည်းဖြစ်ကြောင်း၊ ရုပ်ရှင်ပြဇာတ်အစည်းအရုံးတို့က ကြီးမှူး၍ ပြဇာတ်နှင့် ဇာတ်သဘင်ဖျော်ဖြေပွဲများဖြင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည့် သမိုင်းဝင်ပြပွဲကြီးပင်ဖြစ်ကြောင်း ဦးမြဟန်ရေးသားသော ကိုလိုနီခေတ်မြန်မာ့သမိုင်းအဘိဓာန်၌ ဖော်ပြထားလေသည်။

မြန်မာ့ရုပ်ရှင်လောက၌ ပထမဆုံးပြသသည့် ဇာတ်ကားမှာ ၁၉၂၀ ပြည့်နှစ်တွင်စပြသော မေတ္တာနှင့်သူရာ ဇာတ်ကားဖြစ်သည်။ ထို့ကြောင့် မြန်မာ့ရုပ်ရှင် သက်တမ်း ၂၅ နှစ်ပြည့်သည့်နှစ်မှာ ၁၉၄၅ ခုနှစ် ဖြစ်သည်။ ၁၉၄၅ ခုနှစ်တွင် စစ်အတွင်းကာလဖြစ်၍ မြန်မာ့ရုပ်ရှင် ငွေရတုပွဲကို ထိုနှစ်တွင် မကျင်းပဘဲ စစ်ပြီးစ ၁၉၄၇ ခုနှစ်ရောက်မှ ကျင်းပနိုင်ခဲ့ကြောင်းသိရသည်။

မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်အတွင်း ပြသထားသော ငွေရတုခေတ်ပြခန်းသည် စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများစွာရှိနေသည်ကအမှန်ပင်။



လန်ဒန်အတ်ဦးအုန်းမောင်၊ ဒါရိုက်တာ ဦးတုတ်ကြီး၊
ဓာတ်ပုံဆရာ ဦးမောင်မောင်၊ ဇာတ်ညွှန်းရေးဆရာ ပီမိုးနင်း။



မင်းသား ဦးညီပု၊ သရုပ်ဆောင် ဦးပါကြီး၊
မင်းသမီး မအေးကြည်( ခေါ်) မရီ၊ လူကြမ်း မောင်မောင်ချစ်။




မြဂနိုင်ဇာတ်ကားမှ ချစ်ဆွေနှင့်မြွေ

ပြန့်ပြန့်တင်ပြနိုင်ရန် အပြည့်စုံဆုံး၊ အကောင်းဆုံးနေရာမှာ ဗဟန်းမြို့နယ် ဝင်္ကဘာလမ်းရှိ မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ပင် ဖြစ်သည်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး တည်ရှိရာနေရာလည်းဖြစ်ပေသည်။ မြန်မာ့ရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်သမိုင်းပြတိုက်အဖြစ် ပြုပြင်မွမ်းမံတည်ဆောက်လျက်ရှိသည်။ ထိုရုပ်ရှင်သမိုင်းပြတိုက်သည် အဝေးတစ်နေရာမှ သမိုင်းပြတိုက်အတွင်း ဝင်ရောက်လိုက်သည်ဆိုလျှင်ပင် ဦးစွာတွေ့ရသောပြခန်းသည် ငွေရတုပြခန်းဖြစ်သည်။ ထိုငွေရတုပြခန်းအဝင်ဝတွင် ပထမဦးဆုံး မြန်မာ့ရုပ်ရှင်ဇာတ်ကားဖြစ်သည့် "မေတ္တာနှင့် သူရာ"ဇာတ်ကားဆိုင်းဘုတ်ကြီးကို ခမ်းနားထည်ဝါစွာ တွေ့ရသည်။ ဆိုင်းဘုတ်ဘယ်ဘက်ခြမ်းတွင် လန်ဒန်အတ် ဦးအုန်းမောင်၊ ဒါရိုက်တာ ဦးတုတ်ကြီး၊ ဓာတ်ပုံဆရာ ဦးမောင်မောင်၊ ဇာတ်ညွှန်းရေး

ထိုငွေရတုပြခန်း၏ အတွင်းထဲသို့ဝင်ရောက်လိုက်သည်ဆိုလျှင်ပင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ငွေရတုသဘင်အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားနေသော ပန်းချီကားချပ်ကြီးကို ခမ်းနားထည်ဝါစွာတွေ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်း၊ ဒီးဒုတ်ဦးဘချို၊ ရုပ်ရှင်ဖခင်ကြီး ဦးအုန်းမောင်၊ ဇာတ်မင်းသားကြီး ဦးဖိုးစိန်နှင့် ဗိုလ်ချုပ်၏ အပါးတော်မြဲ ဗိုလ်ထွန်းလှ

### ပထမဆုံး ရုပ်ရှင်မင်းသား

ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်သော ထိုငွေရတုသဘင် အခမ်းအနား ပန်းချီကားကြီးအောက်ဘက်တွင် ရွှေရောင်တောက်နေသော ကိုယ်တစ်ပိုင်းပုံရုပ်တု သုံးခုစီတန်းလျက် တွေ့ရသည်။ ထိုရုပ်တု သုံးရုပ်မှာ အလယ်ကောင်တည့်တည့်က အရုပ်မှာ ပထမဆုံးသော ရုပ်ရှင်မင်းသားကြီး ဦးညီပုပင် ဖြစ်သည်။





ငွေရတုခေတ် ဒါရိုက်တာများ။

လှမ်း၍ကြည့်လိုက်လျှင် ကိုလိုနီခေတ်နေအိမ်အဆောက်အဦတစ်ခု အဖြစ်သာတွေ့ရမည်ဖြစ်ပါသည်။

အဆောက်အဦ၏ရှေ့မျက်နှာစာ ဘယ်ဘက်ခြမ်းတွင် မြန်မာ့ရုပ်ရှင်ကို စတင်တည်ထောင်အစပျိုးခဲ့သူ ရုပ်ရှင်ဖခင်ကြီးများဟုဆိုရမည့် မင်းသားကြီးဦးညီပု၊ လန်ဒန်အတ်ဦးအုန်းမောင်၊ ဓာတ်ပုံဆရာ ဦးမောင်မောင်တို့၏ ကိုယ်တစ်ပိုင်းပုံရုပ်တုများကို ရွှေရောင်တစ်ဝင်းဝင်းနှင့် တွေ့ရသည်။ ရှေ့မျက်နှာစာတည့်တည့်မှာတော့ မြန်မာ့ရုပ်ရှင် ရွှေစင်အကယ်ဒမီရုပ်တုကြီးကို ကြော့ကြော့မော့မော့ ရင်ကိုကော့လျက်အနေအထားနှင့် တွေ့ရပြန်သည်။ ဆရာ ပီမိုးနင်းတို့ကို ရုပ်ပုံများနှင့်တကွ ရေးဆွဲထားသော ပိုစတာကားချပ်ကို တွေ့ရသည်။

### ပထမဆုံးရုပ်ရှင်ကား

အလားတူ ဆိုင်းဘုတ်၏ ညာဘက်ထိပ်တွင် မင်းသားဦးညီပု၊ သရုပ်ဆောင် ဦးပါကြီး၊ မင်းသမီး မအေးကြည် ( ခေါ်) မရီ၊ လူကြမ်းမောင်မောင်ချစ်တို့ကိုလည်း ရုပ်ပုံများနှင့်တကွ ဖော်ပြထားသည်။ ဤသည်ကား မြန်မာ့ပထမဦးဆုံး ရုပ်ရှင်ကားကြီးပေါ်ထွက်လာရေးအတွက် ကြိုးပမ်းအားထုတ်ကြသူများပင် ဖြစ်၏။

ထို "မေတ္တာနှင့်သူရာ (love & Liquor)" ဇာတ်ကားကြီးကို ယခု ဗိုလ်ချုပ်အောင်ဆန်းဈေးနေရာတွင် ရှိခဲ့သော (တက္ကသိုလ်နေဝင်း)တို့ မြန်မာ့ရုပ်ရှင်ငွေရတုအခမ်းအနားသို့ တက်ရောက်လာပုံကို ပန်းချီဆရာ မောင်မောင်သိုက်နှင့် အဖွဲ့ကအမိအရ မှတ်တမ်းတင်လိုက်ခြင်းပင်ဖြစ်၏။

### ဗိုလ်ချုပ်နှင့် ငွေရတု

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်တက်ရောက်ခဲ့သော မြန်မာ့ရုပ်ရှင်လုပ်ငန်း သက်တမ်း ၂၅ နှစ်ပြည့် ငွေရတုသဘင်အခမ်းအနားကြီးကို ရန်ကုန်မြို့ ရွှေတိဂုံဘုရား အနောက်မုခ်ကွင်း၌ ၁၉၄၇ခုနှစ် မတ်လ ၁ ရက်နေ့မှ ၁၀ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း၊ မတ်လ ၁ ရက်နေ့ဖွင့်ပွဲ အခမ်းအနားသို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဘုရင်ခံ ဆာဟူးဘတ်ရန့် ညာဘက်တွင် ဓာတ်ပုံဆရာ ဦးမောင်မောင်ဖြစ်ပြီး ဘယ်ဘက်တွင်မူ လန်ဒန်အတ် ဦးအုန်းမောင်ဖြစ်သည်။ သူတို့သုံးဦးသည် မြန်မာ့ရုပ်ရှင်လောကကို စတင်တည်ထောင်သူများအဖြစ် ရုပ်ရှင်လောကသားများက မှတ်တမ်းတင်ခဲ့ကြလေသည်။ တစ်နည်းအားဖြင့် မြန်မာ့ရုပ်ရှင်၏ ဖခင်ကြီးများဟုပင် ဆိုကြသည်။

ထိုငွေရတုပြခန်း၏ ညာဘက်ခြမ်း၌ ငွေရတုကာလ ထင်ရှားကျော်ကြားခဲ့သော ဒါရိုက်တာကြီးများ၏ပုံများကို Light Box အတွင်းထည့်ကာ ၎င်းတို့ရိုက်ကူးခဲ့သော ရုပ်ရှင်ကားအမည်များနှင့်တကွ ပြသထားသည်။

စာမျက်နှာ ၁၁ သို့ ❖



ငွေရတုခေတ်မင်းသားများ။



ငွေရတုခေတ်မင်းသမီးများ။

❖ စာမျက်နှာ ၁၀ မှ

ထိုဒါရိုက်တာတို့သည်ကား ရွှေစက်တော်၊ ရွှေမေတ္တာ၊ ရွှေပင်နားရွှေကျေးဇာတ်ကားများ ရိုက်ကူးခဲ့သော ဦးဘတင်၊ ရွှေဘုန်းတော်၊ ဘုန်းတော်ရှင်၊ မြဂနိုင် ဇာတ်ကားများ ရိုက်ကူးခဲ့သော ဒါရိုက်တာ ဦးချန်ထွန်း၊ ကြင်သက်ဝေ၊ မြမျက်ခြယ်၊ စိန်းရောင်ရှင်ဇာတ်ကားများ ရိုက်ကူးခဲ့သော ဒါရိုက်တာ ရွှေညာမောင်၊ ဗိုလ်အောင်ဒင် ဇာတ်ကားရိုက်ကူးသူ ရွှေဒိုးဘီအောင်၊ တစ်ခိုင်လုံးရွှေ၊ တစ်ခိုင်လုံးစိန်၊ ရွှေပေးလို့မရ ဇာတ်ကားများရိုက်ကူးသူ ဘုံဘေပြန် ဦးတုတ်ကြီး၊ ဂျပန့်ရင်သွေးရိုက်ကူးသူ ဒါရိုက်တာ ဦးညီပု၊ ရတနာပုံနှင့်မောင့်ဒေဝီ ဇာတ်ကား ရိုက်သူ လန်ဒန်အတ် ဦးအုန်းမောင်တို့၏ပုံများ ပါဝင်သည်။

မြန်မာ့ရုပ်ရှင်ငွေရတုကာလတွင် ဇာတ်ညွှန်းများစွာရေးသားခဲ့သော စာရေးဆရာကြီး ပီမိုးနင်းသည်လည်း ဒါရိုက်တာတစ်ဦးပင်ဖြစ်သည်။ ဆရာကြီးသည်လည်း ဦးကလိန်နှင့် ချစ်တဲ့သူရယ် အမည်ရ ဇာတ်ကားများကို ကိုယ်တိုင်ရိုက်ကူးခဲ့သေးသည်။ ထိုခေတ် ထိုအခါက BIA တွင် အမှုထမ်းခဲ့သူ ဒါရိုက်တာ ဦးဘရှင်သည် သေနတ်ပစ် အလွန်ကောင်းသူအဖြစ် ထင်ရှားသည်။ သူသည် မက်ဆိုပိုတေးနီးယားစစ်ပွဲတွင် မြန်မာစစ်သားများ ပါဝင်ဆင်နွှဲခဲ့ရပုံများကို ဗြိတိသျှ ဘားမားရုပ်ရှင်က ချစ်ရနံ့ကြိုင်နှင့် ချစ်နံ့မပြယ် ဇာတ်ကားများကို ၁၉၃၀ ပြည့်နှစ်တွင် ရိုက်ကူးပြသခဲ့သည်။ ထိုဇာတ်ကားများသည် မြန်မာနိုင်ငံ၏ ပထမဆုံးရုပ်ရှင်စစ်ကားများအဖြစ် လူသိများခဲ့သည်။

**စတန့်မင်းသား**

ဤငွေရတုကာလ ငွေရတုပြခန်း၌ အထူးပြသထားသောပြကွက်မှာ စတန့်မင်းသားများပြကွက်ပင် ဖြစ်သည်။ ထိုပြကွင်းပြကွက်ကိုလည်း Light Box နှင့်ပင် တသီးတခြား ပြသထားသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ထိုပြကွက်သည် မြန်မာ့ရုပ်ရှင်ခေတ်ဦး ငွေရတုကာလက စတန့်မင်းသားကောင်းများ ပေါ်ထွက်ခဲ့သည်ကို အထင်အရှား ပြသလိုက်ခြင်းပင် ဖြစ်သည်။

စတန့်မင်းသားများအနက် ချစ်ရွှေကြီး ခေါ် ချစ်ဆွေကြီးမှာ အထင်ရှားဆုံး၊ လူကြိုက်အများဆုံး မင်းသားတစ်လက်ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဟူမူ ထိုပြခန်း၌ နီလာရောင်ဇာတ်ကားတွင် ချစ်ဆွေကြီးက လူစားမထိုးဘဲ မိကျောင်းအစစ်ဖြင့် သတ်ပုတ်ခန်းကို ထူးထူးခြားခြား ပြသထားသည်။ ဒါရိုက်တာ မောင်တင်မောင်က စတန့်မင်းသား ချစ်ဆွေကြီးကို နီလာရောင် ဇာတ်ကား၌ ရေဘုရင်မိကျောင်းနှင့် သတ်ပုတ်နိုင်ရန် ပြင်ခရိုင်မှ မိကျောင်း ငါးကောင် ဝယ်ယူပြီးနောက် သင့်တော်ရာ တစ်ကောင်နှင့် သတ်ပုတ်စေခဲ့ကြောင်း၊ မိကျောင်းကြီးကို အနိုင်သတ်ပုတ်ပြီး အသင့်ယူဆောင်လာသော ဓားမြောင်ဖြင့် ဆင့်ကာဆင့်ကာထိုးသတ်ခဲ့ကြောင်း၊ ရုပ်ရှင်ရိုက်ကူးနေသူ ဒါရိုက်တာနှင့်တကွ ဝိုင်းကြည့်နေသူ အပေါင်းတို့သည် ရင်တထိတ်ထိတ်နှင့် သက်ပြင်းချခဲ့ရကြောင်း ဦးပြည့်စုံရေးသားသော လွတ်လပ်ရေးတိုက်ပွဲဝင် မြန်မာ့ရုပ်ရှင်ပညာသည်များစာအုပ်၌ ဖော်ပြထားသည်ကို တွေ့ရသည်။

ထို့ပြင် မြဂနိုင်ဇာတ်ကားတွင် ချစ်ဆွေကြီးနှင့် မြွေသူသေကိုယ်သေသတ်ပုတ်ခန်း၊ အိမ်ခေါင်မိုးပေါ်မှ ကျွမ်းပစ်ချခန်းတို့ကိုလည်း ပြသထားရာ အလွန်ပင် ချီးကျူးလေးစားစရာကောင်းသည်။ ချစ်ရွှေကြီး၊ မြင့်မြင့်ခင်တို့ အဓိကပါဝင်သရုပ်ဆောင်ထားသော မြဂနိုင်ရုပ်ရှင်ကားသည် ယူနက်စကို၏ အာရှပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့အောက်မေ့ဖွယ် အရုပ်အသံအမွေအနှစ်အဖြစ် သတ်မှတ်ခြင်းခံရသော ဇာတ်ကားလည်း ဖြစ်သည်။ စတန့်မင်းသားများအနက် ချစ်ဆွေကြီးအပြင် စွမ်းသတ္တိဇာတ်ကားမှ စတန့်မင်းသား ကျော်ညွှန့် တံတားပေါ်မှ ဒိုင်ဗင်ထိုးချခန်း၊ မြိုင်ယံဘွားဇာတ်ကားမှ အေဝမ်းညွှန့်မောင်တို့၏တောတွင်းစွန့်စားခန်းများကိုလည်း ပြသထားသည်။

**ပထမဆုံးသောစတန့်မင်းသား**

သို့သော် ပထမဆုံးသောစတန့်မင်းသားမှာ ဦးစိန်(ခေါ်) ဦးပဂျိုင် ဖြစ်သည်။သူသည် ၁၉၂၃ ခုနှစ်က ဒါရိုက်တာ ဦးဘသန်းရိုက်ကူးသည့် နဖူးစာရွာလည်ဇာတ်ကားတွင် စတန့်ဟီးရိုးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ထိုဇာတ်ကားတွင်သူ့အစ်ကိုမောင်ရှိန် ( ကာယဗလဦးရှိန်)က လူကြမ်းအဖြစ်ပါဝင်ပြီး မော်တော်ကားအဖြတ် အကြိတ်ခံရသောအခန်း၊ ထိုးသတ်ခန်းများအပြင် တိုက်ပေါ်မှ သစ်ပင်ပေါ်သို့ ခုန်ကူးခန်းကဲ့သို့ စတန့်ခန်းများပါဝင်လေသည်။

စတန့်မင်းသားခေတ်တွင် စတန့်မင်းသားတင်ဖေနှင့် စတန့်မင်းသား တင်ငွေတို့သည်လည်း နာမည်ကြီးကြသည်။ သူတို့နှစ်ဦးစလုံးသည် ဒုတိယကမ္ဘာစစ်ကြီး မြန်မာနိုင်ငံအတွင်း ကူးစက်လောင်ကျွမ်းချိန် ဗမာ့လွတ်လပ်ရေးတပ်မတော် BIA သို့ဝင်ရောက်ကာ အမှုထမ်းခဲ့ဖူးကြောင်း သိရသည်။ အထက်တွင်ဖော်ပြခဲ့သော စတန့်မင်းသားချစ်ဆွေကြီးသည်လည်း BIA တပ်တွင် တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်ကြောင်း သိရသည်။

ဤစတန့်မင်းသားပြခန်းပြကွက်သည် မြန်မာ့ရုပ်ရှင်ခေတ်ဦးတွင် မြန်မာဒါရိုက်တာကြီးများက ယခုခေတ်သည်းထိတ်ရင်ဖိုဇာတ်ကားများကဲ့သို့ ခေတ်ရှေ့ပြေးပြီး ရိုက်ကူးပြသနိုင်ခဲ့ကြောင်းကို မှတ်ကျောက်တင်လိုက်ခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာ့ရုပ်ရှင်ပညာရှင်များ၏ အစွမ်းကိုပြသလိုက်ခြင်းလည်း ဖြစ်သည်။ လူအများစိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများကို ရုပ်ရှင်ပညာ၊ မြန်မာလူမျိုးတို့ပင်ကိုအစွမ်းသတ္တိတို့နှင့်ပေါင်းစပ်ကာ မြန်မာ့ရုပ်ရှင်ခေတ်များကို အဆင့်ဆင့် တိုးတက်ပြောင်းလဲစေခဲ့သည်။

ထိုပြခန်းပြကွက်၌ မြန်မာ့ရုပ်ရှင် ခေတ်ဦးက ဒါရိုက်တာနှင့် သရုပ်ဆောင်များ၏ ဝတ်စားဆင်ယင်မှုကိုလည်း တွေ့နိုင်သည်။ မင်းသားကြီးဦးညီပု၊ ဒါရိုက်တာဦးဘရှင်တို့ကို ခေါင်းပေါင်းစ တလူလူနှင့် တွေ့ရသည်။ နာမည်နာမအားဖြင့်လည်း ဘရှင်၊ ဘဇင်၊ ဘသင်၊ ဘကလေး စသည်ဖြင့် မြန်မာနာမည်များတွင် " ဘ"တစ်ခေတ် ထခဲ့သည်။

သရုပ်ဆောင်မင်းသားများတွင်လည်း ခင်မောင်ရင်၊ ခင်မောင်ထွန်း၊ မောင်တင်မောင်၊ အေဝမ်းညွှန့်မောင်၊ မောင်မောင်ခင်၊ ပြည်လှဖေ၊ အေးကို၊အေးကြူ၊ ကျော်ညွှန့်၊ ကျော်အေး စသည့် ရှိရှင်းသောနာမည်များကို တွေ့ရသည်။ သရုပ်ဆောင်မင်းသားများ၏ ဝတ်စားဆင်ယင်ပုံမှာလည်း ရိုးရှင်းလှသည်။ ဆံပင်ကို ဆီအပြည့်လိမ်းထားပြီး ကြော့နေအောင်ဖြီးထားသည်။ စတစ်ကော်လံအင်္ကျီနှင့် တိုက်ပုံကို အမြဲလိုလိုဝတ်ဆင်ကြသည်။ အမျိုးသမီးသရုပ်ဆောင်များ၏ နာမည်များမှာလည်း မေရှင်၊ မေမြင့်၊ မေနွဲ့၊ မေသန်း၊ မေနု၊ မေချစ် စသည်ဖြင့် မြန်မာအမျိုးသမီးနာမည်များတွင် "မေ"တစ်ခေတ်ဆန်းခဲ့သည်။ ထို့အတူ ခင်မြရင်၊ ခင်မေရီ၊ ခင်မေကြည်၊ ခင်ခင်ရီ၊ ခင်နှင်းရီ စသည်ဖြင့်"ခင်" တစ်ခေတ် ဖြစ်ခဲ့သည်။


ဤသို့ဖြင့် မြန်မာ့ရုပ်ရှင်သမိုင်းသည် ရုပ်ရှင်လောကတစ်ခုတည်းနှင့်သာ သက်ဆိုင်ခြင်းမဟုတ်ဘဲ မြန်မာတစ်မျိုးသားလုံး၏ လူနေမှုစရိုက်ဟန်ပန်အမူအရာများကိုပါ ထင်ဟပ်ဖော်ပြနေပါသည်။ မြန်မာလူမျိုးများ၏ ရိုးသားမှု၊ ကြိုးစားမှု၊ လုံ့လဝီရိယရှိမှုတို့ကို မြန်မာ့ရုပ်ရှင်သမိုင်းမှတ်တမ်းများက အထင်အရှား ဖော်ပြနေခြင်းလည်းဖြစ်ပါသည်။ ထိုခေတ် ထိုအခါက မျိုးချစ်စိတ်ပြင်းထန်သော ရုပ်ရှင်ဒါရိုက်တာကြီးများ၊ သရုပ်ဆောင်မင်းသား မင်းသမီးများသည် စစ်ကြိုခေတ်၊ စစ်အတွင်းကာလနှင့် စစ်ပြီးခေတ် မြန်မာနိုင်ငံ၏ အခြေအနေများကို ရုပ်ရှင်ဇာတ်ကားများအဖြစ် ဖန်တီးထုတ်လုပ်ပြီး ပိတ်ကားများပေါ် အရောက်ပို့ပေးနိုင်ခဲ့ခြင်းမှာ ရုပ်ရှင်ခေတ်ဦး၏ ထူးခြားသောသမိုင်းမော်ကွန်းပင်ဖြစ်ရာ ငွေရတု၊ ရွှေရတု၊ စိန်ရတုမှသည် ရာပြည့်ပေါင်းများစွာတိုင်ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်သောရုပ်ရှင်များ ဆက်လက်ထွက်ပေါ်နိုင်ပါစေကြောင်း ။ ။



မြန်မာ့ရုပ်ရှင်ကို စတင်တည်ထောင်အစပျိုးခဲ့သူ ရုပ်ရှင်ဖခင်ကြီးများဟုဆိုရမည့် မင်းသားကြီး ဦးညီပု(အလယ်)၊ လန်ဒန်အတ် ဦးအုန်းမောင်(ဘယ်ဘက်)၊ ဓာတ်ပုံဆရာ ဦးမောင်မောင်(ညာဘက်)တို့၏ ကိုယ်တစ်ပိုင်းပုံ ရုပ်တုများကို ရွှေရောင်တစ်ဝင်းဝင်းနှင့် တွေ့ရစဉ်။




နီလာရောင်ဇာတ်ကားမှ ချစ်ဆွေနှင့်မိကျောင်း။




စွမ်းသတ္တိဇာတ်ကားမှ ကျော်ညွှန့်။

# နိုင်ငံတကာမှ ရောက်ရှိလာသူအားလုံးကို တရုတ်အစိုးရက သီးခြားထားရှိမည့်နေရာများသို့ပို့ဆောင်မည်

**ပေကျင်း မတ် ၁၅**

တရုတ်အာဏာပိုင်များက ပေကျင်းမြို့သို့ နိုင်ငံတကာမှ ရောက်ရှိလာသူအားလုံးကို မတ် ၁၆ ရက်မှစ၍ သီးခြားထားရှိမည့်နေရာများသို့ ပို့ဆောင်မည်ဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာက ဖော်ပြသည်။ တရုတ်အစိုးရက နိုင်ငံပြင်ပမှ ရောက်ရှိလာသည့် ကိုရိုနာဗိုင်းရပ်စ် လူနာများနှင့် ပတ်သက်၍ လုပ်ငန်းဆောင်တာများကို အရှိန်မြှင့်ဆောင်ရွက်ရန်အတွက် ထိုသို့ ဆောင်ရွက်ခြင်းဖြစ်သည်။

နိုင်ငံခြားမှ ရောက်လာသူများကို ယခင်က နေအိမ်တွင် နှစ်ပတ်ကြာ မဖြစ်မနေ သီးသန့်ခွဲ၍ နေထိုင်ခြင်းကို ခွင့်ပြုခဲ့သည်။ သို့သော်လည်း ယခုအခါ အထူးကိစ္စရပ်ဖြင့် ရောက်ရှိလာသူများသာ သီးခြားထားရှိမည့်နေရာများသို့ ပို့ဆောင်ခံရခြင်းမှ ကင်းလွတ်ခွင့်ရမည်ဖြစ်ကြောင်း၊ ယင်းနေရာများတွင် နေထိုင်စရိတ်ကို ပေးချေရမည်ဖြစ်ကြောင်း ဒေသန္တရ ကွန်မြူနစ်ပါတီသတင်းစာဖြစ်သည့် ပေကျင်းနေ့စဉ်သတင်းစာက ယနေ့ ရေးသားဖော်ပြသည်။

ကိုရိုနာဗိုင်းရပ်စ် အဓိက ဖြစ်ပွားရာနေရာဖြစ်သည့် ဟူပေပြည်နယ်၏ပြင်ပ တရုတ်နိုင်ငံတွင် ပြီးခဲ့သည့် သီတင်းပတ်အတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူအားလုံးနီးပါးသည် နိုင်ငံရပ်ခြားမှ ရောက်ရှိလာသည့် ကိုရိုနာဗိုင်းရပ်စ် လူနာများဖြစ်သည်ဟု ဆိုသည်။

နိုင်ငံအတွင်း၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ အရေအတွက် တစ်စတစ်စ လျော့ပါးလာနေပြီး အခြားနိုင်ငံများ၌ ဗိုင်းရပ်စ်ကူးစက်မှု ဆက်လက်မြင့်တက်နေသည့်အတွက် တရုတ်အာဏာပိုင်များသည် နိုင်ငံတကာမှ ရောက်ရှိလာသူများကို စောင့်ကြည့်မှု တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ပေကျင်းမြို့ရှိ ဒါဇင်းလေဆိပ်သို့ ဆိုက်ရောက်သည့် နိုင်ငံတကာလေကြောင်းလိုင်းအားလုံးကို ပေကျင်းမြို့တော် လေဆိပ်ဟောင်း၌ ဆိုက်ရောက်ရန် လမ်းကြောင်းပြောင်းမှုများ ဆောင်ရွက်လျက်ရှိသည်။ ယင်းလေဆိပ်တွင် ဆိုက်ရောက်လာသူများကို စောင့်ကြည့်စစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းအေဂျင်စီက ယမန်နေ့တွင် ရေးသားဖော်ပြခဲ့သည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် – အောင်ဇော်လင်း**





စပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်နှင့် ဇနီး ဘီဂိုနာဂိုးမက်ဇ် တို့အား တွေ့ရစဉ်။

# စပိန်ဝန်ကြီးချုပ်၏ဇနီးတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိ

**မက်ဒရစ် မတ် ၁၅**

စပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်၏ဇနီး ဘီဂိုနာဂိုးမက်ဇ်မှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရသည်ဟု ဝန်ကြီးချုပ်ရုံးက မတ် ၁၄ ရက်နှောင်းပိုင်းတွင် အတည်ပြုခဲ့သည်။

ဂိုးမက်ဇ်နှင့် ဆန်းချက်တို့နှစ်ဦးစလုံးမှာ အခြေအနေကောင်းမွန်ပြီး ကျန်းမာရေးအာဏာပိုင်များ၏ ဗိုင်းရပ်စ်ပိုးတားဆီးကာကွယ်ရေး စီမံချက်များကို လိုက်နာလျက်ရှိကြောင်း အစိုးရသတင်းရပ်ကွက်များ၏ ပြောကြားချက်အရ သိရသည်။ မရှိမဖြစ် ကုန်စည်များရောင်းချသောဆိုင်များမှလွဲ၍ ဈေးဆိုင်များ၊ ဘားများ၊ စားသောက်ဆိုင်များ၊ စာသင်ကျောင်းများ၊ တက္ကသိုလ်များပိတ်ပြီး ပြည်သူများအားလုံးအပေါ် ခရီးသွားလာမှု ကန့်သတ်ချက်များပြုလုပ်လိုက်သည့် စပိန်နိုင်ငံအတွက် ၁၅ ရက်ကြာ အရေးပေါ်အခြေအနေတစ်ရပ်ကို ဝန်ကြီးချုပ် ဆန်းချက်က အတည်ပြုပြီး သုံးနာရီအကြာတွင် ယခုသတင်း ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

စပိန်တပ်မတော်ကိုလည်း ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်း ကူညီဖြေရှင်းရန် စည်းရုံးခဲ့ပြီး စပိန်နိုင်ငံ၌ ကူးစက်လူနာအရေအတွက်မှာ ၆၃၀၀ ကျော် ရှိလာခဲ့ပြီဖြစ်ရာ ရထားများ၊ ဘတ်စ်ကားကုမ္ပဏီများက ခရီးစဉ်ပြေးဆွဲမှုများကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ချခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသော အခြားစပိန်နိုင်ငံရေးသမားများတွင် ယမန်နေ့က အစိုးရအဖွဲ့ အရေးပေါ်အစည်းအဝေးတစ်ခု၌ ဝန်ကြီးချုပ် ဆန်းချက်နှင့်အတူတက်ရောက်ခဲ့သည့် ဒုတိယဝန်ကြီးချုပ် ပါဘလိုတာရီယွန်၏ဇနီး တန်းတူညီမျှရေးဝန်ကြီး အိုင်ရင်းမွန်တီရိုနှင့် ပိုင်နက်နယ်မြေဆိုင်ရာ မူဝါဒနှင့် ပြည်သူ့လုပ်ငန်းဝန်ကြီး ကာရိုလိုင်းနားဒါရီယာစ်တို့ ပါဝင်သည်။

လက်ယာယိမ်း Vox ပါတီခေါင်းဆောင် ဆန်တီယာဂိုနှင့် အထွေထွေအတွင်းရေးမှူး အော်တီဂါစမစ်တို့လည်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ကျော်ထိုက်စိုး**

# စပိန်နိုင်ငံတွင် ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်လူနာ ၁၅၀၀ ခန့်စစ်ဆေးတွေ့ရှိ

**မက်ဒရစ် မတ် ၁၅**

စပိန်နိုင်ငံတွင် ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၅၀၀ ခန့် ကူးစက်ခြင်းခံရပြီးနောက် ကမ္ဘာတစ်ဝန်းရှိ အစိုးရများက ၎င်းတို့နိုင်ငံအတွင်း ဗိုင်းရပ်စ်ပိုးပျံ့နှံ့မှုမရှိစေရန် အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

အီတလီနိုင်ငံတွင်လည်း ကျောင်းများ၊ စီးပွားရေးလုပ်ငန်းများ ယာယီပိတ်ဆို့ထားပြီး နိုင်ငံအတွင်း ခရီးသွားလာမှုများ ပိတ်ပင်ထားသည့်အတွက် နယ်စပ်ဒေသဖြတ်ကျော်ခရီးသွားလာသူများ သောင်တင်လျက်ရှိသည်။ ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူများအနက် နာမည်ကျော်ရုပ်ရှင်သရုပ်ဆောင်များနှင့် နိုင်ငံရေးသမားများလည်းပါဝင်ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုအတွင်း ဗိုင်းရပ်စ်ကူးစက်မှုကို ထိန်းချုပ်ဟန့်တားရန် နိုင်ငံအတွင်း အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ကန်ဒေါ်လာ ၅၀ ဘီလီယံ သုံးစွဲမည်ဖြစ်ကြောင်း သမ္မတ ထရမ့်က ဆိုသည်။ အလားတူ ကမ္ဘာ့နိုင်ငံအချို့ကလည်း ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် အရေးပေါ်အခြေအနေများ ကြေညာထားသည်။

ဥရောပနိုင်ငံများက နယ်စပ်ဒေသခရီးသွားလာမှုများကို ယာယီပိတ်ပင်ထားခဲ့သည်။ နော်ဝေနှင့် ပိုလန်နိုင်ငံများမှ ရုရှားနိုင်ငံသို့ သွားရောက်မည့် ခရီးသွားများအား ခရီးသွားလာမှုများ ပိတ်ပင်ထားသည်။ ဒိန်းမတ်နှင့် ချက်နိုင်ငံများကလည်း နိုင်ငံအတွင်း ခရီးသွားလာမှုပိတ်ပင်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဥရောပနိုင်ငံများသည် ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ပျံ့နှံ့ရာ အဓိကဗဟိုနေရာတစ်ခုဖြစ်သည်ဟု အတည်ပြုပြောကြားခဲ့သည်။ မတ် ၁၃ ရက်တွင် တရုတ်နိုင်ငံအတွင်း ဗိုင်းရပ်စ်ပိုးထပ်မံကူးစက်မှုအရေအတွက်သည် ရှစ်ဦးအထိ လျော့ကျခဲ့သည်။ အဆိုပါအရေအတွက်သည် ဗိုင်းရပ်စ်ပိုးစတင်ဖြစ်ပွားသည့်အချိန် ဒီဇင်ဘာလမှစပြီး ပထမဆုံးအကြိမ် ၁၀ ဦးအောက် လျော့ကျခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံအများစု၌ ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူအများအပြားရှိသည့်အချိန်တွင် တရုတ်နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်သူအရေအတွက်သည် အနည်းငယ်သာရှိခဲ့သည်ဟု ဆေးပညာရှင်များက ဆိုသည်။

ထို့ကြောင့် ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် ၅၇၅၀ ကျော်ရှိသည့် စပိန်နိုင်ငံနှင့် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၁၀၀၀ ကျော်ရှိသည့် အီတလီနိုင်ငံများကို ပိုမိုအလေးပေးစောင့်ကြည့်လျက်ရှိသည်။

မတ် ၁၃ ရက် ဆေးမှတ်တမ်းများအရ အီရန်နိုင်ငံသည် ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၃၀၀၀ နီးပါးရှိပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် တတိယအများဆုံးနိုင်ငံဖြစ်လာခဲ့သည်။

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၅၀၀၀၀ ကျော်ရှိပြီး ၆၀၀၀ နီးပါး သေဆုံးခဲ့သည်။

**ကိုးကား – အေအက်ဖ်ပီ၊ ဘာသာပြန် – အောင်ကျော်ကျော်**



# အင်ဒိုနီးရှား သယ်ယူပို့ဆောင်ရေးဝန်ကြီး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

**ဂျကာတာ မတ် ၁၅**

အင်ဒိုနီးရှား အစိုးရအဖွဲ့ဝန်ကြီးတစ်ဦး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရကြောင်း သိရသည်။ သယ်ယူပို့ဆောင်ရေးဝန်ကြီး ဘူဒီကာရာဆူမာဒီမှာ အင်ဒိုနီးရှားနိုင်ငံ၌ ၇၆ ဦးမြောက် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူဖြစ်လာခဲ့ပြီး လက်ရှိအချိန်တွင် ဂျကာတာမြို့တော်ရှိ စစ်ဆေးရုံတစ်ခု၌ ကုသမှုခံယူလျက်ရှိသည်။

ယမန်နေ့ညပိုင်းက ဒေသန္တရရုပ်သံလွှင့်ဌာနများ၌ တိုက်ရိုက်ထုတ်လွှင့်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတစ်ခုအတွင်း အင်ဒိုနီးရှားအတွင်းဝန်များရုံးဝန်ကြီး ပါမောက္ခ ဒေါက်တာပရတ်တီနိုက ယင်းသို့ ကြေညာခဲ့ခြင်းဖြစ်သည်။ "မိသားစုဝင်တွေရဲ့ ခွင့်ပြုချက်အရပြောရရင် သယ်ယူပို့ဆောင်ရေးဝန်ကြီး ဘူဒီကာရာဆူမာဒီဟာ အင်ဒိုနီးရှားနိုင်ငံရဲ့ ၇၆ ဦးမြောက် ကိုရိုနာဗိုင်းရပ်စ် လူနာဖြစ်ပါတယ်"ဟု ဒေါက်တာ ပရတ်တီနိုက ပြောသည်။ အသက် ၆၃ နှစ်အရွယ် ဘူဒီကာရာဆူမာဒီသည် သယ်ယူပို့ဆောင်ရေးဝန်ကြီးရာထူးကို ၂၀၁၆ ခုနှစ်ကတည်းက ထမ်းဆောင်လျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံက မတ် ၂ ရက်တွင် တိုင်းပြည်အတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါ ပထမဆုံးအကြိမ်တွေ့ရှိကြောင်း မှတ်တမ်းတင်ပြီးနောက် ကူးစက်ခံရသူအရေအတွက်မှာ ၉၆ ဦးအထိ မြင့်တက်လာခဲ့ပြီး ငါးဦး သေဆုံးခဲ့ပြီဖြစ်သည်။

**ကိုးကား – စီအင်န်အေ**
**ဘာသာပြန် – ကျော်ထိုက်စိုး**

# အယ်လ်ဆာဗေးဒိုးနိုင်ငံက ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အရေးပေါ်အခြေအနေ ကြေညာ

**ဆန်ဆာဗေးဒိုး မတ် ၁၅**

အယ်လ်ဆာဗေးဒိုး ဥပဒေပြုလွှတ်တော်က အရေးပေါ် အခြေအနေတစ်ရပ် ကြေညာလိုက်ပြီး ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုထိန်းချုပ်ရန် ရည်ရွယ်သော အရေးပေါ်အခြေအနေ စီမံချက်များကို အတည်ပြုလိုက်သည်။

စီမံချက်များက အယ်လ်ဆာဗေးဒိုးနိုင်ငံသို့ ရက် ၃၀ ကြာ အဝင်၊ အထွက်ပြုလုပ်ခွင့် ကန့်သတ်ပြီး အာဏာပိုင်များအား လူစုဝေးပွဲများသို့ တက်ရောက်ခွင့် ပိတ်ပင်ထားသည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် တိုင်းပြည်တစ်ဝန်းရှိ စာသင်ကျောင်းများ ပိတ်ထားခဲ့သည်။ အယ်လ်ဆာဗေးဒိုးလွှတ်တော်က စိုးရိမ်ဖွယ်ရာ အခြေအနေကို ကိုင်တွယ်ဖြေရှင်းရန် အစိုးရကို ဥပဒေအရ လုပ်ထုံးလုပ်နည်းများ ပေးအပ်ခဲ့ကြောင်း ယမန်နေ့က မဲဆန္ဒပြုပြီးနောက် လွှတ်တော်နာယက မာရီယိုပွန်စီက ပြောကြားခဲ့သည်။

အယ်လ်ဆာဗေးဒိုးနိုင်ငံက လက်ရှိအချိန်ထိ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ရောဂါကူးစက်ကြောင်း ထုတ်ပြန်မှုမရှိသေးပေ။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ကျော်ထိုက်စိုး**

# ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု တားဆီးထိန်းချုပ်ရန် ဂျပန်နှင့် ဗြိတိန်ပူးပေါင်းဆောင်ရွက်မည်



ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်



ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး

**ကျိုတို မတ် ၁၅**

ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်မှုဆိုင်ရာ ကာကွယ်ထိန်းချုပ်မှုများကို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ် ဂျွန်ဆင်တို့ ယနေ့ သဘောတူညီခဲ့ကြသည်။

ခေါင်းဆောင်နှစ်ဦးက မတ် ၁၅ ရက်တွင် အထက်ပါ သဘောတူညီချက်ကို တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေး ပြောကြားခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဂျပန်နိုင်ငံအတွင်း ဗိုင်းရပ်စ်ပိုး ကူးစက်ပျံ့နှံ့မှုအခြေအနေများနှင့် ဂျပန်အစိုးရ အနေဖြင့် မည်သို့ကိုင်တွယ်ဆောင်ရွက်လျက်ရှိသည်ကို ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင်အား ပြောကြားခဲ့သည်။

ထို့ပြင် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ကမ္ဘာ့စီးပွားရေး အခြေအနေကို ထိခိုက်မှုမရှိစေရန် ဗိုင်းရပ်စ်ကူးစက်မှု လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် ဂျီ-၇ စက်မှုထိပ်သီး နိုင်ငံများအနေဖြင့် စည်းလုံးညီညွတ်မှုရှိသည်ကို ပြသရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ဗိုင်းရပ်စ်ကူးစက်မှု ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာအသိုက်အဝန်းမှ ပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်းကိုလည်း ခေါင်းဆောင်နှစ်ဦးက ထပ်လောင်းအတည်ပြုပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံမှဖိမ်ခံသင်္ဘောဖြစ်သည့် ဒိုင်းမွန်းပရင့်စ်ပေါ်မှ ဗိုင်းရပ်စ်ကူးစက်ခံရသူများအား သီးခြားထားကာ ဆေးကုသမှုများ ပေးလျက်ရှိကြောင်းနှင့် အဆိုပါ ဖိမ်ခံသင်္ဘောကို တိုကျိုမြို့အနီး ယိုကိုဟားမားဆိပ်ကမ်းတွင် တစ်လတိုင်တိုင် သီးသန့်ခွဲခြားရပ်နားထားလျက်ရှိကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဆိုသည်။

ဗြိတိန်ဝန်ကြီးချုပ် ဂျွန်ဆင်က ယင်းသို့ ဆောင်ရွက်ခြင်းအတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များ စင်ကာပူအစိုးရ တိုးမြှင့်ဆောင်ရွက်

**စင်ကာပူ မတ် ၁၅**

စင်ကာပူနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှု အခြေအနေကို လျှော့ချရန်ရည်ရွယ်သည့်အနေဖြင့် စင်ကာပူအစိုးရက ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းစဉ်များတွင် စင်ကာပူနိုင်ငံသို့ ရောက်ရှိလာသော ခရီးသွားများသည် ၁၄ ရက်ကြာ သီးခြားစောင့်ကြည့်မှုများ ခံယူရမည့် လုပ်ငန်းစဉ်တစ်ရပ်လည်း ပါရှိသည်။

တရုတ်နိုင်ငံ၊ အီရန်၊ အီတလီ၊ ပြင်သစ်၊ ဂျာမနီ၊ တောင်ကိုရီးယားနှင့် စပိန်နိုင်ငံများသို့ သွားရောက်ခဲ့သော ခရီးသွားများအား ၁၄ ရက်ကြာ သီးခြားစောင့်ကြည့်မှုခံယူရမည်ဖြစ်ကြောင်း စင်ကာပူကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၈ ရက်တွင် ကြေညာခဲ့သည်။

စင်ကာပူ ကျန်းမာရေးဝန်ကြီးဌာန၏ မတ် ၁၅ ရက် ကြေညာချက်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဂျပန်၊ ဆွစ်ဇာလန်နှင့် ဗြိတိန်နိုင်ငံများသို့ လွန်ခဲ့သော ရက်သတ္တနှစ်ပတ်အတွင်း သွားလာခဲ့သော ခရီးသွားများအနေဖြင့် ၁၄ ရက်ကြာ သီးခြားစောင့်ကြည့်မှုများ ခံယူပြီးမှသာ နိုင်ငံအတွင်း ခရီးသွားလာမှုကို ခွင့်ပြုမည်ဖြစ်သည်ဟု ဖော်ပြထားသည်။

အဆိုပါကြေညာချက်သည် မတ် ၁၇ ရက်တွင် စတင်အသက်ဝင်မည်ဖြစ်သည်။

ဖော်ပြပါနိုင်ငံများသို့ ခရီးသွားလာခြင်းမရှိသော်လည်း ခရီးသွားများအနေဖြင့် ဖျားနာခြင်း (သို့မဟုတ်) ဗိုင်းရပ်စ်ပိုး ကူးစက်ခြင်းခံရသော ရောဂါလက္ခဏာများပြသပါက ကိုရိုနာဗိုင်းရပ်စ်ပိုး ရှိ၊ မရှိ ဆေးစစ်မှုခံယူရမည်ဖြစ်သည့်အပြင် ၁၄ ရက်ကြာ သီးခြားစောင့်ကြည့်မှုခံယူရမည်ဖြစ်သည်။ ဗိုင်းရပ်စ်ပိုးကူးစက်မှုမရှိမှသာ ပြည်ဝင်ခွင့်ပေးမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ပါရှိသည်။

စင်ကာပူနိုင်ငံသို့ လာရောက်မည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသားများသည် သတ်မှတ်ထားသော ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များကို စင်ကာပူ ကျန်းမာရေးဝန်ကြီးဌာန၏ အတည်ပြုချက်ရယူရန် ပေးပို့ရမည်ဖြစ်သည်။ စင်ကာပူကျန်းမာရေးဝန်ကြီးဌာန၏ အတည်ပြုချက်ရရှိမှသာ စင်ကာပူ လူဝင်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဂိတ်များက နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပေးမည်ဖြစ်သည်။

လွန်ခဲ့သော သုံးရက်အတွင်း စင်ကာပူနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၅ ဦးရှိပြီး ယင်းတို့အနက် အများစုသည် နိုင်ငံရပ်ခြားမှ စင်ကာပူနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။ လက်ရှိအချိန်တွင် စင်ကာပူနိုင်ငံအတွင်း ဗိုင်းရပ်စ်ပိုးကူးစက်ခြင်းခံရသူ ၂၁၂ ဦးခန့် မြင့်တက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – စီအင်န်အေ**
**ဘာသာပြန် – အောင်ကျော်ကျော်**





# ပါကစ္စတန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ တိုက်ဖျက်ရေး အရှိန်မြှင့်ဆောင်ရွက်

**အစ္စလာမ်မာဘတ် မတ် ၁၅**

ပါကစ္စတန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးကို လူပေါင်း ၂၈ ဦးတွင် စစ်ဆေးတွေ့ရှိခဲ့ရပြီးနောက် ရောဂါကာကွယ်ရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်မည်ဟု အစိုးရက ကြေညာခဲ့ကြောင်း ဝန်ကြီးချုပ်၏ ကျန်းမာရေးဆိုင်ရာ အထူးလက်ထောက် ဇာပါမီဇာက မီဒီယာများအား မတ် ၁၄ ရက်တွင် ပြောကြားသည်။

**အဆင့်မြှင့်တင်ရန် ဆုံးဖြတ်**

သတင်းစာရှင်းလင်းပွဲတွင် မီဇာက ဝန်ကြီးချုပ် အမ်မာခန်းဦးဆောင်ကျင်းပသော တိုင်းပြည်၏ အမျိုးသား လုံခြုံရေးကော်မတီအစည်းအဝေးတွင် ဝန်ကြီးချုပ်က ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသား မဟာဗျူဟာတစ်ရပ်ချမှတ်ခဲ့ရာတွင် မြေပြင်အနေအထားအရ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ရေးလုပ်ငန်းများကို အဆင့်မြှင့်တင်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အထက်ပါ အစည်းအဝေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် အကြီးအကဲများ တက်ရောက်ခဲ့ပြီး နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များအား အစ္စလာမ်မာဘတ် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ အယ်မာအိုင်ဗောအပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဂျီနက်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှအပ အခြားလေဆိပ်များတွင် ရပ်ဆိုင်းထားရန် ဆုံးဖြတ်ခဲ့သည်။

အထက်ပါကော်မတီ၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနကလည်း တိုင်းပြည်၏နယ်စပ်များ၌ အီရန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့နှင့် ထိစပ်နေသော အနောက်ပိုင်းနယ်စပ်ဒေသကို မတ် ၁၆ ရက်မှစပြီး ပိတ်ထားမည်ဟု ကြေညာခဲ့သည်။

**ပိတ်ပင်ထားမည်**

ပါကစ္စတန်နိုင်ငံအတွင်းရှိ စာသင်ကျောင်းများ၊ တက္ကသိုလ်များနှင့် ကောလိပ်ကျောင်းများကိုလည်း ဧပြီ ၅ ရက်အထိ ပိတ်ထားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၎င်းအစည်းအဝေး၏ ဆုံးဖြတ်ချက်အရ လူထုစုဝေးပွဲများ၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာပွဲတော်များ၊ ရုပ်ရှင်ရုံများ၊ ကပွဲများ၊ နိုင်ငံရေးဟောပြောပွဲများကိုလည်း ပိတ်ပင်ထားမည်ဟု သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ဆီးရီးယားပြည်တွင်းစစ် သက်တမ်း ၁၀ နှစ်အတွင်းသို့ ဝင်ရောက်ခဲ့ပြီ

**ဒမတ်စကတ် မတ် ၁၅**

ဆီးရီးယားနိုင်ငံတွင်ဖြစ်ပွားနေသည့် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများသည် ယခုနှစ်မတ် ၁၅ ရက်တွင် ၁၀ နှစ်တာကာလအတွင်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်သည်။

**ပြောင်းလဲသွား**

ဆီးရီးယားနိုင်ငံအတွင်း ၂၀၁၁ ခုနှစ် မတ် ၁၅ ရက် တွင် စတင်ဖြစ်ပွားခဲ့သည့် အစိုးရဆန့်ကျင်ရေး ဆန္ဒပြမှုများသည် သူပုန်အဖွဲ့အစည်းများ၊ ဂျီဟတ်ဝါဒီများနှင့် ပြင်ပတပ်ဖွဲ့များ ရောယှက်ပါဝင်လာသည့် ရှုပ်ထွေးသည့် စစ်ရေးတိုက်ခိုက်မှုများ ပုံသဏ္ဌာန်အတွင်းသို့ ပြောင်းလဲသွားခဲ့ရသည်။

၂၀၁၁ ခုနှစ် မတ်လအတွင်းမှ စတင် ဖြစ်ပေါ်ခဲ့သည့် ဆီးရီးယားနိုင်ငံအတွင်းမှ လက်နက်ကိုင်ပဋိပက္ခများအတွင်း အရပ်သားဦးရေ ၁၁၆၀၀၀ အပါအဝင် သေဆုံးခဲ့သူဦးရေမှာ ၃၈၄၀၀၀ ထက်မနည်းရှိပြီဖြစ်ကြောင်း ဆီးရီးယားနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာများကို စောင့်ကြည့်လေ့လာနေသည့်အဖွဲ့က မတ် ၁၄ ရက်တွင် ပြောကြားခဲ့သည်။

**ရွှေ့ပြောင်းသွားကြ**

ဆီးရီးယားနိုင်ငံတွင်း၌ ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်တိုက်ပွဲများကြောင့် လူဦးရေ ၁၁ သန်းကျော်တို့သည် အိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းသွားကြသည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် – ဇော်ဝင်း**

# နေပြည်တော်တပ်ကုန်း၊ ပြင်ဦးလွင်၊ ဗန်းမော်၊ သီပေါ၊ ဖောင်းပြင်၊ မဘိမ်းနှင့် ရွှေဘိုတို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



**နေပြည်တော် မတ် ၁၅**
နေပြည်တော် တပ်ကုန်းမြို့နယ် ကင်းသာ-ပင်လောင်း လမ်းမပေါ်တွင် မတ် ၁၅ ရက် နံနက် ၆ နာရီခန့်က ပင်လောင်းမှ မောင်းနှင်လာသော ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား တစ်သိန်းခုနစ်သောင်းကျော် သိမ်းဆည်းရမိကြောင်း သိရသည်။

မူးယစ်အဖွဲ့မှ ရဲအုပ် ကျော်စိုးလင်းဦးစီး၍ ကင်းသာပူးပေါင်းစစ်ဆေးရေးဂိတ်မှ ဒုရဲအုပ်ဝေဖြိုးနှင့် ပူးပေါင်းအဖွဲ့သည် တပ်ကုန်း-ပင်လောင်းလမ်းမ (မိုင်တိုင်အမှတ် ၆ မိုင် ၆ ဖာလုံ)တွင် သတင်းအရစောင့်ဆိုင်းနေစဉ် ပင်လောင်းမြို့နယ်မှ တပ်ကုန်းမြို့နယ်သို့ ကျင်ကမ်ဆွန်း(ခ) သောမတ်စ် မြဝတီမြို့နေသူ မောင်းနှင်၍ ဘကျင် မြဝတီမြို့နေသူ လိုက်ပါလာသည့်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ကျင်ကမ်ဆွန်းထံမှ ကျည်အပြည့်ဖြည့်ထားသော ပစ္စတိုတစ်လက်နှင့် ကျည် ခုနစ်တောင့်အား သိမ်းဆည်းရမိပြီး ယာဉ်နောက်ခန်းမှ စိတ်ကြွဆေးပြား ၂၀၀၀ ပါ အထုပ် ၈၈ ထုပ် (စုစုပေါင်း ဆေးပြား ၁၇၆၀၀၀) အား ရှာဖွေတွေ့ရှိသဖြင့် လက်ဝယ်တွေ့ရှိသူ ကျင်ကမ်ဆွန်းနှင့် ဘကျင်တို့နှစ်ဦးအား တပ်ကုန်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ယာပုံ)**

**တင်ထွန်းတာ(တပ်ကုန်း)**

**ပြင်ဦးလွင်၊ ဗန်းမော်၊ သီပေါ**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၄ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အမှတ် (၁၀) ရပ်ကွက် သီရိပဒေသာဈေးလမ်းနေ သီဟအောင်၏ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွဆေးပြား ၁၂၃ ပြားနှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကိုလည်းကောင်း၊

ဗန်းမော်မြို့နယ် ကုန်းမဟတ်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာအကြား ကုန်းမဟတ်တံတားအနီးတွင် ဇင်လင်းထိုက်(ခ)လင်းထိုက် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်း၏ လွယ်အိတ်အတွင်းမှ စိတ်ကြွဆေးပြား ၃၉၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲပိုင်းတွင် မပန်းအိဖြူ(ခ) အိကမ်ကို ဗန်းမော်မြို့နယ် မံဖာကျေးရွာရှိ ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့ကြောင်း၊

ထို့အတူ ညနေပိုင်းတွင် သီပေါမြို့နယ် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် သိန်းအောင်မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်းထံမှစိတ်ကြွဆေးပြား ၂၉၉၅ ပြား၊ ဘိန်းဖြူ သုည ဒသမ ၀၅ ကီလို၊ လက်ကိုင်ဖုန်း နှစ်လုံးနှင့် ငွေကျပ် ၂၉၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း။

**ဖောင်းပြင်၊ မဘိမ်း**

ထို့ပြင် မတ် ၁၃ ရက် ည ၈ နာရီတွင် ဖောင်းပြင်မြို့နယ် ဖောင်းပြင် - ပင်လည်ဘူးကားလမ်း တံတားအမှတ် (၂/၂၃) အနီးတွင် ဝကြီး မောင်းနှင်ပြီး မြင့်လှိုင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ မြင့်လှိုင်ထံမှ ဘိန်းဖြူ သုည ဒသမ ၂၂ ကီလိုနှင့် စိတ်ကြွဆေးပြား ၇၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ မတ် ၁၄ ရက် နံနက် ၇ နာရီတွင် တပ်မတော်က မဘိမ်းမြို့နယ် ခေါတောကျေးရွာအနီးတွင် အမျိုးသားတစ်ဦးကို စစ်ဆေးရန်ရပ်တန့်ခိုင်းစဉ် အထုပ်တစ်ထုပ်ပစ်ချပြီး တောအတွင်းသို့ ထွက်ပြေးသွားသဖြင့် ၎င်းအထုပ်အား ဖွင့်ဖောက်စစ်ဆေးရာ စိတ်ကြွဆေးပြား ၁၀၃၀၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

**ရွှေဘို**

အလားတူ မတ် ၁၄ ရက် ည ၇ နာရီခန့်က ရွှေဘိုမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ် ပြည့်ဖြိုးသူဦးဆောင်သော နယ်ထိန်းတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ ရွှေဘိုမြို့နယ် ရွှေဘို- ကျောက်မြောင်းသွား လမ်းမဘေးကျေးရွာထိပ်တွင် စောင့်ဆိုင်းနေစဉ် ဆိုင်ကယ်စီးလာသည့် ရွှေဘိုမြို့နယ် မလားကျေးရွာနေ ဝဏ္ဏစိုးအား ရပ်တန့်စစ်ဆေးရာ ၎င်းစီးလာသည့် ဆိုင်ကယ်တူးဘောက်အတွင်းမှ စိတ်ကြွဆေးပြား ၇၀၂ ပြားနှင့် ဖုန်းတစ်လုံးကို သိမ်းဆည်းရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဝဏ္ဏစိုးအား ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မိုးသောက် (ရွှေဘို)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၅**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် မတ် ၁၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၁၆၉၀၊ သွင်းကုန် ၁၈၈၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၁၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၇၃၀ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ ဒသမ ၀၆၀ သန်း) စုစုပေါင်း တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ ဒသမ ၇၉၀ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၄-၃-၂၀၂၀ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက စစ်ဆေးမှုများဆောင်ရွက်စဉ် နစ်ဆန်းဒီဇယ်ယာဉ်တစ်စီးပေါ်တွင် ပလတ်စတစ်ဖြတ်စများဖြင့် ဖုံးအုပ်သိုဝှက်သယ်ဆောင်လာသည့် တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ Mitsubishi Fuso Truck Head Without Engine (2 U) နှင့် ပစ္စည်းသယ်ဆောင်လာသည့် ယာဉ်တစ်စီး စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မုံရွာမြို့နှင့် ကျောက်ကြီးမြို့တို့တွင် မီးလောင်မှုဖြစ်

**မုံရွာ မတ် ၁၅**
မုံရွာမြို့ မြဝတီရပ် သီတာလမ်းသွယ်(၁၇)တွင် မတ် ၁၅ ရက် နံနက် ၁ နာရီကျော်က မီးလောင်မှုဖြစ်ပွားရာ နေအိမ် ရှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြဝတီရပ်ကွက်နေ ဦးကုလား၏နေအိမ် မီးပလပ်ခုံအပူလွန်ရှော့ဖြစ်ကာ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်ရာသို့ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးဦးစီးသည့်အဖွဲ့က လာရောက်ငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုနှင့်ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲသူ ဦးကုလားအား မုံရွာမြို့ နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

**ကျောက်ကြီး**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ကျွန်းပင်ဆိပ်ကျေးရွာတွင် မတ် ၁၅ ရက် နံနက် ၁ နာရီက မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျွန်းပင်ဆိပ်ကျေးရွာရှိ ဦးမြင့်အောင်၏နေအိမ် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ရာ စုစုပေါင်း နေအိမ်လေးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲသူ ဦးမြင့်အောင်အား မုန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **ကိုသားကြီး( ကျောက်ကြီး)**

# ရထားအား ဆိုင်ကယ်ဝင်တိုက်၍ ဆိုင်ကယ်မောင်းသူ သေဆုံး

**ကျိုက်မရော မတ် ၁၅။** မွန်ပြည်နယ် မုဒုံမြို့နယ် ကွေ့ဝမ်းကျေးရွာအုပ်စု ကော့ခိုက်ကျေးရွာ အဝင်လမ်း ရထားလမ်းကူး၌ ရေးမြို့မှမော်လမြိုင်သို့ မောင်းနှင်လာသည့် အစုန်ရထားအား ကော့ခိုက်ကျေးရွာ (ဗမာစု)အတွင်းမှ ကားလမ်းမပေါ်သို့ သန့်ဇော်ဦး ကော့ခိုက်ကျေးရွာနေသူ မောင်းလာသည့် ဆိုင်ကယ်က အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိရာ သန့်ဇော်ဦးမှာ ဦးခေါင်းထိခိုက်ဒဏ်ရာဖြင့် နေရာတွင်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မုဒုံမြို့ရဲတပ်ဖွဲ့မှူး မြို့မရဲစခန်းမှူးနှင့် တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

# မင်းဘူးမြို့တွင် ရှေးဟောင်းပစ္စည်းများ သိမ်းဆည်းရမိ



**မင်းဘူး မတ် ၁၅**
မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၃)ရပ်ကွက်ရှိ လက်ဖက်ရည်ဆိုင်အတွင်း အမျိုးသား ငါးဦးထံမှ ရှေးဟောင်းပစ္စည်းများဟု ယူဆရသော ပုတီးလုံးများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ ညနေ ၅ နာရီက မင်းဘူးမြို့မ ရဲစခန်းမှူး ဒုရဲမှူးမြင့်ဇော်၏ ညွှန်ကြားချက်အရ နယ်ထိန်းတပ်ကြပ် ဇင်မင်းလတ်နှင့် ပူးပေါင်းအဖွဲ့သည် နိုင်အောင်ဖြိုး ကျောင်းကုန်းကျေးရွာ မင်းဘူးမြို့နေသူထံမှ ရှေးဟောင်းပစ္စည်းဟု ယူဆရသော ပုတီးလုံး ၈၅ လုံး၊ ဖုန်းအတွင်း ရှေးဟောင်းပစ္စည်းများဟု ယူဆရသော ပုတီးပုံများပါသည့် ဟန်းဆက်တစ်လုံး တို့ကိုလည်းကောင်း၊ မျိုးသက်ဋ္ဌေး ကျောင်းကုန်းကျေးရွာ မင်းဘူးမြို့နေသူထံမှ ရောင်စုံဆိုဒ်စုံပုတီးလုံး ၅၉ လုံး၊ ငွေကျပ် ၅၀၀၀၀ တို့အား လည်းကောင်း၊ မောင်ဝေ အလံပါယ် ကျေးရွာ မင်းဘူးမြို့နေသူထံမှ ပုတီးလုံးအစုံ ၁၀ လုံး၊ ငွေကျပ် ၆၀၀၀၀၊ ဆိုင်ကယ်တစ်စီးတို့ကို လည်းကောင်း၊ ညွှန့်ဝင်း ရှားတော ကျေးရွာ ပွင့်ဖြူမြို့နေသူထံမှ ဆိုင်ကယ်တစ်စီးတို့ကို လည်းကောင်း၊ ခင်မောင်ဝင်း သီရိမင်္ဂလာရပ်၊ မိတ္ထီလာမြို့နေသူထံမှ ပုတီးလုံး ရောင်စုံ ၂၉ လုံး၊ ကျောက်ကြည့်မှန်ဘီလူး တစ်ခု၊ ကျောက်ကြည့် ဓာတ်မီး တစ်လက် ဖုန်းတစ်လုံး၊ ငွေကျပ်၅၀၀၀၀၀ တို့ကိုလည်းကောင်း သိမ်းဆည်းရမိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်အောင်ဖြိုး၊ မျိုးသက်ဋ္ဌေး၊ မောင်ဝေ၊ ညွှန့်ဝင်းနှင့် ခင်မောင်ဝင်းတို့ ငါးဦးအား မင်းဘူးမြို့မရဲစခန်းက ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇေယျာထက်( မင်းဘူး)**

# မိုးညှင်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ် အမျိုးသမီးတစ်ဦး သေဆုံး

**မိုးညှင်း မတ် ၁၅**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာအနီး ပြည်ထောင်စုလမ်းမပေါ်တွင် မတ် ၁၅ ရက် နံနက်ပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားရာ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၅ ရက် နံနက် ၁၀ နာရီခွဲတွင် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ ဘူတာစုရပ်ကွက်တွင် နေထိုင်သူများဖြစ်သည့် ဦးရင်ပေါက်တဲ မောင်းနှင်ပြီး ဒေါ်ခင်အုန်းမြင့် လိုက်ပါလာသော ဆိုင်ကယ်သည် နန့်စီးအောင် ကျေးရွာမှ မော်ဟန်ကျေးရွာသို့မောင်းနှင်လာစဉ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာအနီး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၁၇၉/၃) နှင့် (၁၇၉/၄) အကြားတွင် နောက်မှမောင်းလာသည့် ၁၂ ဘီးယာဉ်နှင့်တိုက်မိခဲ့ပြီး ဦးရင်ပေါက်တဲတွင် ဒဏ်ရာ(စိုးရိမ်ရ)ရရှိကာ ဒေါ်ခင်အုန်းမြင့်တွင် ဒဏ်ရာ (စိုးရိမ်ရ)ဖြင့် နေရာ၌ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မိုးညှင်းမြို့မရဲစခန်းက ယာဉ်မောင်း (ထွက်ပြေး)အား ဖမ်းဆီးရမိရေး အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။ **နီတိုး**

# ကျုံးတော် ရေခင်းတော်

ဆူးငှက်

မန္တလေးကား ဘုရင့်မင်းနေပြည်တော်ဖြစ်ခဲ့၏။ မန္တလေးကို နေပြည်တော်အဖြစ် တည်ထောင်ကတည်းက မြို့တည်နန်းတည် ခုနစ်ဌာန၌ ကျုံးတော်၊ ရွှေမြို့တော်.. ဟူသည် နိုင်ငံနှင့်အဝန်း အာဏာသုံးရပ်တည်ရှိရာ အဓိကအမြင့်မားဆုံးနေရာဖြစ်သည်။ သက်ဦးဆံပိုင် ပဒေသရာဇ်နှင့်အတူ အာဏာသုံးရပ်ကို ကိုင်စွဲထားသော မှူးကြီးမတ်ရာ၊ စစ်သူကြီးသေနာပတိတို့၏ စိုးစံ၊ ရုံးစိုက်ရာဖြစ်သည်။ အာဏာ၏ အထွတ်အထိပ်ဖြစ်သော ရာဇပလ္လင် ကိုးရပ်ရှိသည့် နန်းတော်ကြီးတွေနှင့်အတူ လွှတ်တော်ရုံးတော်လည်း ရှိသည်။ ကိုယ့်အရှင်ကိုယ့်သခင် လက်ထက်တော်ကာလ အချိန်အခါတွင် မန္တလေးနန်းမြို့သည် တစ်တိုင်းတစ်ပြည်လုံး၏ အထွတ်အထိပ်၊ အမြင့်အမြတ်နေရာဖြစ်ပါ၏။

### လှေပွဲသဘင်များပင် ဆင်ယင်

ဤကဲ့သို့ အရေးပါလှသော နေရာဌာနကို ခတ်တံခါး မိတ်တံခါး ၁၂၊ ထောင့်ပြကြီး ၄၊ ပြငယ် ၃၂ အပါအဝင် ၄၈ ရပ် ပြာသာဒ်များနှင့် အုတ်မြစ်သံတောင် ၁တောင်၊ အုတ်ရိုးထု ၁ တာ(၁၀ပေ)၊ အရပ် သူရဲခိုအထိ သံတောင် ၁၈တောင် (၂၇ပေ)အမြင့်ရှိ အုတ်မြို့ရိုးပတ်လည် တစ်လျှောက်တွင် မြို့ဥပစာ တာ ၂၀ ခန့် (၁၃၅ ပေခန့်) မြေလွတ်ထားပြီး တာ ၂၀ ကျယ်သော ရေကျုံးတော်ကြီးက လေးဘက်လေးတန် ပတ်ရံထားသည်။ စတင်တူးဖော်စဉ်ကပင် အနက်မှာလည်း တာနှစ်ဆယ်ရှိသည်ဟု ရတနာနန္ဒီမော်ကွန်း၌ စပ်ဆိုခဲ့၏။ " ပတ်လျှောက်ရစ်ခြုံ ခက်ဆစ်ကြုံလည်း၊ မြစ်တုံဇလုတ်၊ ရေတိဝုတ်လျက်၊ ဥဿဘတစ်တွန်၊ နက်ကျယ်ဝှန်သည်၊ ရေပြွန်လွှတ်စွန့်၊ မြရည်သန်နှင့်..." ဟူလို..။ ဥဿဘတစ်တွန်ကို တာနှစ်ဆယ်ဟု ကောက်ယူခဲ့ကြသည်။

ရှေးက ကျုံးတော်ကြီးအတွင်းသို့ ရတနာနန္ဒီမှ ရေသွင်းယူခဲ့သည်။ " ရတနာနန္ဒီ " ကို သက္ကရာဇ် ၁၂၂၄ ခုနှစ်တွင် မတ္တရာမြစ်မှ ဖောက်လုပ် သွယ်ယူခဲ့သည်။ ရှေ့ဝင်မှူးသူရဲဝန်ကြီး သမိန်ဘေပြစ်ဇကို အကြီးအမှူးခန့်၍ စဉ့်ကူးမြို့နယ် မတ္တရာမြစ်အထက် ၁၂ မိုင်ကွာ နာဂရာဇ်မြစ်မှ ရွှေမြို့တော်အရောက် တူးဖောက်စေခဲ့ခြင်းဖြစ်သည်။ "ရတနာနန္ဒီ"သည် ရှေးက ရေကောင်းရေရှင်များဖြင့် သာယာ၏။ ကရဝိက်ဖောင်၊ သမ္ဗန်တော်၊ လှေတော်များဖြင့် တင့်တယ်သည့် လှေပွဲသဘင်များပင် ဆင်ယင်၏။ ကျုံးသို့လည်း ရေပေးသွင်းသည်။ မြို့တွင်းမြို့ပြင်များသို့လည်း ရေကောင်းရေသန့်များ ပေးသွင်းနိုင်ခဲ့သည်။

### သောက်ရေ သုံးရေသာမက

ရတနာပုံခေတ်မန္တလေးကို မြို့ပတ်ဝန်းကျင်တွင် နဂိုမူလရှိပြီး နန္ဒာကန်၊ အောင်ပင်လယ်ကန်၊ ဇောင်းကလေးကန်၊ တောင်သမန်အင်း၊ တက်သေးအင်း၊ သင်္ဂဇာချောင်း၊ ဧရာဝတီမြစ်စသည့် သဘာဝအရင်းအမြစ်နှင့် လက်လုပ် ဆည်ကြီးများမှ ရေကောင်းရေသန့်များရယူသုံးစွဲနိုင်ခဲ့သလို ရတနာနန္ဒီ၊ ရွှေတချောင်း၊ ငွေတချောင်းတို့ကဲ့သို့သော တောင်မြောက်အလျားရှည် မြောင်းကြီးများမှ ဆင့်ပွား လက်တံမြောင်းများ၊ ကန့်လန့်မြောင်းများဖြင့် မြို့တွင်းမြို့ပြင် ဖူလုံစွာရေပေးနိုင်ခဲ့သည်။ သောက်ရေသုံးရေသာမက လယ်များအတွက်လည်း ရေများဝလင်ခဲ့ကြ၏။

တာ ၂၄၀၀ ( ၅ မိုင်နှင့် ၁ ဖာလုံ ) ရှိသည့် နန်းမြို့ရိုးကြီးကို မြေသားအကျန် တာ ၂၀ ( ၁၃၅ ပေခန့် ) နှင့် အကျယ်တာ ၂၀ (၁၃၅ ပေခန့်)ရှိ ကျုံးကြီးက ပတ်ရံလိုက်သောအခါ ကျုံးအတွင်းရှိ ရေထုထည် ပမာဏကလည်း မြို့လူထုအတွက် များစွာဖူလုံလောက်ငှသည့် "လှောင်ရေ" ဖြစ်ခဲ့သည်။ မင်းတုန်းမင်းကြီး၏ ရှေးခေတ်မြို့ပြ ဖွဲ့စည်းမှုတွင် သဘာဝအရင်းအမြစ်နှင့် တည်ရှိပြီး ဝန်းကျင်အနေအထားကို အသုံးချကာ တင့်တယ်မှု၊ လုံခြုံမှုအတွက်သာမက သန့်ရှင်းလုံလောက်သော သောက်သုံးရေသန့်ရရှိရေးအတွက် ကျုံးတော်ကြီးအား စီမံခဲ့ပုံကား ချီးကျူးလောက်ပေသည်။

### ရေခင်းသဘင်ဆင်ယင်တော်မူ

ရှေးကတော့ သည်ကျုံးတော်ကြီးအတွင်းမှာ ဘဝရှင်မင်းတရားကြီးသည် အရှင်နန်းမတော် မိဖုရားခေါင်ကြီးနှင့်တကွ မင်းမိဖုရား၊ မင်းညီမင်းသား၊ မောင်းမမိဿံအပေါင်းခြံရံ၍ ရွှေနန်းတော်၊ မြေနန်းပြာသာဒ်မုခ်ဦးမှ ထွက်ခွာကာ အရှေ့မျက်နှာဦးထိပ် တံခါးပြင် စံနန်းတော်ရောက်၊ ထိုမှ ရှေ့ခြောက်တပ်၊ နောက်ခြောက်တပ် ခင်းကျင်း၍ ဆင်တော်ပေါ် ခြေဖဝါးတော်တင်...၊ မိဖုရားခေါင်ကြီးဖုရားက ရထားတော်နှင့် ထွက်တော်မူပြီး ပွဲသဘင်တို့ခမ်းနားစွာ ဆင်ယင်သည်ကို ရှုစားတော်မူပြီး ကျုံးတော်တွင်း၌ ရေခင်းသဘင်ဆင်ယင်တော်မူသည်ဟု ဆို၏။

ကျုံးတော်အတွင်းတွင် သဘော်တော်၊ သမ္ဗန်တော်၊ လှော်ကားတော်၊ ခတ်လှေတော်၊ လှော်လှေတော်၊ ရဲလှေတော်များက နရည်းစရာစသော တီးမှုတ်မျိုးတို့ကို တစ်ပြိုင်နက် တီးမှုတ်စေပြီး ကရဝိက်ဖောင်တော်ကို လှော်လှေတော်ရှစ်စင်းဆွဲ၍ ကြည်းတပ်၊ ရေတပ် ခြိမ့်ခြိမ့်မွှမ်းမျှ ရွှေမြို့တော်ကြီးအား လက်ျာရစ်လှည့်တော်မူသည်ဆို၏။

### တစ်မြို့လုံးကျုံးရေကန်

ထိုကျုံးတော်ကြီးသည် ပါတော်မူပြီးနောက် နရည်းဗုံသံမဲ့ခဲ့သည်။ ကရဝိက်ရွှေဖောင်တော်နှင့် ဝေးခဲ့သည်။ လှော်ကားလှေတော် အခင်းအကျင်းနှင့် ကင်းခဲ့သည်။ ကျုံးကမ်းနံဘေး ရေကန်ဇွန်း၊ မှိုနတိုတို့ တောထကုန်သည်။ ကျုံးအတွင်း ဗေဒါ၊ ဒိုက်နှင့် ကြာမျိုးစုံတို့ တိုးဝှေ့ကုန်ကြသည်။ ခရစ်နှစ် ၁၈၈၇ ( ကောဇာ သက္ကရာဇ် ၁၂၄၉ ) ခုနှစ်တွင် အင်္ဂလိပ်အစိုးရက မန္တလေး မြူနီစီပယ်ကို စတင်ဖွဲ့စည်းပြီးနောက် လမ်းမိုင် ၆၀ ကို ကျောက်ခင်းသည်။ လမ်းနံဘေး ရေမြောင်းများ တူးပေးသည်။ တစ်ပင်တိုင် မှန်အိမ်လမ်းမီးများ တပ်ဆင်ထွန်းညှိပေးသည်။ မြို့ပေါ်ရှိ နေရာအနှံ့အပြားတွင်လည်း သူဌေးဦးစိုးကလေးက ရေချိုတွင်းကြီးများကို တူးဖော်လှူဒါန်းခဲ့၏။ ရေတွင်းဒကာကြီးဟုပင် အမည်တွင်သည်။ ဦးစိုးကလေးမှာ နာမည်ကျော်အနုပညာရှင် ဓားတန်းဦးသန့်၏ အဘိုးဖြစ်သည်။



ရေခင်းတော်။

အင်္ဂလိပ်အစိုးရက ၁၈၈၉ ခု မတ်လ ၁ ရက်မှာ မန္တလေးဘူတာရုံ တည်ဆောက်သည်။ ၁၈၉၈ ခုနှစ်တွင် မန္တလေးမီးသတ်ဌာနကို စတင်တည်ထောင်ပေးသည်။ ကျုံးအတွင်းမှရေကို မြေအောက်ပိုက်လိုင်းများဖြင့် သွယ်ကာ ရပ်ကွက်အတွင်း အများသုံးရေကန်များ တည်ဆောက်သည်။ မင်္ဂလာဈေး၊ ယိုးဒယားဈေးနှင့် ၂၇ လမ်းဘာဘူတန်း ထိပ်တို့တွင် အဝီစိရေတွင်းကြီးများတူးကာ ရေပေးဝေခဲ့သည်။ မန္တလေးကျုံးရေကား မြို့လူထုအတွက် အားထားစရာ ကောင်းလောက်အောင် ဖူလုံလောက်ငှခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် တစ်မြို့လုံးကျုံးရေကန် ၅၀၀ အထိ ဖောက်သွယ်ခဲ့၏။ ပြည်တော်သာရေကန်ဟုပင်ခေါ်ဝေါ်ခဲ့ကြသည်။

### ရေနေကျယ်ပြန့်အောင်

ရပ်ကွက်တိုင်း "ပြ" ထိပ်တွေမှာ ရေတွေပေါင်းလန်နေသော ကျုံးရေကန်များ၌ ရေချိုးသူချိုး၊ ရေသယ်သူသယ်၊ အဝတ်ဖွပ်သူဖွပ်နှင့် စည်ကားခဲ့သည်။ ကျုံးနှင့် ဝေးလံသော ဈေးချိုအနောက်ပိုင်း၌ပင် ရေအတွက်မပူခဲ့ကြ။ ကျုံးနှင့်နီးသော ဓားတန်း၊ ချောင့်စသော အရပ်များ၌ ကျုံးရေကန် အထက်နှုတ်ခမ်းကပင် ရေတွေသွင်သွင်လျှံကျနေ၏။ ၁၉၅၃ ခုနှစ် ဇွန်လတွင် မန္တလေးကျုံးကို စက်ယန္တရားများဖြင့် ရေနေကျယ်ပြန့်အောင် တူးဖော်ခဲ့သည်။ ယခုကဲ့သို့ ကျုံးချဲ့မည့်အစား ကျုံးကို နက်အောင်တူး၍ ရေနေများစေသင့်သည်ဟု ဝေဖန်ခဲ့ကြ၏။

၁၉၅၄ ခုနှစ် ဩဂုတ်လတွင် အလုပ်သမား၊ လခစားအဖွဲ့အစည်းပေါင်းစုံမှ လူထုအားဖြင့် ကျုံးအတွင်းမှော်ဆယ်ခဲ့ကြသည်။ ၁၉၅၈-၅၉ ခုနှစ် မန္တလေးနှစ်(၁၀၀) ပြည့်ကာလဝန်းကျင်၌ မန္တလေးကျုံးသည် အကျယ် ၂၂၅ ပေနှင့် အနက် ၁၀ ပေခန့်ရှိသည်ဟု ဆို၏။ ဤရေနေအတိုင်းသည်ပင် မြို့နေလူထုအတွက် ကျုံးရေကလုံလောက်မှုတနေသည်။ ထိုစဉ်ကတော့ မြို့လူထုဦးရေကနှစ်သိန်းခွဲနီးပါးပဲရှိမှာပေါ့။ မြို့ဧရိယာ အကျယ်အဝန်းကလည်း ၁၉ ဒသမ ၀၈ စတုရန်းမိုင်ပဲ ရှိမှာပေါ့။

### အကြီးစား ပြန်လည်တူးဖော်

၁၉၉၄ ခုနှစ်မေလ ၁၃ရက်နေ့မှ ၁၉၉၅ခုနှစ် မတ်လ ၁၈ရက်နေ့အထိ မန္တလေးကျုံးကြီးကို နှစ် ၁၀၀ ကျော်အတွင်း အကြီးစား ပြန်လည်တူးဖော်ခဲ့သည်။ (၆.၅.၉၄) ရက်မှစ၍ ကျုံးရေများစတင် စုပ်ယူရှင်းလင်းပြီး (၁၃.၅.၉၄) ရက်တွင် စတင်တူးဖော်သည်။ တပ်မတော်သားအင်အား ၆၀၆၀၂၈ ဦးအပါအဝင် ပြည်သူလူထုအင်အား ၂၃၄၅၂၅၆ ဦးတို့ဖြင့် တူးဖော်ခဲ့ခြင်းဖြစ်၏။ စက်ယန္တရားကြီး ၃၀၂ စီး၊ ရေစုပ်စက် ၇၁ လုံး၊ အရပ်ဘက်ယာဉ် ၂၀၀ ကျော်ကို အသုံးပြုခဲ့သည်။ ကျောက်ကျင်းအရွယ်စုံ ၆၀၃၆၄ ကျင်း၊ ဘိလပ်မြေ ၈၈၈၅ အိတ်၊ ထုံး ၁၂၂၀ အိတ်၊ သဲ ၁၀၈၉၆ ကျင်းသုံးကာ ကုန်ကျစရိတ် ၂၆၅ သိန်းဖြစ်သည်ဟု ထိုစဉ်က မီဒီယာများတွင် အကျယ်တဝင့်ဖော်ပြခဲ့သည်။

မည်သို့ပင်ဆိုစေ ၄၈ ရပ်သော ပြာသာဒ်များနှင့် တင့်တယ်လှသည့် ကျုံးတော်ကြီးကိုမြင်သည်နှင့် ရတနာပုံခေတ်က ရေခင်းသဘင်ကို မှန်ဆတွေးမြင်မိသည်ချည်း ဖြစ်ပါ၏။

■

## ရေရှားပါးပြတ်လပ်နေသောရပ်ကွက်များသို့ မြို့နယ်စည်ပင်မှ ရေသယ်ယာဉ်များဖြင့် ရေဖြန့်ဝေ

**ကျိုက်မရော မတ် ၁၅**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ရေသယ်ယာဉ်နှစ်စီးနှင့် မီးသတ်ယာဉ် တစ်စီးတို့ဖြင့် မတ် ၁၅ ရက် နံနက် ၁၀ နာရီက သောက်သုံးရေပြတ်လပ်နေသော အတ္တရံရပ်ကွက်နှင့် ရှင်စောပုရပ်ကွက်များရှိ ပြည်သူများထံ အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင်ပေးလျက်ရှိသည်။

ယခုလို ပူပြင်းခြောက်သွေ့သော နွေရာသီသို့ရောက်တိုင်း သောက်ရေကန်များ၊ ရေတွင်းများတွင် ရေများခန်းခြောက်စပြုနေပြီး ဒေသခံပြည်သူများ၏ သောက်သုံးရေအခက်အခဲများကို ကျိုက်မရောလူငယ်ပရဟိတအဖွဲ့များနှင့် စည်ပင်သာယာရေးအဖွဲ့များ ပူးပေါင်းကာ နေ့စဉ်ရေသယ်ယာဉ်ကြီးများဖြင့် လှည့်လည်၍ အခမဲ့ဖြန့်ဝေပေးနေပြီး ရေအခက်အခဲရှိပါက မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ အကူအညီတောင်းနိုင်ကြောင်း ရေပေးဝေရေး တာဝန်ခံအင်ဂျင်နီယာ ဦးနေစိုးကျော်ထံမှ သိရသည်။ **ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**

## သောက်သုံးရေရှားပါးမှုမရှိစေရေး စက်ရေတွင်းများတူးဖော်

**ရေတာရှည် မတ် ၁၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နွေရာသီကာလ သောက်သုံးရေရှားပါးမှုမရှိစေရေးအတွက် ကျေးရွာပေါင်း ၁၂ ရွာတွင် စက်ရေတွင်းများ တူးဖော်ပေးနိုင်ခဲ့၍ ဒေသခံပြည်သူများ အဆင်ပြေစွာ သုံးစွဲလျက်ရှိပြီဖြစ်ကြောင်း သိရသည်။

မြောင်သာ၊ ဇရဲပေါက်၊ ဝမ်းမကြီး၊ ဆယ်ဝါးတော၊ အေးသာယာ၊ ရဲကုန်း၊ ဒေါင်းနန်းကျ၊ နတ်တောင်၊ ဆွာရွာမ၊ ခင်တန်းကြီး၊ ချုံအင်း၊ ကျူဇောင်းကျေးရွာတို့တွင် တူးဖော်ပေးခဲ့ခြင်းဖြစ်ပြီး အိမ်ထောင်စုပေါင်း ၁၇၁၂ စု၊ ဒေသခံပြည်သူ ၇၆၉၅ ဦးတို့ အဆင်ပြေစွာသုံးစွဲနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုလှိုင်(ဆွာ)**

# လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

**အခန်း (၄)**

**အခြားကိစ္စများ**

**စာအုပ်စာတမ်းများကို ကြွေးမပြေ၍အာမခံအဖြစ် လက်ဝယ်ထားပိုင်ခွင့်**

၃၆၅။ (က) ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် ကုမ္ပဏီနှင့်စပ်လျဉ်း၍ အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် သက်ဆိုင်စေရမည် –

(၁) ကုမ္ပဏီသည် အပိုင်း (၅) သို့မဟုတ် အပိုင်း (၆) အရ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်နေခြင်း၊

(၂) ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်နေခြင်း၊

(၃) ကုမ္ပဏီသည် ယာယီစာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိကို ခန့်အပ်ဆောင်ရွက်နေခြင်း။

( ခ ) ကုမ္ပဏီ၏စာအုပ်စာတမ်းများ သို့မဟုတ် အခြားမှတ်တမ်းများကို အခြားသူတစ်ဦး၏ လက်ဝယ်ထားခွင့် သို့မဟုတ် ယင်းတို့ကို ဆက်လက်လက်ဝယ်ထားရှိရန် အခြားအခွင့်အရေး တစ်ရပ်ရပ်သည် ရာထူးလက်ရှိဖြစ်သူ၏ ကျိုးကြောင်းဆီလျော်သည့် အခွင့်အရေးတစ်ရပ်ကို ဟန့်တားပိတ်ပင်ရာရောက်လျှင် ယင်းအတိုင်းအတာအထိ ယင်းအခွင့်အရေးများကို အတည်ပြုဆောင်ရွက်ခွင့်မရှိစေရ။

**အစည်းအဝေးကို အဝေးရောက်တက်နိုင်သည့်နည်းလမ်း**

၃၆၆။ အောက်ပါအစည်းအဝေးများကို အဝေးရောက်တက်နိုင်ခြင်းနှင့်စပ်လျဉ်းသည့် နည်းလမ်းများအား နည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းနိုင်သည်–

(က) ဤဥပဒေ သို့မဟုတ် နည်းဥပဒေများအရ ဆင့်ခေါ်ကျင်းပသည့် မြီရှင်များအစည်းအဝေး၊ လူမွဲဖြစ်သူ သို့မဟုတ် ကုမ္ပဏီတို့၏ အစည်းအဝေးတစ်ရပ်ရပ်၊

( ခ ) ဤဥပဒေ သို့မဟုတ် နည်းဥပဒေများအရ ရာထူးလက်ရှိဖြစ်သူက ဆင့်ခေါ်ကျင်းပသည့် ကုမ္ပဏီတွင် ပါဝင်သူများနှင့် ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသူတို့၏ အစည်းအဝေးတစ်ရပ်ရပ်။

**ဝက်ဘ်ဆိုက်များအသုံးပြုခြင်း**

၃၆၇။ ဤဥပဒေ သို့မဟုတ် နည်းဥပဒေများအရ ရာထူးလက်ရှိဖြစ်သူက လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားသည့် အကြောင်းကြားစာ၊ စာတမ်းအမှတ်အသား သို့မဟုတ် အချက်အလက်ပေးပို့ရန် တာဝန်နှင့်စပ်လျဉ်း၍ အင်တာနက်ဝက်ဘ်ဆိုက် သို့မဟုတ် အခြားသော အီလက်ထရောနစ်နည်းပညာတစ်ဘုတ် သို့မဟုတ် ကြားခံဆက်သွယ်ရေးစနစ်တစ်ရပ်ရပ်မှတစ်ဆင့် ပြုလုပ်ရမည့် နည်းလမ်းများကို နည်းဥပဒေများဖြင့် သတ်မှတ်နိုင်သည်။

**အပိုင်း (၁၀)**

**နယ်စပ်ဖြတ်ကျော်လူမွဲခံယူခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ**

**အခန်း (၁)**

**နိဒါန်း**

**ရည်ရွယ်ချက်**

၃၆၈။ ဤအပိုင်းပါ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) နယ်စပ်ဖြတ်ကျော်လူမွဲခံယူခြင်းနှင့်ပတ်သက်၍ စံဥပဒေနှင့်အညီ ထိရောက်သည့်စနစ်တစ်ရပ် ဖော်ဆောင်ရန်၊

( ခ ) နယ်စပ်ဖြတ်ကျော် လူမွဲခံယူသည့်အမှုများတွင် နိုင်ငံခြားတရားရုံးများနှင့် သက်ဆိုင်ရာ အာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်ရန်၊

( ဂ ) နိုင်ငံတကာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် ခိုင်မာသည့် ဥပဒေမူဘောင်တစ်ရပ် ဖြစ်စေရန်၊

(ဃ) မြီရှင်များ၊ မြီစားများနှင့် အခြားအကျိုးသက်ဆိုင်သူများ၏ အကျိုးစီးပွားကို မျှတစွာနှင့် ထိရောက်စွာ စီမံဆောင်ရွက်ပေးရန်၊

( င ) မြီစားပိုင်ပစ္စည်းကိုကာကွယ်ခြင်းနှင့် ယင်းပစ္စည်း၏တန်ဖိုးကို တတ်နိုင်သမျှ မြှင့်တင်ပေးရန်၊

( စ ) ငွေကြေးအခက်အခဲဖြစ်နေသည့် စီးပွားရေးလုပ်ငန်းများကို ကယ်ဆယ်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုကို ကာကွယ်ပြီး အလုပ်အကိုင်များ တည်မြဲစေရန်။

**အခန်း (၂)**

**အရပ်ရပ်ဆိုင်ရာပြဋ္ဌာန်းချက်များ**

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

၃၆၉။ ဤအပိုင်းပါ ပြဋ္ဌာန်းချက်များအလို့ငှာ အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **နိုင်ငံခြားလူမွဲမှုခင်း** ဆိုသည်မှာ နိုင်ငံခြားတိုင်းပြည်တစ်ခုတွင် မြီရှင်အားလုံး သို့မဟုတ် အများစု၏ အကျိုးစီးပွားအတွက် လူမွဲခံယူခြင်းနှင့်စပ်လျဉ်းသည့် ဥပဒေတစ်ရပ်အရ စွဲဆိုသော ကြားဖြတ်မှုခင်းအပါအဝင် တရားစီရင်ရေး သို့မဟုတ် စီမံခန့်ခွဲရေးဆိုင်ရာ မှုခင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ပြန်လည်ထူထောင်ရန် သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရန်အလို့ငှာ နိုင်ငံခြားတရားရုံး၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင်ရှိသည့် မြီစားပိုင်ပစ္စည်းများနှင့် လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်းသည့် မှုခင်းများလည်း ပါဝင်သည်။

( ခ ) **နိုင်ငံခြားအဓိကလူမွဲမှုခင်း** ဆိုသည်မှာ မြီစား၏အဓိကအကျိုးစီးပွားရှိသည့်နိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားလူမွဲမှုခင်းကိုဆိုသည်။

( ဂ ) **နိုင်ငံခြားအဓိကမဟုတ်သည့်လူမွဲမှုခင်း** ဆိုသည်မှာ မြီစားက ဆောင်ရွက်နေသည့် ပုဒ်မခွဲ (စ) တွင်ဖော်ပြထားသော လုပ်ငန်းခွင်တည်ရှိရာနိုင်ငံရှိ နိုင်ငံခြားအဓိကမှုခင်းမဟုတ်သည့် လူမွဲမှုခင်းကို ဆိုသည်။

(ဃ) **နိုင်ငံခြားကိုယ်စားလှယ်** ဆိုသည်မှာ မြီစားပိုင်ပစ္စည်း သို့မဟုတ် လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေး သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးလုပ်ငန်းအား စီမံခန့်ခွဲရန် သို့မဟုတ် နိုင်ငံခြားလူမွဲမှုခင်းများတွင် ကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ရန် ခန့်အပ်ထားသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ယာယီအားဖြင့် ခန့်အပ်တာဝန်ပေးခြင်းခံရသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းလည်း ပါဝင်သည်။

( င ) **နိုင်ငံခြားတရားရုံး** ဆိုသည်မှာ နိုင်ငံခြားလူမွဲမှုခင်းကို လက်ခံဆောင်ရွက်ရန် အခွင့်အာဏာရှိသည့် တရားရုံး သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်းကို ဆိုသည်။

( စ ) **လုပ်ငန်းခွင်** ဆိုသည်မှာ မြီစားကကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို လုပ်သားအင်အားနှင့် တစ်ဆင့်ဖြတ်သန်းကုန်သွယ်ခြင်း မဟုတ်သော လုပ်ငန်းတစ်ရပ်အဖြစ် လုပ်ဆောင်သည့်နေရာကို ဆိုသည်။

**ဤအပိုင်းနှင့် သက်ဆိုင်ခြင်း**

၃၇၀။ (က) ဤအပိုင်းပါပြဋ္ဌာန်းချက်များသည် အောက်ပါကိစ္စရပ်များနှင့် သက်ဆိုင်စေရမည်–

(၁) နိုင်ငံခြားလူမွဲမှုခင်းတစ်ရပ်နှင့်စပ်လျဉ်း၍ နိုင်ငံခြားတရားရုံး သို့မဟုတ် နိုင်ငံခြား ကိုယ်စားလှယ်တစ်ဦးက အကူအညီ တောင်းခံလာသည့်ကိစ္စ၊

(၂) ဤဥပဒေအရလူမွဲမှုခင်းနှင့်စပ်လျဉ်း၍နိုင်ငံခြားတိုင်းပြည်သို့ အကူအညီတောင်းခံသည့် ကိစ္စ၊

(၃) ဤဥပဒေအရ လူမွဲမှုခင်းနှင့် နိုင်ငံခြားလူမွဲမှုခင်းတို့ မြီစားတစ်ဦးတည်းအပေါ် အပြိုင်ဆောင်ရွက်လျက်ရှိသည့်ကိစ္စ၊

(၄) ဤဥပဒေအရ ဆောင်ရွက်သည့် လူမွဲမှုခင်းတစ်ရပ်တွင် ပါဝင်ရန် တောင်းဆိုခွင့်ရှိသည့် နိုင်ငံခြားတိုင်းပြည်ရှိ မြီရှင် သို့မဟုတ် အခြားအကျိုးသက်ဆိုင်သူမှ လျှောက်ထားသည့်ကိစ္စ။

( ခ ) ဤအပိုင်းပါပြဋ္ဌာန်းချက်များသည် ဘဏ်များ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အာမခံလုပ်ငန်းများနှင့် နိုင်ငံတော်သမ္မတက အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်လုပ်ငန်းများ သို့မဟုတ် အဖွဲ့အစည်းများနှင့်စပ်လျဉ်းသည့် မှုခင်းများနှင့် မသက်ဆိုင်စေရ။

**နိုင်ငံတော်၏ အပြည်ပြည်ဆိုင်ရာတာဝန်များ**

၃၇၁။ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး အခြားနိုင်ငံ သို့မဟုတ် နိုင်ငံများနှင့် ချုပ်ဆိုထားပြီး အာဏာသက်ရောက်သည့် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် သို့မဟုတ် အခြားသော သဘောတူညီချက်များအရ ဆောင်ရွက်ရမည့် နိုင်ငံတော်၏တာဝန်နှင့် ဤအပိုင်းပါ ပြဋ္ဌာန်းချက်များ ဆန့်ကျင်ကွဲလွဲနေလျှင် ထိုအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် သို့မဟုတ် အခြားသော သဘောတူညီချက်က လွှမ်းမိုးစေရမည်။

**စီရင်ပိုင်ခွင့်ရှိသည့် တရားရုံး သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်း**

၃၇၂။ နိုင်ငံခြားလူမွဲမှုခင်းများကို အသိအမှတ်ပြုခြင်း၊ နိုင်ငံခြားတရားရုံးများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ကိစ္စများနှင့်စပ်လျဉ်း၍ ဤအပိုင်းပါလုပ်ငန်းတာဝန်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လွှဲအပ်သည့် တရားရုံးက ဆောင်ရွက်ပိုင်ခွင့်ရှိစေရမည်။

**ဤဥပဒေအရ မှတ်ပုံတင်ထားသည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအနေဖြင့် နိုင်ငံခြားတိုင်းပြည်တွင် ဆောင်ရွက်ရန်အာဏာ**

၃၇၃။ နိုင်ငံခြားလူမွဲမှုခင်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် သက်ဆိုင်သည့် နိုင်ငံခြားဥပဒေတွင် ခွင့်ပြုထားသည့်အတိုင်း ဤဥပဒေအရ တရားဝင်ပစ္စည်းထိန်း သို့မဟုတ် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအား နိုင်ငံခြားလူမွဲမှုခင်းများတွင် ဆောင်ရွက်စေနိုင်သည်။

**အများပြည်သူဆိုင်ရာမူဝါဒအရ ငြင်းဆိုခြင်း**

၃၇၄။ လျှောက်ထားမှုတစ်ရပ်သည် နိုင်ငံတော်၏ အများပြည်သူဆိုင်ရာမူဝါဒနှင့် ဆန့်ကျင်ကွဲလွဲနေပါက ဤအပိုင်းအရ စီရင်ပိုင်ခွင့်ရှိသည့်တရားရုံးသည် အဆိုပါလျှောက်ထားမှုကို ငြင်းဆိုနိုင်သည်။

**အခြားဥပဒေများအရ နောက်ဆက်တွဲအကူအညီများ ထပ်မံပေးခြင်း**

၃၇၅။ နိုင်ငံတော်၏အခြားတည်ဆဲဥပဒေများအရ နိုင်ငံခြားကိုယ်စားလှယ်အား တရားရုံး သို့မဟုတ် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူမှ နောက်ဆက်တွဲအကူအညီ ထပ်မံပေးနိုင်သည့် အာဏာကို ဤအပိုင်းအရ ကန့်သတ်ခြင်းမရှိစေရ။

**အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း**

၃၇၆။ ဤအပိုင်းပါပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ကောက်ယူရာတွင် နိုင်ငံတကာစံနှုန်းများကို သဘောရိုးဖြင့် လိုက်နာဆောင်ရွက်ခြင်းနှင့် ယင်းတို့ကို လက်တွေ့အသုံးချရာတွင် တစ်ပြေးညီဖြစ်စေခြင်းတို့ကို အလေးထားထည့်သွင်းစဉ်းစားရမည်။

**အခန်း (၃)**

**နိုင်ငံခြားကိုယ်စားလှယ်များနှင့် မြီရှင်များ တရားရုံးသို့ လျှောက်ထားခွင့် တိုက်ရိုက်လျှောက်ထားခွင့်**

၃၇၇။ နိုင်ငံခြားကိုယ်စားလှယ်သည် ဤအပိုင်းအရ စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးသို့ တိုက်ရိုက်လျှောက်ထားခွင့်ရှိသည်။

**စီရင်ပိုင်ခွင့်ကန့်သတ်ခြင်း**

၃၇၈။ နိုင်ငံခြားကိုယ်စားလှယ်က ဤအပိုင်းအရ စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးသို့ ဤအပိုင်းပါပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားသည်ဆိုရုံမျှဖြင့် နိုင်ငံရပ်ခြားရှိမြီစားပိုင်ပစ္စည်းများ သို့မဟုတ် လုပ်ငန်းကိစ္စရပ်များအားလုံးသည် ယင်းလျှောက်ထားမှုမှအပ နိုင်ငံတော်အတွင်းရှိ တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် သက်ဆိုင်ခြင်းမရှိစေရ။

**ဤဥပဒေအရ လူမွဲမှုခင်းစတင်ရန် နိုင်ငံခြားကိုယ်စားလှယ်က လျှောက်ထားခြင်း**

၃၇၉။ သတ်မှတ်စည်းကမ်းချက်များနှင့်ကိုက်ညီလျှင် နိုင်ငံခြားကိုယ်စားလှယ်တစ်ဦးသည် ဤဥပဒေအရ လူမွဲမှုခင်းစတင်ဆောင်ရွက်ရန် လျှောက်ထားခွင့်ရှိသည်။

**ဤဥပဒေအရ လူမွဲမှုခင်းတွင် နိုင်ငံခြားကိုယ်စားလှယ် ပါဝင်ဆောင်ရွက်ခြင်း**

၃၈၀။ နိုင်ငံခြားလူမွဲမှုခင်းအား အသိအမှတ်ပြုသည့်အခါ ဤဥပဒေအရ မြီစားနှင့်ပတ်သက်သည့် မှုခင်းတွင် နိုင်ငံခြားသားကိုယ်စားလှယ်သည် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

**ဤဥပဒေအရ နိုင်ငံခြားမြီရှင်များက လျှောက်ထားခွင့်**

၃၈၁။ (က) ပုဒ်မခွဲ (ခ) အရ ဤဥပဒေနှင့်အညီ လူမွဲမှုခင်းတစ်ခုတွင် ပါဝင်သူ သို့မဟုတ် စတင်ဆောင်ရွက်သူ နိုင်ငံခြားမြီရှင်များသည် နိုင်ငံတော်အတွင်းရှိ မြီရှင်များကဲ့သို့ တန်းတူအခွင့်အရေး ရရှိစေရမည်။

( ခ ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေပါ တောင်းဆိုမှုများ အဆင့်သတ်မှတ်ချက်ကိုလည်းကောင်း၊ နိုင်ငံခြားမှ အခွန်အခများ၊ လူမှုဖူလုံရေးဆိုင်ရာတောင်းဆိုချက်များနှင့် ဒဏ်ကြေးငွေများအား ငြင်းပယ်ပိုင်ခွင့်ကိုလည်းကောင်း ထိခိုက်ခြင်းမရှိစေရ။ သို့ရာတွင် နိုင်ငံခြားမှ အခွန်အခများ၊ လူမှုဖူလုံရေးဆိုင်ရာ တောင်းဆိုချက်များနှင့် ဒဏ်ကြေးငွေများအပေါ် တောင်းဆိုမှုများမှအပ နိုင်ငံခြားမြီရှင်တစ်ဦး၏ တောင်းဆိုမှုသည် ဤဥပဒေအရသတ်မှတ်ထားသည့် ဦးစားပေးမဟုတ်သည့် တောင်းဆိုမှုများအဆင့် သတ်မှတ်ချက်ထက် မနိမ့်စေရ။

**ဤဥပဒေအရ လူမွဲမှုခင်းဆောင်ရွက်ခြင်းကို နိုင်ငံခြားမြီရှင်များသို့ အကြောင်းကြားခြင်း**

၃၈၂။ (က) ဤဥပဒေအရ ဤနိုင်ငံရှိမြီရှင်များထံ အကြောင်းကြားရန်ရှိသည့်အခါတိုင်း ယင်းအကြောင်းကြားစာကို ဤနိုင်ငံတွင် အကြောင်းကြားရန် နေရပ်လိပ်စာမရှိသည့် မြီရှင်များထံသို့လည်း ပေးပို့ရမည်။ နေရပ်လိပ်စာမသိရှိသေးသော မြီရှင်များထံသို့ အကြောင်းကြားရန်အတွက် တရားရုံးသည် သင့်သည်ထင်မြင်သည့် နည်းလမ်းအတိုင်း ဆောင်ရွက်စေရန် အမိန့်ချမှတ်နိုင်သည်။

( ခ ) ထူးခြားသောအခြေအနေများအရ အခြားသောနည်းလမ်းဖြင့်ပေးပို့ပါက ပို၍သင့်လျော်သည်ဟု တရားရုံးက ထင်မြင်ယူဆသည်မှအပ ထိုအကြောင်းကြားစာကို နိုင်ငံခြားမြီရှင်တစ်ဦးချင်းစီထံသို့ ပေးပို့ရမည်။ သို့သော် တရားဝင်တောင်းခံစာ သို့မဟုတ် အခြားအလားတူပုံစံဖြင့် ပေးပို့ရန်လိုအပ်ခြင်း မရှိစေရ။

( ဂ ) လူမွဲမှုခင်းစတင်ကြောင်း အကြောင်းကြားစာတွင် အောက်ပါအချက်များ ပါဝင်ရမည်–

(၁) တောင်းဆိုမှုကို လျှောက်ထားရန်အတွက် လုံလောက်သည့် အချိန်ကာလနှင့် လျှောက်ထားရမည့်နေရာကို သတ်မှတ်ပေးခြင်း၊

(**ဆက်လက်ဖော်ပြပါမည်**)

# တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေသည့် ရပ်ဝေးကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် တွေ့ဆုံအားပေး



**ဘားအံ မတ် ၁၅**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် မတ် ၁၄ ရက် နံနက်ပိုင်းက ဘားအံမြို့ပေါ် စာစစ်ဌာနများတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေကြသည့် ရပ်ဝေးကျောင်းများမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်နှင့်အတူ အလက(၆) တွင် တည်းခိုနေထိုင်သည့် အထက(မင်းဇီ)မှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမနှင့် မိဘအုပ်ထိန်းသူ ၇၅ ဦးအား ရင်းရင်းနှီးနှီး သွားရောက်တွေ့ဆုံ၍ အားပေးစကားများ ပြောကြားပြီး ဆီ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက် အစရှိသည့် အာဟာရဆိုင်ရာအစားအစာများ ထောက်ပံ့ပေးအပ်သည်။

အလားတူ အထက (မုဏ္ဍဒီ) မှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၈၇ ဦးသည် အမက (၁၂) ဘားအံတွင် လည်းကောင်း၊ အထက(မိကရင်)မှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၆၉ ဦးသည် မူလွန်(၄) ဘားအံတွင် လည်းကောင်း၊ အထက(နို့အော လာ)မှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၈၂ ဦးသည် လှာကာဓမ္မာရုံတွင်လည်းကောင်း၊ အထက (တကောင်ဘိုး) မှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၃၀ သည် အမက (မန္တလေးကုန်း)တွင် လည်းကောင်း၊ အထက (ဝတ်ကြီး) မှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၅၃ ဦးသည် အမက(ဇရပ်ဖြူ)တွင်လည်းကောင်း၊ အထက(ဖကတာ) မှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၉၇ ဦးသည် အမက (ထုံးအိုင်-၃)တွင်လည်းကောင်း၊ အထက(ခွဲ) (ကော့လ)မှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၂၉ ဦးနှင့် အထက(ခွဲ) (ဘုရားကုန်း)မှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၈၄ ဦးသည် ကွင်းကျောင်း ဘုန်းတော်ကြီးကျောင်းတွင် လည်းကောင်း အသီးသီး တည်းခိုနေထိုင်လျက်ရှိရာ လိုအပ်သည်များ စီမံဆောင်ရွက်ပေးခဲ့သည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကရင်ပြည်နယ် အတွင်းစာစစ်ဌာန ၅၀ ဖြင့် ကျင်းပပေးလျက်ရှိပြီး လုံခြုံရေး၊ ကျန်းမာရေး၊ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်မီးရရှိရေးနှင့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများ ပူးပေါင်း၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နေပြည်တော်၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၁၅**

နေပြည်တော် စားသုံးသူရေးရာဦးစီးဌာနကပြုလုပ်သည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အခမ်းအနားကို မတ် ၁၅ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့နယ် အာဟာရသုခဈေး၌ ကျင်းပသည်။

နေပြည်တော် ကောင်စီဝင် ဦးအေးမောင်စိန်က စားသုံးသူများဆိုသည်မှာ ပြည်သူများအပြင် ထုတ်လုပ်သူများပါ ပါဝင်ကြောင်း၊ ထုတ်လုပ်သည့် ကုန်ပစ္စည်း၊ အသုံးအဆောင်တစ်ခုကို စားသုံးသူများက ဝယ်ယူပြီး သုံးစွဲသည့်အခါ အရည်အသွေးပြည့်မီကောင်းမွန်သည့် ပစ္စည်းများရရန် အရေးကြီးသလို မှန်မှန်ကန်ကန်ဖြစ်စေဖို့လည်း အရေးကြီးကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ ချမှတ်ထားသည့် စားသုံးသူရေးရာဥပဒေအရ စားသုံးသူများမှာ နစ်နာမှုမရှိရလေအောင် အသိပညာ ဗဟုသုတများ တိုးပွားရအောင် နည်းပေါင်းစုံဖြင့် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူး (စားသုံးသူရေးရာဌာနခွဲ)က စားသုံးသူအခွင့်အရေး ရှစ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး နေပြည်တော် သောက်ရေသန့်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းက စားသုံးသူများ၊ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ စားသုံးသူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် ဆောင်ရွက်ပေးမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

**စိုးမိုး(ပြန်/ဆက်)**

# မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်းဆင်းပွဲ ကျင်းပ

**ပင်လည်ဘူး မတ် ၁၅**

ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေး သင်တန်းဆင်းပွဲကို မတ် ၁၅ ရက် နံနက် ၉ နာရီက ပင်လည်ဘူးမြို့နယ် ကင်းပန်းကျေးရွာ၌ ကျင်းပသည်။

ပင်လည်ဘူးမြို့နယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခိုင်လင်းနိုင်တို့က အမှာစကားပြောကြားပြီး ပြန်လည်ထူထောင်ရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အေးအေးလွင်က သင်တန်းဖွင့်လှစ်ပေးနိုင်မှုအခြေအနေကို ရှင်းလင်း ပြောကြားသည်။

သင်တန်းကို သင်တန်းသား ၅၀ ဖြင့် ဖေဖော်ဝါရီ ၅ ရက်မှ မတ် ၁၅ ရက်ထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# ရန်ကုန်-ကိုကိုးကျွန်းသွား သဟာပတိရေယာဉ် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



**ရန်ကုန် မတ် ၁၅**

ရန်ကုန်-ကိုကိုးကျွန်းသို့ ရေကြောင်းခရီးစဉ် ဒုတိယအခေါက်ပြေးဆွဲမှုအဖြစ် မတ် ၇ ရက် နံနက်ပိုင်းက ကိုကိုးကျွန်းမြို့နယ်သို့ အခမဲ့ထွက်ခွာပြေးဆွဲသည့် သဟာပတိရေယာဉ်သည် မတ် ၁၄ ရက် နံနက် ၇ နာရီခန့်တွင် သာကေတဆိပ်ခံတံတားသို့ ပြန်လည်ဆိုက်ကပ်သည်။

''ကိုကိုးကျွန်းမှာနေတဲ့ ဒေသခံပြည်သူလူထုတွေ၊ ဝန်ထမ်းတွေနဲ့ ကိုကိုးကျွန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေဖို့ စီစဉ်ဆောင်ရွက်တဲ့ ဒီခရီးစဉ်ဟာ အခုလို အောင်အောင်မြင်မြင် ချောချောမွေ့မွေ့သွားလာနိုင်တဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ အသွားတုန်းက ဟိုမှာ မြို့နယ်မီးလင်းရေးအတွက် လိုအပ်တဲ့ ဒီဇယ်တွေ၊ ဆောက်လုပ်ရေးလုပ်ငန်းအတွက်လိုအပ်တဲ့ ပစ္စည်းတွေ၊ စားသောက်ကုန်တွေကို သယ်ယူပို့ဆောင်ပေးခဲ့ပြီး အပြန်မှာတော့ ဒေသထွက်ကုန်တွေကို ပြန်လည်သယ်ဆောင်လာခဲ့ပါတယ်" ဟု YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

ရန်ကုန်-ကိုကိုးကျွန်းခရီးစဉ်တွင် လိုက်ပါကြသူများအား စီးနင်းခကောက်ခံမှုမရှိသည့်အပြင် လမ်းခရီးတွင်လည်း ထမင်းကျွေးကြောင်း၊ ထို့အတူ ကုန်စည်များသယ်ယူပို့ဆောင်မှုအတွက်လည်း ငွေကြေးကောက်ခံမှုမရှိကြောင်း၊ နောင်ဆက်လက်ပြေးဆွဲမည့် ခရီးစဉ်များတွင် ခရီးသည်များထံမှ စီးနင်းခကောက်ခံသွားရန် အစီအစဉ်မရှိသေးသော်လည်း ကုန်စည်များသယ်ယူပို့ဆောင်မှုအတွက်မူ သင့်တင့်လျောက်ပတ်သော အဖိုးအခတစ်ခု ကောက်ခံရန်ညှိနှိုင်းတွက်ချက်မှုများ ဆောင်ရွက်နေကြောင်း YRTA မှ သိရသည်။

ရန်ကုန်-ကိုကိုးကျွန်း ခရီးစဉ်အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ဒေသခံပြည်သူများနှင့် တာဝန်ကျဝန်ထမ်းများ အဆင်ပြေစေရန်အတွက် YRTA ၏ ရန်ပုံငွေမှ ခရီးစဉ်တစ်ခေါက်လျှင် ငွေကျပ်သိန်း ၂၀၀ စိုက်ထုတ်အကုန်အကျခံ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ယခုပြေးဆွဲပေးနေသည့် သဟာပတိရေယာဉ်တွင် အနည်းဆုံးခရီးသည် ၆၀ ခန့် လိုက်ပါစီးနင်းနိုင်ပြီး ရေယာဉ်မှာတန် ၃၀၀ ခန့် တင်ဆောင်နိုင်ကြောင်း၊ ပထမခေါက်ခရီးစဉ်တွင် ခရီးသည် ၃၈ ဦး လိုက်ပါသွားခဲ့ပြီး အပြန်တွင် ၃၆ ဦး လိုက်ပါလာခဲ့ကြောင်း၊ ယခုဒုတိယအခေါက်ခရီးစဉ်တွင် ခရီးသည် ၃၁ ဦး လိုက်ပါခဲ့ပြီး အပြန်တွင် ၅၁ ဦး လိုက်ပါလာခဲ့ကြောင်း သိရသည်။

**ကိုထက်**



တာချီလိတ်လေဆိပ်၌ လေယာဉ်ဖြင့် ခရီးသွားလာကြသူများကိုတွေ့ရစဉ်။

# လေထုညစ်ညမ်းမှုကြောင့် လေယာဉ်ခရီးစဉ်များ အချိန်ရွှေ့ဆိုင်းရသော်လည်း ပုံမှန်ပြေးဆွဲ

**တာချီလိတ် မတ် ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် မီးခိုးမြူငွေ့များထူထပ်မှုကြောင့် လေကြောင်းလိုင်းခရီးစဉ် ဆင်းသက်ချိန်များ နောက်သို့ရွှေ့ဆိုင်းပျံသန်းရသော်လည်း ခရီးသည်တင် လေကြောင်းလိုင်းများ နေ့စဉ်ပုံမှန်ပျံသန်းလျက်ရှိကြောင်း သိရသည်။

မတ် ၁၁ ရက်မှစတင်ကာလေယာဉ် ဆင်းသက်ရန် မွန်းလွဲပိုင်းသို့ ရွှေ့ဆိုင်းခဲ့ရသော်လည်း လေကြောင်းလိုင်းများ ပြေးဆွဲပျံသန်းလျက်ရှိကြောင်း တာချီလိတ်လေကြောင်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူး စောဘလက်ဇက်ထံမှ သိရသည်။

လေထုညစ်ညမ်းမှု လျော့နည်းကျဆင်းစေရေး ဗိုလ်ချုပ်လမ်းမကြီး တစ်လျှောက်နှင့် ရပ်ကွက်များအတွင်း မီးသတ်ယာဉ်များဖြင့် နေ့စဉ်နံနက်ပိုင်းနှင့် ညနေခင်းများတွင် ရေမှုန်ရေမွှားများပက်ဖျန်းပေးလျက်ရှိကြောင်း သိရသည်။

**ယာဆေး (ပြန်/ဆက်)**

# နွေရာသီ သောက်သုံးရေဖူလုံစေရေး သောက်သုံးရေကန် ပြန်လည်တူးဖော်

**ရန်ကုန် မတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ရခိုင်ချောင်ကျေးရွာ၌ နှစ်စဉ်နွေရာသီကာလအတွင်း သောက်သုံးရေကန်များ ခန်းခြောက်လျက်ရှိရာ ဒေသခံပြည်သူများ ရေရှားပါးမှုမှ ကင်းဝေးစေရေးနှင့် သောက်သုံးရေဖူလုံစွာရရှိစေရေးအတွက်ရည်ရွယ်၍ ကျေးရွာတောင်ဘက်ခြမ်း၌ သောက်သုံးရေကန်ကြီးအား ပြန်လည်တူးဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ သောက်သုံးရေကန်ကြီးသည် အလျား ၃၇၅ ပေ၊ အနံ ၁၆၅ ပေ၊ အမြင့် ၁၃ ပေခန့်ရှိပြီး ကျေးရွာသူကျေးရွာသားများက သောက်သုံးရေအတွက် အဓိကအားထားသုံးစွဲလျက်ရှိခြင်းကြောင့် မိုးရာသီ၌ ရေသိုလှောင်နိုင်ရန်အတွက် ပြန်လည်တူးဖော်ခဲ့ခြင်းဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်ဇော်က ပြောသည်။

**နိုင်လင်းကျော်(ဒလ)**

# COVID-19 ဗိုင်းရပ်စ်ကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း လူမှု/စီးပွားကဏ္ဍများတွင် မလိုလားအပ်သောရိုက်ခတ်မှုများ ကြိုတင်ထိန်းချုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး မတ် ၁၅**

COVID-19 ဗိုင်းရပ်စ်ရောဂါအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ကမ္ဘာ့ကပ်ရောဂါ(Pandemic)အဖြစ် သတ်မှတ်ကြေညာခဲ့သည့်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်း လူမှု/စီးပွားကဏ္ဍများတွင် မလိုလားအပ်သော ရိုက်ခတ်မှုများ ကြိုတင်ထိန်းချုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၃ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်က အဖွင့်အမှာစကားပြောကြားပြီး COVID–19 စောင့်ကြည့်စစ်ဆေးကုသရေး တိုင်းဒေသကြီးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် အတွင်းရေးမှူး ဒေါက်တာသန်းသန်းမြင့်တို့က COVID–19 ဗိုင်းရပ်စ်ရောဂါအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ကမ္ဘာ့ကပ်ရောဂါ (Pandemic)အဖြစ် သတ်မှတ်ကြေညာခဲ့သည့်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်း လူမှု/စီးပွားကဏ္ဍများတွင် မလိုလားအပ်သော ရိုက်ခတ်မှုများ ကြိုတင်ထိန်းချုပ်နိုင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်မင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်း လူမှု/စီးပွားကဏ္ဍများတွင် မလိုလားအပ်သော ရိုက်ခတ်မှုများ ကြိုတင်ထိန်းချုပ်နိုင်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဝိုင်းဝန်းဆွေးနွေးကြသည်။ ၎င်းနောက် တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**သန်းဇော်မင်း**
**(ပြန်/ဆက်)**



## လွိုင်လင်၌ COVID-19 ကာကွယ်ရေးဆောင်ရွက်

**လွိုင်လင် မတ် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့၌ COVID – 19 ကူးစက်မှုအန္တရာယ်မှ ကာကွယ်ရေးလှုပ်ရှားမှုအဖြစ် မတ် ၁၅ ရက် နံနက် ၇ နာရီက ဆောင်ရွက်ခဲ့ကြသည်။

ဒုတိယခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်လင်းဦးဆောင်သည့် မိခင်နှင့်ကလေးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့မကျန်းမာရေးဌာနမှ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ မာရီစတုတ်မြန်မာမှ တာဝန်ခံဆရာဝန် ဒေါက်တာသန်းထက်နှင့် ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များပူးပေါင်း၍ မြို့မဈေးကြီးတွင် ဈေးရောင်းဈေးဝယ်များအား ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် လူအများမြင်သာအောင် စတေကာများကပ်ခြင်း၊ အသံချဲ့စက်ဖြင့် ကြေညာခြင်းများကို ရှမ်း၊ ပအိုဝ်း၊ မြန်မာဘာသာများဖြင့် အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မိုးလွင်ဦး(လွိုင်လင်)**

## မသန်စွမ်းသူများ အသင်းချုပ်သို့ သုံးဘီးဆိုင်ကယ်များလှူဒါန်း

**ပုသိမ် မတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းအစည်းအဝေးခန်းမ၌ မတ် ၁၃ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး မသန်စွမ်းသူများအသင်းချုပ်သို့ မိုးယံဖောင်ဒေးရှင်းမှ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ရန်အတွက် ငွေကျပ် သိန်း၁၀၀တန်ဖိုးရှိ သုံးဘီးဆိုင်ကယ်များ လှူဒါန်းခြင်းအခမ်းအနား ကျင်းပသည်။

ထို့နောက် မိုးယံဖောင်ဒေးရှင်းမှ အတွင်းရေးမှူး မဆုမွန်က လှူဒါန်းရခြင်းအကြောင်းရှင်းလင်းတင်ပြပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်လက်ခံခဲ့သည်။

**မြင့်ဟန်**

## ကျိုက်မရောအ၌ COVID- 19 အကြောင်း အသိပညာပေး ဆွေးနွေးခြင်းနှင့် လက်ကမ်းစာစောင် ဖြန့်ဝေ

**ကျိုက်မရော မတ် ၁၅**

COVID–19 အကြောင်း အသိပညာပေးဆွေးနွေးပွဲကို မတ် ၁၄ ရက် မွန်းလွဲ ၁ နာရီက ကျိုက်မရောမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ကျန်းမာရေးဦးစီးဌာနမှ သူနာပြုအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းမွန်က ကမ္ဘာ့နိုင်ငံများတွင် လတ်တလောဖြစ်ပွားလျက်ရှိသည့်COVID–19 နှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်သော သတင်းမှန်များနှင့် သတိပေးနှိုးဆော်ချက်များကိုသာ လိုက်နာဆောင်ရွက်ကြရန်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက လူမှုမီဒီယာများတွင်ပျံ့နှံ့နေသည့် သတင်းအမှားများကို မယုံကြည်ကြရန် ပြောကြားပြီး COVID– 19 ပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

## စလင်းမြို့နှင့် ဆင်ဖြူကျွန်းမြို့ရှိ ပြည်သူ့ဆေးရုံများအား ကြည့်ရှုစစ်ဆေး

**စလင်း မတ် ၁၅**

မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးသည် မတ် ၁၄ ရက် နံနက်ပိုင်းက စလင်းမြို့ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် လူမှုရေးဝန်ကြီးနှင့်အဖွဲ့သည် ဆင်ဖြူကျွန်းမြို့ ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှု သံသယလူနာရှိပါက သီးသန့်ထားရန်အခန်း ပြုလုပ်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဆေးရုံဝင်းအတွင်းဆောက်လုပ်မည့် အလျား ၆၈ ပေ၊ အနံ ၅၃ ပေ၊ အမြင့် ၃၁ ပေရှိ လေးခန်းတွဲ၊ သုံးထပ် အာစီအမျိုးအစားဝန်ထမ်းအိမ်ရာ အဆောက်အဦမြေနေရာအား ပန္နက်တင်ပေးခဲ့သည်။ **စိုးမိုးသူ(စလင်း)**



## ဟားခါးမြို့၌ COVID-19 အကြောင်း စကားဝိုင်းဆွေးနွေး

**ဟားခါး မတ် ၁၅**

ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးမှဦးဆောင်၍ COVID–19 ရောဂါအကြောင်း သိကောင်းစရာများစကားဝိုင်းဆွေးနွေးခြင်းကို မတ် ၁၃ ရက် ညနေ ၆ နာရီက ဟားခါးမြို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး၊ ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံက COVID–19 ရောဂါနှင့်ပတ်သက်၍ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ၊ ရောဂါကူးစက်ခံရသူတိုင်း အသက်အန္တရာယ်ရှိမှုရာခိုင်နှုန်းနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများတွင် ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် သတင်းမီဒီယာများက ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာကြသူများ၏ သိရှိလိုသည့် ဆွေးနွေးမေးမြန်းချက်များအား ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကာ ပြည်နယ်လူမှုရေး ဝန်ကြီးက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ပြန်/ဆက်)**

## လှိုင်းဘွဲ၌ COVID-19 အကြောင်းဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

**လှိုင်းဘွဲ မတ် ၁၅**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်၌ COVID–19 အကြောင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်နိုင်စေရေး မတ် ၁၅ ရက် နံနက်ပိုင်းက မြို့နယ်ဌာနဆိုင်ရာများပူးပေါင်း၍ လူစည်ကားရာ နေရာများဖြစ်သော မြို့မဈေးကြီး၊ လှိုင်းဘွဲ-ပိုင်ကျုံလမ်းဆုံ၊ ခြံကုန်းလမ်းဆုံသို့ သွားရောက်ပြီး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။



ကျန်းမာရေးဦးစီးဌာနနှင့် ကြက်ခြေနီအသင်း တာဝန်ရှိသူများက ပြည်သူများကို ကိုရိုနာဗိုင်းရပ်စ် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ဖြစ်ပွားမှုအခြေအနေများ၊ ရောဂါမဖြစ်ပွားအောင် ကာကွယ်ရမည့် နည်းလမ်းများကို အသိပညာပေးပြောကြားပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အသိပညာပေး ပိုစတာများကို လူစည်ကားရာနေရာများတွင် စိုက်ထူပေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်**
**(ပြန်/ဆက်)**

# နိုင်ငံခြားသားခရီးသွားဧည့်သည်များ တာချီလိတ်နယ်စပ်မှ တစ်ပတ်အတွင်း ၁၈၃၈၄ ဦး ဝင်ရောက်လည်ပတ်



**တာချီလိတ် မတ် ၁၅**

တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ နေ့စဉ်ဝင်ရောက်လည်ပတ်လျက်ရှိရာ မတ် ၆ ရက်မှ ၁၂ ရက်အထိ ထိုင်းနိုင်ငံသား အများစုပါဝင်သည့် နိုင်ငံခြားသားကမ္ဘာလှည့် ခရီးသွားဧည့်သည် နေ့ချင်းပြန်နှင့် ညအိပ်ခရီးစဉ်အဖြစ် စုစုပေါင်း ၁၈၃၈၄ ဦးဝင်ရောက်လည်ပတ်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲမှ သိရသည်။

နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံအတွင်း ဘုရားဖူးခြင်း၊ ရေမြေတောတောင် သဘာဝအလှရှုခင်းများနှင့် အထင်ကရနေရာများ၊ တိုင်းရင်းသားများ၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ လူနေမှုဘဝပုံစံများကို ဗဟုသုတအဖြစ် ကြည့်ရှုလေ့လာ သိမြင်ခံစားနိုင်စေရန် ဝင်ရောက်လျက်ရှိရာ တစ်ပတ်အတွင်း တာချီလိတ်နေ့ချင်းပြန်အဖြစ် ထိုင်းနိုင်ငံသား ၁၇၁၈၂ ဦး၊ တတိယနိုင်ငံသား (နိုင်ငံခြားသား) ၆၅၈ ဦး၊ ညအိပ်ခရီးစဉ်အဖြစ် မိုင်းဖြတ်နှင့် ကျိုင်းတုံမြို့သို့ ထိုင်းနိုင်ငံသားအများစုပါဝင်သည့် တတိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည် ၇၄ ဦး၊ ပြည်တွင်းခရီးစဉ်သို့ ဗီဇာ (ဗီဇာကင်းလွတ်ခွင့်ရ)ဖြင့် နိုင်ငံခြားသား ခရီးသွားဧည့်သည် ၄၆၀ ဝင်ရောက်လည်ပတ်ခဲ့သည်။

ယခုနှစ်အတွင်း မြဝတီ၊ တမူးနယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်ပြီး ပြည်တွင်းသို့ လည်ပတ်ကာ တာချီလိတ်နယ်စပ်မှတစ်ဆင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့သို့ ထွက်ခွာသည့်ခရီးစဉ် ၁၃ ခုတွင် မော်တော်ယာဉ် ၃၉ စီး၊မော်တော်ဆိုင်ကယ် ၇၄ စီး၊ လူဦးရေ ၁၆၂ ဦးနှင့် တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ဝင်ရောက်ပြီး မြန်မာနိုင်ငံနယ်စပ်ဝင်ပေါက်၊ ထွက်ပေါက် အသီးသီးမှ ထွက်ခွာသည့် ခရီးစဉ်ခုနစ်ကြိမ်တွင် မော်တော်ယာဉ် ၁၉ စီး၊ မော်တော်ဆိုင်ကယ် ၁၁ စီး၊ လူဦးရေ၇၂ဦးတို့လည်း လာရောက်လည်ပတ်ခဲ့သည်။

တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှ မတ် ၁၂ ရက်အထိ နေ့ချင်းပြန်နှင့် ညအိပ်ခရီးသည် ထိုင်းနိုင်ငံသား ၂၁၀၆၁၇ ဦး၊ တတိယနိုင်ငံသား (နိုင်ငံခြားသား) ၄၄၇၇ ဦး၊ လန့်တောင်းဘုရားသို့ နေ့ချင်းပြန် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား(နိုင်ငံခြားသား) ၁၀ ဦး၊ မိုင်းဖြတ်နှင့် ကျိုင်းတုံခရီးစဉ်တွင် ၂၇၁၄ ဦး၊ ဗီဇာ (ဗီဇာကင်းလွတ်ခွင့်)ဖြင့် ပြည်တွင်းခရီးစဉ်သို့ ၈၄၈၇ ဦး စုစုပေါင်း နိုင်ငံခြားသားခရီးသွားဧည့်သည် ၂၂၆၃၀၅ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း**

**(ပြန်/ဆက်)**

# တာလေမြို့၌ မီးခိုးမြူငွေ့လျော့နည်းကျဆင်းရေး ရေမှုန်ရေမွှားများ ပက်ဖျန်း

**တာလေ မတ် ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့၌ မီးခိုးမြူငွေ့များ သိသိသာသာ ဖုံးလွှမ်းနေပြီး လေထုအတွင်း ညစ်ညမ်းမှုများ လျော့နည်းကျဆင်းရေးအတွက် တာလေမြို့ မီးသတ်တပ်ဖွဲ့က မတ် ၁၅ ရက် မွန်းလွဲ ၁၂ နာရီက ရန်ကင်းဆီပန့်မှစ၍ မြို့တွင်းအထိ ရေမှုန်ရေမွှားများ ပက်ဖျန်းပေးခဲ့သည်။

**ရေမှုန်ရေမွှားများ ပက်ဖျန်း**

တာလေမြို့တွင် နွေဦးအကြိုကာလ၌ လေထုအတွင်းမြူမှုန်များ ရောနှောပါရှိမှုများနှင့် မီးခိုးမြူငွေ့များ သိသိသာသာ ဖုံးလွှမ်းလာမှုများကြောင့် မြို့အုပ်ချုပ်ရေးမှူး ဦးချစ်ကို ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်/ကျေးအုပ်စုအုပ်ချုပ်ရေးမှူးများ ပူးပေါင်းပါဝင်၍ တာလေမြို့ မီးသတ်တပ်ဖွဲ့သည်



လေထုညစ်ညမ်းမှုနှင့် မီးခိုးမြူငွေ့များ လျော့နည်းကျဆင်းရေးအတွက် ရေမှုန်ရေမွှားများ ပက်ဖျန်းပေးလျက်ရှိပြီး မတ် ၁၅ ရက်မှစတင်၍ မီးခိုးမြူငွေ့များ လျော့နည်းကင်းစင်သည်အထိ နေ့စဉ်ပက်ဖျန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်မိုး**

**(ပြန်/ဆက်)**

# ကျေးရွာလမ်း အဆင့်မြှင့်တင်ခြင်းနှင့် သောက်သုံးရေရရှိရေးဆောင်ရွက်

**သနပ်ပင် မတ် ၁၅**

သနပ်ပင်မြို့နယ်အတွင်းရှိ ကျေးရွာ ၂၀ တွင် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျေးရွာလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

သောက်သုံးရေရရှိရေးလုပ်ငန်းများဖြစ်သည့် သောက်သုံးရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးခတ်ခြင်းများကို ရွှေအိုးရွာသစ်၊ ကျွဲဖြူချောင်းကျေးရွာတို့တွင် လည်းကောင်း၊ ငှက်ပျောတော၊ ထောင်မင်း၊ ပြွန်ပေါက်၊ ညောင်ပင်စု၊ ခရမ်းညောင်ပင်၊ ကမာဘာ၊ ဆယ်ဧကေ၊ လှာပကစ်၊ ကမာခနိမ်၊ တံခွန်တိုင်(န)၊ စဥ့်အိုးဘို၊ စံပြ၊ ကသဲကုန်း၊ မိုးခိုင်ကြီး၊ ခရမ်းတို့တွင် ကျေးရွာအဝင်လမ်းအားဂဝံလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ အပိုင်၊ ရွာသစ်ကျေးရွာများတွင် ကျေးရွာချင်းဆက်လမ်းကို ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ထပ်ခနိမ်ကျေးရွာတွင် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်ဦးက ပြောသည်။

အဆိုပါကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် မတ်လပထမပတ်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းနှင့် တာဝန်ရှိသူတို့က ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ကျေးရွာ ၂၀ ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်**

# မြို့မကြက်တောင်ကလပ်မှ ကြက်တောင်ရိုက်အားကစားနည်းသင်တန်းဖွင့်

**ကန့်ဘလူ မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် မြို့မကြက်တောင်ကလပ်မှ နွေရာသီကြက်တောင်အားကစားနည်းသင်တန်းကို မတ် ၁၄ ရက်က မိုးလုံလေလုံ မြို့မကြက်တောင်ရုံ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါအားကစားသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၈ ဦးတက်ရောက်လျက်ရှိပြီး သင်တန်းကာလ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## သတင်းစုံကဏ္ဍ

### ဆရာဖေမြင့်၏ စဉ်းစားခြင်းစာအုပ်ကို စာဖတ်ဝိုင်းကျင်းပ

**ဆော**

စာရေးဆရာဖေမြင့်၏ စဉ်းစားခြင်းစာအုပ်အား စာဖတ်ဝိုင်းကျင်းပခြင်းကို မတ် ၁၃ ရက် မွန်းလွဲ ၂ နာရီက ဆောမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ထို့နောက် တက်ရောက်လာသူ စာပေဝါသနာရှင်များဖြစ်ကြသည့် ဦးမြင့်ဝင်းက မီးသတ်သမား၏ လျှပ်တစ်ပြက်ဉာဏ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးအောင်မောင်းက သမိန်ဗရမ်း၏နည်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးဝင်းသိန်းက ဘယ်သူ့ရိုးဖြောင့်မှန်ကန်သလဲခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးအောင်သိန်းက လုပ်သင့် မလုပ်သင့်ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးကြ၍ တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးမှုများကို တာဝန်ရှိသူများက ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**စိန်ကျော်**

### စာရေးဆရာအသင်း အလုပ်အမှုဆောင်ပြန်လည်ရွေးချယ်

**မကွေး**

မကွေးမြို့နယ်စာရေးဆရာအသင်းအလုပ်အမှုဆောင်သစ် ရွေးချယ်ပွဲကို မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ မတ် ၁၄ရက် နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

ဥက္ကဋ္ဌဦးကိုကိုနိုင် (မြား)၊ အတွင်းရေးမှူး ဒေါ်ကြူကြူခိုင် (မြနှင်းသုန်)၊ ဘဏ္ဍာရေးမှူး နော်လီကို(မကွေး) နှင့် အမှုဆောင်များအဖြစ် မကွေးမြင့်သန်း၊ တက္ကသိုလ်ရည်ရွှယ်တို့ကို ရွေးချယ်ခဲ့ကြသည်။

**ဇေယျာတု(မကွေး)**

### ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ အလုပ်သင်ဝန်ထမ်းများအား ဘက်စုံလုပ်ငန်းကျွမ်းကျင်မှုရှိစေရန်ရည်ရွယ်၍ ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းကို မတ် ၁၄ ရက် နံနက် ၉ နာရီက ညောင်ဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

အဆိုပါ ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းသို့ အလုပ်သင်ဝန်ထမ်းသင်တန်းသား ၂၁ ဦးတက်ရောက်သင်ကြားပြီး ဝန်ထမ်းကျင့်ဝတ်နှင့် လိုက်နာရမည့်စည်းမျဉ်း၊ စည်းကမ်းများ၊ ရုံးလုပ်ငန်းစီမံခန့်ခွဲရေးနည်းစနစ်များ၊ (မြေ၊ မျိုး၊ ပိုး)ဆိုင်ရာ တောင်သူပညာပေးနည်းစနစ်များနှင့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို အပတ်စဉ် စနေနေ့တိုင်း နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပေးနေကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

### မျက်စိအခမဲ့ခွဲစိတ်ကုသရန် အလှူငွေများလှူဒါန်း

**မန္တလေး**

မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ် အုန်းချောရွာ သီတဂူစက္ခုဒါနဆေးရုံတွင် မျက်စိအလင်းကုသိုလ်အဖြစ် အလှူငွေပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို မတ် ၁၃ ရက် နံနက် ၉ နာရီက အဆိုပါဆေးရုံ၌ ကျင်းပသည်။

အလှူရှင်များက အုန်းချောသီတဂူစက္ခုဒါနဆေးရုံ ဦးဆောင်ဆရာတော် ဒေါက်တာသုန္ဒရ(Ph.D) ထံ အလှူငွေများ လှူဒါန်းခဲ့ကြသည်။

**နွေနဒီ(မြစ်ငယ်)**

### မန္တလေးခရိုင်ရဲတပ်ဖွဲ့ ဆင့်ပွားသင်တန်းဖွင့်

**မန္တလေး**

မန္တလေးခရိုင်ရဲတပ်ဖွဲ့ ကလေးသူငယ်အခွင့်အရေးနှင့် အကျိုးစီးပွားဦးစားပေးသည့် တရားစီရင်ရေးဆိုင်ရာ ရဲလုပ်ထုံးလုပ်နည်းဆင့်ပွားနှင့် ကျား/မအခြေပြု အကြမ်းဖက်မှုဆိုင်ရာဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၂၀) သင်တန်းဖွင့်ပွဲကို မတ် ၁၄ ရက် နံနက် ၈ နာရီက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နိုင်လှထူးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းမှာ သင်တန်းကာလ နှစ်ပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား၂၀ တက်ရောက်ကြကြောင်း သိရသည်။ **တင်မောင် (မန်းကိုယ်ပွား)**

### သန်လျင်၌ မူခင်းအသိပညာပေးဟောပြောပွဲ ကျင်းပ

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ မြို့ဟောင်းအနောက်ရပ်ကွက်တွင် မူခင်းအသိပညာပေးဟောပြောပွဲကို မတ် ၁၃ ရက် ည ၇ နာရီက အဆိုပါရပ်ကွက်ရှိ မွေးလွန်းရှင်ဘုန်းကြီးကျောင်း၌ ကျင်းပသည်။

သန်လျင်မြို့နယ်ရဲတပ်ဖွဲ့ နယ်ထိန်း (အရာရှိ) ရဲအုပ်ချမ်းမြေ့အောင်က မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းစေရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းပပျောက်ရေး၊ ဓာတုဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးနှင့် မူခင်းလျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ပြီး မူခင်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# အာဆင်နယ်အသင်းက အူဘာမေယန်အား စာချုပ်သစ်အတွက် သဘောတူညီမှုမရပါက ရောင်းချရန်အသင့်ရှိဟုဆို



အာဆင်နယ်အသင်းဟာ တိုက်စစ်မှူး အူဘာမေယန်အား စာချုပ်သစ်ချုပ်ဆိုဖို့ စီစဉ်လျက်ရှိပြီး စာချုပ်သစ်အတွက် သဘောတူညီမှုမရပါက ရောင်းချသွားရန် အသင့်ရှိနေတယ်လို့ ဆိုပါတယ်။

အာဆင်နယ်တိုက်စစ်မှူး အူဘာမေယန်ဟာ ယခုနှစ်ဘောလုံးရာသီမှာ အာဆင်နယ်အသင်းနဲ့အတူ ၃၂ပွဲပါဝင်ကစားပေးထားရာမှာ သွင်းဂိုး ၂၀ သွင်းယူပေးထားနိုင်ခဲ့တာကြောင့် ဘာစီလိုနာအသင်းကလည်း ခေါ်ယူဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်နေတယ်လို့ သိရပါတယ်။

အာဆင်နယ်အသင်းအနေနဲ့ အသက် ၃၀ အရွယ် အူဘာမေယန်ကို လာမယ့်ဘောလုံးရာသီကုန်အထိ စာချုပ်သက်တမ်းရှိနေပေမယ့် ကစားသမားကိုယ်တိုင်က ဘာစီလိုနာအသင်းနဲ့ အင်တာမီလန်အသင်းတို့ဆီ ပြောင်းရွှေ့ကစားဖို့ ချိတ်ဆက်မှုတွေပြုလုပ်နေတယ်လို့ သိရပါတယ်။

တိုက်စစ်မှူး အူဘာမေယန်ဟာ လက်ရှိ လုပ်ခလစာရဲ့ ၃၀ ရာခိုင်နှုန်းတိုးကာ တစ်ပတ် လုပ်ခလစာပေါင် သုံးသိန်းတောင်းဆိုထားတယ်လို့လည်း သိရပါတယ်။ စပိန်လာလီဂါ ထိပ်တန်းကလပ် ဘာစီလိုနာအသင်းဟာ တိုက်စစ်မှူး အူဘာမေယန်ကို ခေါ်ယူဖို့ အရင်ကပစ်မှတ်ထားခဲ့ပေမယ့် လက်ရှိအချိန်မှာ တိုက်စစ်ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ ပီအက်စ်ဂျီတိုက်စစ်မှူး နေမာနဲ့ အင်တာမီလန်တိုက်စစ်မှူး မာတီနက်ဇ်တို့ကို ခေါ်ယူဖို့က အဓိက ပစ်မှတ်ဖြစ်လာခဲ့တာကြောင့် အူဘာမေယန်ကိုခေါ်ယူဖို့ မရှိဘူးလို့ဆိုပါတယ်။

နည်းပြအာတီတာလက်ထက်မှာ အာဆင်နယ်အသင်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့ မသေချာဖြစ်နေတာကြောင့် တိုက်စစ်မှူး အူဘာမေယန်က အသင်းပြောင်းရွှေ့ဖို့ စီစဉ်နေတာဖြစ်တယ်လို့လည်း သတင်းတွေ ထွက်ပေါ်နေပါတယ်။

**ငွေကြယ် – ရေးသားသည်**

# မန်စီးတီးတိုက်စစ်မှူး မာရက်ဇ် ပီအက်စ်ဂျီသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေ

မန်စီးတီးအသင်း တိုက်စစ်မှူး မာရက်ဇ်ဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဝင်ရောက်ကစားခွင့်ရရှိရေးအတွက် ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ နည်းပြဂွါဒီယိုလာရဲ့ မန်စီးတီးအသင်းကထွက်ခွာဖို့ ဆန္ဒရှိနေပြီး ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းက ခေါ်ယူဖို့ စိတ်ဝင်စားနေတာကြောင့် ပြင်သစ်မြေကို ပြောင်းရွှေ့ကစားဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။

အယ်လ်ဂျီးရီးယားကြယ်ပွင့် မာရက်ဇ်အနေနဲ့ အီတီဟက်ဒ်ကနေ ထွက်ခွာဖို့ဆန္ဒရှိနေတာကြောင့် မန်စီးတီးအသင်းကလည်း အသင်းကနေထွက်ခွာခွင့်ပြုဖို့ ဆုံးဖြတ်ထားတယ်လို့ ဆိုပါတယ်။ တိုက်စစ်မှူး မာရက်ဇ်ဟာ မန်စီးတီးအသင်းနဲ့အတူ ပရီမီယာလိဂ်ဖလားနှစ်ကြိမ် ရယူပေးထားနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

မန်စီးတီးအသင်းမှာ လီရွိုင်းဆာနေးဒဏ်ရာကြောင့် ကာလရှည်နားနေခဲ့ရတာကြောင့် တိုက်စစ်မှူး မာရက်ဇ်ဟာ နည်းပြဂွါဒီယိုလာရဲ့ မန်စီးတီးအသင်းနဲ့အတူ ယခုနှစ်ဘောလုံးရာသီမှာ အရေးပါတဲ့ကစားသမားတစ်ဦးလည်း ဖြစ်လာခဲ့ပါတယ်။

တိုက်စစ်မှူး မာရက်ဇ်ဟာ ယခုနှစ်ဘောလုံးရာသီ မန်စီးတီးအသင်းရရှိခဲ့တဲ့ ပြိုင်ပွဲအရပ်ရပ်ရဲ့ သွင်းဂိုး ၂၃ ဂိုးမှာလည်း တိုက်ရိုက်ပတ်သက်မှုရှိခဲ့သူလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)က မန်စီးတီးအသင်းကို ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့် နှစ်ရာသီ ပိတ်ပင်ခဲ့တာကြောင့် တိုက်စစ်မှူး မာရက်ဇ်အနေနဲ့ မန်စီးတီးအသင်းကနေ ထွက်ခွာဖို့ ဆန္ဒရှိလာခဲ့တာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းကလည်း အသင်းရဲ့ အဓိကကစားသမားတွေထဲက အသင်းကနေထွက်ခွာဖို့ သတင်းထွက်ပေါ်နေတဲ့ တိုက်စစ်မှူး နေမာ သို့မဟုတ် တိုက်စစ်မှူး အမ်ဘတ်ပီရဲ့ နေရာမှာ အကောင်းဆုံး အစားထိုးနိုင်မယ့် ကစားသမားအဖြစ် တိုက်စစ်မှူး မာရက်ဇ်ကို ထည့်တွက်ထားတာကြောင့် မာရက်ဇ်ကိုခေါ်ယူဖို့ ပြင်ဆင်နေတယ်လို့ သိရပါတယ်။

တိုက်စစ်မှူး နေမာက အသင်းဟောင်းဘာစီလိုနာအသင်းဆီ ပြောင်းရွှေ့ဖို့ သတင်းတွေထွက်နေတဲ့အပြင် တိုက်စစ်မှူး အမ်ဘတ်ပီကလည်း ရီးယဲလ်မက်ဒရစ်အသင်း သို့မဟုတ် လီဗာပူးအသင်းဆီ ပြောင်းရွှေ့ကစားမယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်နေတာဖြစ်ပါတယ်။

### ❍ မြန်မာ့လက်ရွေးစင်အသင်းမှ

ယင်းခြေစမ်းပွဲကို ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး ပရိသတ်မပါဘဲ ကွင်းပိတ်ကစားမည်ဖြစ်သည်။

MNL နိုင်ငံခြားသားများအသင်းကို လက်ရှိ MNL ပြိုင်ပွဲတွင် ကစားနေသည့် ကစားသမား ၂၆ ဦးအနက် ရွေးချယ်မည်ဖြစ်ပြီး ဒဏ်ရာပြဿနာရှိနေသည့် ရှမ်းတိုက်စစ်မှူး ကိသ်မာတူနာနှင့် ရခိုင်တိုက်စစ်မှူး ဆန်းဒေးမက်သရူးတို့မှာ ပါဝင်နိုင်ဖွယ်မရှိကြောင်း သိရသည်။ MNL ကလပ်အသင်းများသည် ဂိုးသမားနေရာတွင် ပြည်တွင်းဂိုးသမားများကိုသာ အသုံးပြုနေသောကြောင့် MNL နိုင်ငံခြားသားများအသင်းတွင် လက်ရွေးစင်အသင်းမှ ဂိုးသမားတစ်ဦးကသာ တာဝန်ယူကစားရဖွယ်ရှိနေသည်။

#### ယှဉ်ပြိုင်ကစားမည်

မြန်မာ့လက်ရွေးစင်အသင်းကို ကစားသမား ၂၃ ဦးဖြင့် ဖွဲ့စည်းထားသော်လည်း ဟိန်းသီဟဇော်နှင့် ဇင်ဖြိုးအောင်တို့ကို ဒဏ်ရာကြောင့် ပြန်လည်စေလွှတ်ခဲ့သောကြောင့် ၂၁ ဦးသာ ကျန်ရှိတော့ပြီး ဆက်လက်လေ့ကျင့်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယခင်က မတ် ၂၀ ရက်အထိ လေ့ကျင့်ရန် စီစဉ်ထားသော်လည်း ပြည်တွင်းလိဂ်ပွဲစဉ် အပြောင်းအလဲကြောင့် လေ့ကျင့်ရက်လျှော့ချခဲ့သလို ခြေစမ်းပွဲကိုလည်း မတ် ၁၇ ရက်တွင် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကာလတိုလေ့ကျင့်သော်လည်း ကစားသမားများ၏ခြေစွမ်းကိုသိရှိနိုင်ရန် ခြေစမ်းပွဲကစားခြင်းဖြစ်ပြီး MNL တွင် လာရောက်ကစားနေသည့် နိုင်ငံခြားသားကစားသမားများကို အသင်းဖွဲ့ကာ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် **နည်းပြချုပ်**အဖြစ် အန်တွမ်နီဟေး (ဂျာမနီ)၊ **လက်ထောက်နည်းပြများ**အဖြစ် ဦးကြည်လွင်၊ ဦးမင်းထွန်းလင်း၊ ဦးအောင်ကျော်မိုး၊ **ဂိုးနည်းပြ**အဖြစ် ဦးစိုင်းမောင်မောင်ဦး၊ ကစားသမားများအဖြစ် **ဂိုး**–ကျော်ဇင်ထက် (ရန်ကုန်)၊ ကျော်ဇင်ဖြိုး (ရွှေဝတီ)၊ ပြည့်လျှံအောင် (ရတနာပုံ)၊ **နောက်တန်း**– ဒေးဗစ်ဒန်း၊ နန္ဒကျော်၊ ငြိမ်းချမ်း (ရှမ်းယူနိုက်တက်)၊ ဇော်ရဲထွန်း၊ ရဲရင့်အောင် (ရတနာပုံ)၊ သိန်းသန်းဝင်း၊ ထိုက်ထိုက်အောင် (ရန်ကုန်)၊ ကျော်ဇင်လွင် (ရွှေဝတီ)၊ **အလယ်တန်း**– မောင်မောင်လွင်၊ မောင်မောင်ဝင်း (ရန်ကုန်)၊ လွင်မိုးအောင် (ရွှေဝတီ)၊ လှိုင်းဘိုဘို၊ မျိုးကိုထွန်း (ရတနာပုံ)၊ ရန်နိုင်ဦး၊ ထက်ဖြိုးဝေ (ရှမ်းယူနိုက်တက်)၊ **ရှေ့တန်း**– အောင်သူ (ရတနာပုံ)၊ သန်းပိုင် (ရန်ကုန်) နှင့် ပြည်မိုး (မကွေး) တို့ ပါဝင်ကြသည်။

**သတင်း– ရှိုင်းထက်ဇော်၊ ဓာတ်ပုံ–ဘုန်းသော်**

### ❂ MNL–2 ပြိုင်ပွဲမှ

Junior Lions အသင်းသည် ယခုပွဲတွင် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်ပြီး ပထမပိုင်းမှာပင် ခြောက်ဂိုးပြတ်အနိုင်ရနေကာ ဒုတိယပိုင်းတွင် ငါးဂိုးထပ်မံသွင်းယူခဲ့ခြင်းဖြစ်သည်။ Junior Lions အသင်းအတွက် အနိုင်ဂိုးများကို ညီညီက ၁၀၊ ၂၄၊ ၄၁၊ ၅၄၊ ၆၃ မိနစ်တွင် ငါးဂိုး၊ ဇော်ဝင်းသိန်းက ၁၇၊ ၅၃၊ ၆၀ မိနစ်တွင် သုံးဂိုး၊ လမင်းထွေးက ၃၂၊ ၆၈ မိနစ်တွင် နှစ်ဂိုး၊ ဝေယံစိုးက ၁၃ မိနစ်တွင် တစ်ဂိုး သွင်းယူခဲ့သည်။ Junior Lions အသင်းသည် ခြောက်ပွဲကစားအပြီးတွင် ဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံးသို့ ရောက်ရှိလာခဲ့ပြီး နောက်ဆုံးပွဲတွင် အနိမ့်ဆုံးသရေကစားနိုင်ရုံဖြင့် အမှတ်အသာဖြင့် ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။ လက်ရှိအနေအထားအရ ဒုတိယနေရာမှ Chinland အသင်းထက် ဂိုးကွာခြားချက်တွင် နှစ်ဂိုးအသာရထားသောကြောင့် Junior Lions အသင်းအနေဖြင့် ရာသီဝက်ချန်ပီယံဖြစ်ရန် အခြေအနေကောင်းနေသည်။ Junior Lions အသင်းသည် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် စခန်းဝင် လေ့ကျင့်လျက်ရှိသည့် မြန်မာ ယူ–၁၉ အသင်းမှ ကစားသမားများ အတွေ့အကြုံရစေရန် MNL–2 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး ရလဒ်ကောင်းရယူထားနိုင်ခြင်းဖြစ်သည်။

#### အနိုင်ရခဲ့

ပွဲစဉ် (၇) အခြားပွဲတွင် Chinland အသင်းက ကချင်ယူနိုက်တက်အသင်းကို သုံးဂိုး–ဂိုးမရှိ၊ မောရဝတီအသင်းက ငွေကြယ်ပွင့်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပထမအကျော့ပြီးဆုံးရန် တစ်ပွဲသာလိုတော့ပြီး ရွှေ့ဆိုင်းထားသည့် Junior Lions အသင်းနှင့် မြဝတီအသင်းတို့ပွဲကို မတ် ၂၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။ မတ် ၁၅ ရက် ပွဲစဉ်များအပြီးတွင် Junior Lions အသင်းက ခြောက်ပွဲကစား ၁၈ မှတ်ဖြင့် ထိပ်ဆုံးမှဦးဆောင်နေပြီး Chinland အသင်းက ခုနစ်ပွဲကစား ၁၈ မှတ်၊ မြဝတီအသင်းက ခြောက်ပွဲကစား ၁၅ မှတ်၊ တက္ကသိုလ်အသင်းက ခုနစ်ပွဲကစား ၁၀ မှတ်၊ မောရဝတီအသင်းက ခုနစ်ပွဲကစား ကိုးမှတ်၊ ငွေကြယ်ပွင့်အသင်းက ခုနစ်ပွဲကစား ငါးမှတ်၊ ကချင်ယူနိုက်တက်အသင်းက ခုနစ်ပွဲကစား လေးမှတ်ရထားကာ ယောမြေအသင်းမှာမူ ခုနစ်ပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။

**သတင်း– ရှိုင်းထက်ဇော်**
**ဓာတ်ပုံ–MNL**




### ★ ရှုံးထွက်ပြိုင်ပွဲမှ

အပျော်တမ်း အသင်းနှစ်သင်း၏ အားပြိုင်မှုဖြစ်ပြီး ရွှေပြည်သာအသင်းက ဦးဆောင်ဂိုးများသွင်းယူကာ အနိုင်ကစားခဲ့ခြင်းဖြစ်သည်။ ၁၁ မိနစ်တွင် ရွှေပြည်သာအသင်း ဦးဆောင်ဂိုးရခဲ့ပြီး ဉာဏ်လင်းထက်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ၂၁ မိနစ်တွင် ခိုင်စိုးဦးက ဇီးကုန်းအသင်းအတွက် ချေပဂိုး ပြန်သွင်းသော်လည်း ဉာဏ်လင်းထက်က ၃၆ မိနစ်တွင် ရွှေသာအသင်းအတွက် ဒုတိယဂိုးသွင်းယူကာ ပထမပိုင်းအပြီးတွင် နှစ်ဂိုး–တစ်ဂိုးဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်ရရန် ကြိုးပမ်းခဲ့ပြီး ရွှေပြည်သာအသင်းအတွက် တတိယဂိုးကို ၇၄ မိနစ်တွင် စောကာဗလအေးလှက သွင်းယူခဲ့ခြင်းဖြစ်သည်။ ၂၀၂၀ ဘောလုံးရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲကို အသင်းပေါင်း ၂၅ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး အပျော်တမ်းငါးသင်း ယှဉ်ပြိုင်ခွင့်ရထားကာ လေးသင်းထွက်ပေါ်ပြီးဖြစ်သောကြောင့် ရန်ကုန်ပရီမီယာလိဂ်ချန်ပီယံအသင်းသာ ထွက်ပေါ်ရန်ကျန်ရှိတော့သည်။

ရွှေပြည်သာအသင်းသည် ရှုံးထွက်ပြိုင်ပွဲ ပထမအဆင့်တွင် စတင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ငွေကြယ်ပွင့်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

### ❖ ကျောဖုံးမှ

အဆိုပါပဲများမှာ ပေါ်ဦးပေါ်ဖျား စတင်ထွက်ရှိလာသည့် ဇန်နဝါရီလအတွင်းက သုံးတင်းဝင်တစ်အိတ်လျှင် ထောပတ်ပဲ (အကြီး)မှာ ငွေကျပ် တစ်သိန်းနှုန်းဖြင့်လည်းကောင်း၊ ထောပတ်ပဲ(အသေး)မှာ ငွေကျပ် ခြောက်သောင်းနှုန်းဖြင့်လည်းကောင်း အဖွင့်ဈေးစခဲ့ပြီး ယခုလှိုင်လှိုင်ပေါ်ချိန်တွင် ထောပတ်ပဲ(အကြီး)မှာ ငွေကျပ် ရှစ်သောင်းနှုန်းဖြင့်လည်းကောင်း၊ ထောပတ်ပဲ(အသေး)မှာ ငါးသောင်းရှစ်ထောင်နှုန်းဖြင့်လည်းကောင်း၊ တရုတ်ဝယ်လက်များက ဈေးပေးဝယ်ယူလျက်ရှိသည်။

"ထောပတ်ပဲက ပြည်တွင်းမှာစားသုံးသလို ပြည်ပပို့ကုန်အဖြစ်လည်း အထွက်နှုန်းရဲ့ ၈၀ ရာခိုင်နှုန်းကို တင်ပို့ရောင်းချနေရတယ်။ ထောပတ်ပဲ(အကြီး)ကို ဂျပန်နိုင်ငံကနှစ်စဉ်ဝယ်ယူလေ့ရှိပြီး တရုတ်နိုင်ငံကတော့ အကြီးရော၊ အသေးရော ပုံမှန်ဝယ်ယူနေကြတယ်။ လက်ရှိဈေးကွက်မှာလည်း တရုတ်ဝယ်လက်တွေနဲ့ ရန်ကုန်ဝယ်လက်တွေ အပြိုင်ဝယ်ယူနေကြတယ်"ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ) ကပြောသည်။

ယခုကာလ၌ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ COVID–19 ရောဂါဂယက်ကြောင့် ပဲဈေးနှုန်းများ ကျဆင်းကာ အရောင်းအဝယ်များ အေးစက်နေသော်လည်း ထောပတ်ပဲမှာမူ တရုတ်ငွေကြေး အနည်းငယ်မြင့်တက်လာမှုကြောင့် လက်ရှိအချိန်တွင် ဝယ်လိုအားပိုမိုကောင်းမွန်ကာ ဈေးနှုန်းမှာလည်း ထင်သလောက် ကျဆင်းမှုမရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထောပတ်ပဲကို မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင် တစ်ရာသီသာ စိုက်ပျိုးကြပြီး နိုင်ငံတော်မှ ပြည်ပပို့ကုန်အဖြစ် အထွက်နှုန်းတိုးစေရန် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နွားထိုးကြီးနှင့် မလှိုင်မြို့နယ်များတွင် စံပြစိုက်ခင်းများဖြင့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး YMBA (YOUNG MEN'S BUDDHIST ASSOCIATION) မှ ပျော်ဘွယ်မြို့နယ် YMBA အသင်းခွဲ (၃၅) ဥက္ကဋ္ဌဖြစ်သူ **ဦးသန်းလွင် (မင်္ဂလဓမ္မဇောတိကဓဇ)**အား YMBA ၏ တစ်ဆင့်မြင့်ဘွဲ့ဖြစ်သော **"မဟာမင်္ဂလဓမ္မဇောတိကဓဇ"** ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် YMBA အသင်းကြီး၏ မွန်မြတ်သော ဆောင်ပုဒ်ဖြစ်သည့် **"အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာရေး"** များကို ကျွန်ုပ်တို့နှင့်အတူ ဆတက်ထမ်းပိုးအစဉ်ကြိုးပမ်း ဆောင်ရွက်သွားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ပျော်ဘွယ်မြို့နယ် YMBA အသင်းခွဲ(၃၅)**
**ပျော်ဘွယ်မြို့နယ်"ပိဋ္ဋကပါတ" ဆွမ်းလောင်းအသင်း အဖွဲ့ဝင်များ**

## မွေးနေ့ဆုမွန်လွှာ

သားသမီးများကို လောကအလယ်တွင် ကောင်းမွန်စွာ ရပ်တည်နိုင်စေရန် ပြုစုပျိုးထောင်ခဲ့ပြီး ယနေ့တိုင်အောင် လမ်းညွှန်ပေး၍ ကုသိုလ်ပြုခွင့်ပေးနေသော ကျေးဇူးရှင်ဖခင်ကြီး ဦးဝင်းမောင်၏ အသက်(၈၂)နှစ် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် မေမေ ဒေါ်ခင်ညွန့်နှင့်အတူ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးကို ဆောင်ရွက်နိုင်သော ပုဂ္ဂိုလ်များ ဖြစ်ကြပါစေဟု ဆုမွန်ကောင်းတောင်းလျက်_

**သားသမီးများ**

(၁) ဦးမျိုးမြင့်မောင်၊ ဒေါ်ခင်မြတ်မြတ်ထွေး
(၂) ဦးသက်နိုင်ဝင်း
(၃) ဦးရဲခိုင်ဝင်း
(၄) ဦးဘုန်းမြင့်မောင်
(၅) ဦးသက်ရွှေ၊ ဒေါ်ခိုင်လဲ့ဝင်း
(၆) ဦးကျော်ခိုင်ဝင်း၊ ဒေါ်ခင်ဖြူဖြူမြတ်





**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**မြန်မာ့ဆေးဝါးလုပ်ငန်း**
**ဆေးဝါးကုန်ကြမ်း(၃)မျိုး၊ Aluminium Foil(၂)မျိုးနှင့်**
**PVC Reel (၁)မျိုး အဝယ်တင်ဒါ**

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့် အရေအတွက်

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| (၁) | ဆေးဝါးကုန်ကြမ်း(၃)မျိုး | |
| | - AL-hydrogel | ၅၀ ကီလို |
| | - Pepsin (1:10000) | ၃၀ ကီလို |
| | - Caprylic Acid(or) Octonic Acid(AR) | ၅၀၀ ကီလို |
| (၂) | Aluminium Foil (၂)မျိုးနှင့် PVC Reel(၁)မျိုး | |
| | - Aluminium Foil(Printed) | ၈၂၀ ကီလို |
| | - Aluminium Foil(Plain) | ၄,၀၀၀ ကီလို |
| | - PVC Reel | ၁,၆၀၀ ကီလို |

၂။ တင်ဒါပိတ်ရက်နှင့်အချိန် - ၈-၄-၂၀၂၀ရက်၊ မွန်းလွဲ ၄:၀၀ နာရီ
၃။ ပစ္စည်းပေးသွင်းရမည့်စက်ရုံ - ဆေးဝါးစက်ရုံ(အင်းစိန်)
၄။ တင်ဒါပေးသွင်းရမည့်နေရာ - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။
၅။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**တယ်လီဖုန်းအမှတ်**

မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)
စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ၀၆၇၃-၄၀၈၃၈၈
ရုံးအမှတ်(၃၇)၊ နေပြည်တော် ၀၆၇၃-၄၀၈၃၅၄



## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
## အင်ဂျင်နီယာသင်တန်းသားများ
## အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၉-၃-၂၀၂၀** ရက်နေ့မှ စတင်၍ **၂၃-၅-၂၀၂၀** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၂၀ ပြည့်နှစ်၊ မေလ ၂၄ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၆-၆-၂၀၂၀** မှ **၂၇-၆-၂၀၂၀** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။


(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

# MPT SIM Card မှတ်ပုံတင်ခြင်း နည်းလမ်း

MPT

မိမိတို့သုံးစွဲနေသော SIM Card များသည် မိမိနာမည်၊ မိမိနိုင်ငံသားစိစစ်ရေးကတ်ဖြင့် မှတ်ပုံတင်ထားခြင်း ဟုတ်၊ မဟုတ်ကို *601# သို့ခေါ်ဆို၍ စစ်ဆေးနိုင်ပါသည်။



(၁) *601# ကိုနှိပ်ပါ

(၂) Message ကို ဝင်ဖတ်ရှုပါမည်။

(အချက်အလက်များမှန်ကန်မှုမရှိပါက ဖော်ပြထားသော Link ထဲဝင်ပြင်ပါ) (အင်တာနက်ဖွင့်ထားရန်)

(၃) အထက်တွင် ဖော်ပြထားသော အချက်အလက်များကို ဖြည့်သွင်းပြီးပါက "တင်သွင်းသည်" ကို နှိပ်လိုက်ပါ။

(၄) "အောင်မြင်စွာပြင်ဆင်ပြီးဖြစ်ပါသည်" စာတိုပေါ်လာမည် ဖြစ်သည်။

အထက်တွင်ဖော်ပြထားသော နည်းလမ်းအပြင် အောက်ပါ နည်းလမ်းများဖြင့်လည်း စိစစ်ပြင်ဆင်နိုင်မည်ဖြစ်သည်။

၁) MPT ၏ Customer Self-care ဝက်ဘ်ဆိုက်ဖြစ်သည့် care.mpt.com.mm

၂) MPT Ownshop များ (နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့် SIM Card ယူဆောင်လာရပါမည်)

၃) MPT Branded Shop များ (နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့် SIM Card ယူဆောင်လာရပါမည်)

၄) MPT Call Centre ဖြစ်သည့် 106 သို့ ခေါ်ဆို၍ SIM Card မှတ်ပုံတင်ခြင်းနှင့်ပတ်သက်ပြီး အသေးစိတ် မေးမြန်းနိုင်မည်ဖြစ်သည်။

MPT သုံးစွဲသူမိတ်ဆွေများအနေဖြင့် ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားချက်အရ မိုဘိုင်းလ်ဖုန်းသုံးစွဲသူများသည် SIM Card များကို မိမိနာမည်၊ မိမိနိုင်ငံသားစိစစ်ရေးကတ်ဖြင့် အချက်အလက်ပြည့်စုံမှန်ကန်စွာဖြည့်သွင်း၍ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၃၀) ရက်နေ့ နောက်ဆုံးထား မှတ်ပုံတင်ရန် လိုအပ်မည်ဖြစ်သည်။

၂၀၁၉ ခုနှစ် ဧပြီလ (၁) ရက်နေ့မှ စတင်၍ နိုင်ငံသားစိစစ်ရေးကတ် ၁ ခုလျှင် SIM Card (၂)ခုသာ ဝယ်ယူကိုင်ဆောင်နိုင်မည်ဖြစ်ပါသည်

အသေးစိတ်သိရှိလိုပါက

www.mpt.com.mm www.facebook.com/mptofficialpage

CALL CENTER 106 call free 24 hours everyday

## လှုပ်လှုပ်ရှားရှား အားကစား

■ **အာဆင်နယ်အသင်းက အူဘာမေယန်အား စာချုပ်သစ်အတွက် သဘောတူညီမှုမရပါက ရောင်းချရန်အသင့်ရှိဟုဆို**

စာမျက်နှာ » ၂၀

### MNL-2 ပြိုင်ပွဲတွင် Junior Lions အသင်း ခြောက်ပွဲဆက်နိုင်

ရန်ကုန် မတ် ၁၅

၂၀၂၀ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၇) ကို မတ် ၁၄၊ ၁၅ ရက်က ကျင်းပရာ Junior Lions အသင်း ခြောက်ပွဲဆက် အနိုင်ရပြီး ဇယားထိပ်ဆုံးသို့ ရောက်ရှိခဲ့သည်။

Junior Lions အသင်းသည် ယောမြေအသင်းကို ခြေအသာဖြင့်ကစားကာ ၁၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

စာမျက်နှာ ၂၀ ကော်လံ ၃ သို့ ❂



မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်နေစဉ်။

### မြန်မာ့လက်ရွေးစင်အသင်းနှင့် MNL နိုင်ငံခြားသားများအသင်း ခြေစမ်းပွဲကစားမည်

ရန်ကုန် မတ် ၁၅

နိုင်ငံတကာပြိုင်ပွဲများအတွက် ကာလတိုလေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၁၇ ရက်တွင် MNL နိုင်ငံခြားသားများအသင်းနှင့် ကွင်းပိတ်ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❍

### ရှုံးထွက်ပြိုင်ပွဲဝင်ခွင့်အတွက် Play-off ပွဲတွင် ရွှေပြည်သာအသင်း အနိုင်ရ

ရန်ကုန် မတ် ၁၅

၂၀၂၀ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဝင်ခွင့်အတွက် Play-off ပွဲကို ယနေ့ညနေပိုင်းက စလင်းကွင်း၌ ကျင်းပရာ ရွှေပြည်သာအသင်း နိုင်ပွဲရယူပြီး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ ရွှေပြည်သာအသင်းသည် ဇီးကုန်းအသင်းနှင့် တွေ့ဆုံခဲ့ပြီး သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ရှုံးထွက်ပြိုင်ပွဲတွင် အပျော်တမ်းအသင်းငါးသင်းကို ယှဉ်ပြိုင်ခွင့်ပြုထားပြီး တစ်နေရာအတွက် ရန်ကုန်လိဂ်တွင် တတိယရသည့် ရွှေပြည်သာအသင်းနှင့် ရန်ကုန်ပရီမီယာလိဂ် FA Cup ချန်ပီယံ ဇီးကုန်းအသင်းတို့ Play-off ကစားရခြင်းဖြစ်သည်။

စာမျက်နှာ ၂၀ ကော်လံ ၃ သို့ ★



ရွှေပြည်သာအသင်းနှင့် ဇီးကုန်းအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။
ဓာတ်ပုံ( Yangon Premier League -facebook page)

### စစ်ကိုင်းတိုင်းဒေသကြီးမှပျားရည် တန်ချိန် ၃၀၀၀ နိုင်ငံတကာသို့ နှစ်စဉ်တင်ပို့ရောင်းချလျက်ရှိ

ကလေး မတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပျားမွေးမြူရေးလုပ်ငန်းများမှ နှစ်စဉ်ထွက်ရှိသည့် ပျားရည်တန်ချိန် ၃၀၀၀ ကို နိုင်ငံတကာသို့ တင်ပို့ရောင်းချလျက်ရှိပြီး ကလေးဒေသထွက် နေကြာပျားရည်မှာ ကနေဒါနိုင်ငံ မွန်ထရီမြို့၌ ကျင်းပသည့်

စာမျက်နှာ ၄ ကော်လံ ၃ သို့ ◆

### ထောပတ်ပဲများ မန္တလေးဈေးကွက်သို့ ဝင်ရောက်

မန္တလေး မတ် ၁၅

ယခုရာသီတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်၊ နွားထိုးကြီးမြို့နယ်များနှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူ၊ စလင်းနှင့် ပွင့်ဖြူစသည့် ဒေသမျိုးစုံမှ အပြိုင်ထွက်ရှိလာသည့် ထောပတ်ပဲများ မန္တလေးဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာကာ အရောင်းသွက်လျက်ရှိကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❖



## ကြေးမုံ ယနေ့ ဖတ်စရာ

■ ငွေရတု၊ ရွှေရတု၊ စိန်ရတုမှသည် ရာပြည့်ပေါင်းများစွာတိုင် ..... စာမျက်နှာ » ၁၀

■ နိုင်ငံတကာမှ ရောက်ရှိလာသူအားလုံးကို တရုတ်အစိုးရက သီးခြားထားရှိမည့်နေရာများသို့ပို့ဆောင်မည် စာမျက်နှာ » ၁၂

■ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု တားဆီးထိန်းချုပ်ရန် ဂျပန်နှင့် ဗြိတိန် ပူးပေါင်းဆောင်ရွက်မည် စာမျက်နှာ » ၁၃



■ နေပြည်တော်၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနား ကျင်းပ စာမျက်နှာ » ၁၇

